
www.burmeseclassic.com



www.burmeseclassic.com

### ၄င်းတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ၄င်းအရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ၄င်းအရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ၄င်းအရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မိန်းကလေး

# အနီးအနားမှာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူးတာပေ)
အမှတ် ၅၂၀(က)၊ အခန်း (၄)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရှင် (မြ-၀၉၄၁၇) (ရွှေခြေသံပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ အော/အောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းဇော်ကြည်
အတွင်းဖလင်
ကိုဖေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ် ဩဂုတ်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
နိုင်ဝင်းတာပေ
ဖုန်း - ၀၁- ၂၉၀၉၉၉

၈၉၅ • ၈၃
မိန်းကလေး
အနီးအနားမှာ / မိန်းကလေး ။ - ရန်ကုန်၊
ချူးတာပေ ၊ ၂၀၁၃ ။
၂၆၄ - စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) အနီးအနားမှာ

BURMESE CLASSIC .com

## အခန်း (၁)

"ဟင်"

အိမ်ရှေ့မှာ အမိုးတန်းဖိမ်ခံကားကြီး ရပ်ထားတာ လှမ်းမြင်လျှင် အနီးမျက်လုံးလှလှလေး ဝိုင်းသွားသည်။

ငွေမင်ရောင် ဖိတ်ဖိတ်တောက်နေသော ပါရာဒိုကားသစ်ကြီး ဆယ်။ ဘာကြောင့် အိမ်ရှေ့ရပ်နေရတာလဲ။ လမ်းထဲက ကလေးတချို့ ထိုင်ကြည့်နေသလို ပတ်ဝန်းကျင်အိမ်များမှ လူကြီးတွေလည်း ခေါင်းတင် တစ်မျိုး၊ မသိမသာတစ်မျိုး ကြည့်နေကြသည်က အထူးအဆန်းရယ်။

ဟုတ်တော့လည်း ဟုတ်တယ်လေ။

အနီးလေးတို့ရပ်ကွက်က လက်လုပ်လက်စားနဲ့ ပုံကျစျေးသည်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချည်။ ဘတ္တစ်ကားဂေါင် လာဆိုက်ဖို့ ဝေးစွ။

ခုလို ဗိမ်ခံကားကြီး အိမ်ရှေ့တည့်တည့် လာဆိုက်ထားတော့-

"အနီ"

ခေါ်သံကြောင့် အနီအတွေးစလေး ပြတ်သွားသည်။ လှည့်ကြည့်

လိုက်တော့ လမ်းတစ်ဖက် မျက်စောင်းထိုးအိမ်မှ ထွက်လာတဲ့ ပန်းသူဇာ

"ဘယ်သူလဲ အနီ"

ကားသစ်ကြီးကို မျက်စနဲ့ပြရင်း ပန်းသူဇာ ဒဲ့မေးသည်။ အနီ

ချက်ချင်း ခေါင်းယမ်းပြီး –

"သိဘူးလေ၊ အနီ ခုမှအလုပ်ကပြန်လာတာ။ ကားကြီးရပ်ထား

တာမြင်လို့ အံ့သြနေတာ"

အနီပြောရင်း သူဇာတို့ဘက်ခြမ်း ကူးသွားသည်။

"ရောက်နေတာ တစ်နာရီလောက်ရှိပြီးဟဲ့၊ ကားပေါ်ကနေ

မိန်းမကြီးတစ်ယောက် ဆင်းလာပြီး အနီတို့အိမ်ထဲ တန်းဝင်သွားတာ

ဟယ်၊ အနီ့အမေနဲ့လည်း တွေ့ရော ဖက်လှဲတကင်းနဲ့ အိမ်ပေါ်တက်သွား

ပြီး စကားပြောနေတာ ခုချိန်ထိ၊ ပြီးတော့ မိန်းမကြီးက အရမ်းလှတာ

နတ်မိမယ်ကြီးကျနေတာပဲ၊ ဝတ်ထားတာက ကောင်းမှ ညွှတ်မှဆိုတာ

ချည်း"

"ဒါတင် ဘယ်ကမလဲ မိသူဇာရယ်၊ ပလက်တီနမ်နဲ့စိန်တွေ

ချည်း ဝတ်ထားတာများ တစ်ကိုယ်လုံးမှာ အသီးသီးနေသလိုပဲကွဲ့၊ ဟင်





ဆင့် ဟင့်"

အနီ့ကို သူဇာ ဖောက်သည်ချပြောလျှင် သူဇာတို့ဘေးအိမ်က

ဆုကလည်း အားကျသံကြီးနဲ့ ဖြည့်စွက်ပြောပြန်သည်။

"ဟုတ်တယ် အနီ ဟုတ်တယ်၊ နောက်ပြီး အနီ့အမေနဲ့

အကယ့်ကို ငယ်ပေါင်းကြီးဖော်တွေလိုပဲ၊ ရင်းရင်းနှီးနှီး ရှိလိုက်တာဟယ်၊

ဆော ဟော ပြောရင်းဆိုရင်း အိမ်ပေါ်က ဆင်းလာနေပြီ"

သူဇာ့စကား မဆုံးသေးပါ။ အနီလေး လှည့်ကြည့်လိုက်သည်။

ဟုတ်ပါရဲ့။ ဖက်စိမ်းရောင်နဲ့ အဝါနုရောင် ရောစပ်ချုပ်ထားတဲ့ ခေတ်

ဆတ်ရှင်နဲ့။

မေမေ့လို နေလောင်အသားနဲ့ ခြောက်ကပ်မနေ။ ပြည့်ဖြိုး

ကြွကာ သူဌေးမကြီး ပီသနေသည်။ မျက်နှာကအစ ပြည့်ဝန်းပြီး

နှုတ်ခမ်းလေးတွေ၊ ပါးလေးတွေကအစ ဆေးသားနဲ့အရောင်အသွေး

တောက်ကြွလျက်လို့လေ။

အကောင်းစား သားရေအိတ်ကြီးကို လက်မှာချိတ်ပြီး ဆင်းလာ

တဲ့ ဟန်က မိဖုရားတစ်ပါးနှယ် ခမ်းနားနေသည်။ လက်တစ်ဖက်က

ဆမေ့လက်မောင်းပိန်ပိန်လေးကို ကိုင်ထားကာ အမျှင်မပြတ်သေးတဲ့

စကားတွေ ပြောနေဆဲ။

ဝိုင်းကြည့်နေတဲ့ ကလေးတွေ ထိုမိန်းမကြီးကို မြင်တာနဲ့ ရှဲ

သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနှုတ်ဆက်ရင်းတန်းလန်းနဲ့ ကားပေါ်တက်သည်။ မေမေက ကားနားထိ လိုက်ပို့ကာ ဝမ်းသာအယ်လဲ နှုတ်ဆက်ရင်း ပါးစပ်မပိတ်နိုင်လောက်အောင် ရှိနေသည်။

ထိုနုတ်မိမယ်ကြီးနဲ့ စကားပြောနေတဲ့ မေမေ့စိတ်က ပတ်ဝန်းကျင်ကိုလည်း မေ့၊ အားလုံးကိုလည်း မေ့နဲ့။

အနီလေးအလုပ်ကပြန်ချိန်တိုင်း လာလမ်းဘက် မျှော်နေတတ်တဲ့ မေမေ့မျက်လုံးဟာ ခုတော့ ထိုအမျိုးသမီးကြီးဆီမှာ။

ဒရိုင်ဘာ ကားမောင်းထွက်သွားသည်အထိ မေမေ မျက်လုံးက ထိုကားနောက်ပါသွားသည်။

ထိုကား မြင်ကွင်းထဲက ပျောက်သွားတာတောင် မေမေ့မျက်လုံးက ထိုကားကိုပဲ အာရုံနဲ့ကြည့်နေသလို။

"ဟဲ့ အနီလေး၊ အနီလေးအမေ ခုထိကြည့်နေသေးတယ်တော့။ လာ ဘယ်သူလဲဆိုတာ-သွားမေးရအောင်လား"

"မေးရမှာပေါ့ ဟဲ့ တကတည်း"

သူဇာပြောသံနောက်က မစုလည်း အားတက်သရောပြောကာ-

"လာ အနီ"

အနီ့ကို တစ်ယောက်တစ်ဖက် လက်ဆွဲခေါ်ကြသည်။

"ကဲပါ နင်တို့ပဲ သွားမေးကြပါ၊ အနီ ဒေါ်ဒေါ်ခင့်ဆီ သွားလိုက်ဦးမယ်၊ ရော့ ထမင်းချိုင့် ယူသွားပေး"





အနီ စတီးထမင်းချိုင့်ကို သူဇာ့လက်ထဲ ထည့်ပေးလိုက်သည်။ မေမေက သူ့အာရုံနဲ့သူ အိမ်ထဲဝင်သွား၏။

ဟုတ်ပါတယ်။ မေမေက အားလုံးကို မေ့နေပါပြီ။ အနီလေးဘတော့ ဘာကိုမှ မေ့နေလို့ မရပါဘူးကွယ်။

သူဇာ့လက်ထဲ ထမင်းချိုင့်ထည့်ပေးပြီးသည်နှင့် အနောက်ဘက်ယမ်းက အပ်ချုပ်ထည် ဒေါ်ဒေါ်ခင့်အိမ် ခြေဦးလှည့်ရသည်။

မစုနဲ့သူဇာက အားလုံးထက် အရင်သိလိုလှတာမို့ အနီ့ကိုလည်း တားမနေ၊ အနီက တားလို့ရမှာ မဟုတ်။

ထုံးစံအတိုင်း အလုပ်ကပြန်ရင် ထမင်းချိုင့်ထားပြီး ဒေါ်ဒေါ်ခင့်ဆီ သွားနေကြ။

ဒေါ်ဒေါ်ခင်ခိုင်းတဲ့အတိုင်း ချုပ်ထားတဲ့အကျီတွေမှာ စီးကွင်းနဲ့ ဆိုဖို့ အလုပ်ကို အိမ်ယူလာပြီး ညဘက်ဆို အလုပ်လေး တကုပ်ကုပ် လုပ်ရသေးတယ် မဟုတ်လား။

ဒါကြောင့် ထမင်းချိုင့် သူဇာ့လက်ထဲ လှမ်းကြို့ထည့်ပေးပြီးသည်နှင့် ဒေါ်ဒေါ်ခင့်အိမ် ထွက်ခဲ့ခြင်း။

စောစောက နုတ်မိမယ်ကြီးလို အနီတို့ဘဝ တောက်ပြောင်နေတာ မဟုတ်ဘူးလေ၊

အနီ့ဘဝ ဘာဆိုတာ အနီသိတယ်၊

အဖေက ဆိုက်ကားနင်း၊ အမေက ကျောင်းဈေးရောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အမှိုးအောက်မှာ ခေါင်းမသုံးယောက် ထပ်ရှိသေးတယ်၊

ဒီသာစု တဝတ်နေရေးပြေလည်ဖို့ အနီက ဟိုတက်ရပ်ကွက်က ဘယ်သိုမှန်းဆက်တဲ့အိမ်မှာ တယ်လီဖုန်းခေါ်ပေးတဲ့အလုပ် တစ်နေ့ကုန်သွားလုပ်၊ ညကျရင် ခေါ်ခေါ်ခင့်အထည်တွေ စီးကွင်းနို့ထိုး။

ညမှာ သူများတွေလို ကိုရီးယားကားကြည့်ပြီး အငြိမ့်မနေနိုင်ပါ။ စိမ်ခံကြည့်စရာ ဘာစက်မှလည်း မရှိဘူး၊

ကြည့်ချင်ရင် အနီတို့လမ်းထဲက အပေါ်စက် စီဒီစက်ရှိတဲ့အိမ် ဘယ်အိမ်ဖြစ်ဖြစ် တက်ကြည့်။ ပြီးတာပါပဲ၊

တစ်ခါတလေ မိုစုတို့နဲ့ သူဇာ့အဒေါ်အိမ်မှာ သွားကြည့်ဖူးတယ်ဒါလည်း ဆယ်ရေးတစ်ရေးပါ။

ခေါ်ခေါ်ခင့်ဆီက စီးကွင်းနန့်ထိုးရမယ့်အထည် မရတဲ့ညမျိုးပေါ့ ဒီညအတွက် အထည်ရလာတော့ အနီလက်လေး လှုပ်ရဦးမယ် အနီတို့ဘဝက လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝ။ ဘာတတ်နိုင်မလဲ၊ ကံပေါ့။

✿ ✿ ✿



## အခန်း (၂)

"ကံကောင်းတယ် သမီးရယ်၊ မေမေတော့ သိပ်ကံကောင်းတယ်လို့ ယူဆတယ်ကွယ်"

"မေမေ့ကို အနီလေး ငေးကြည့်နေမိသည်။ မယုံသလိုလို ယုံသလိုလိုနှင့်။ မေမေ့မျက်နှာက ငွေလမင်း အစင်းတစ်ရာသာနေသည့်နှယ်။

"သမီး ဝမ်းမသာဘူးလားဟင်"

လက်ချုပ်အစ်ကိုင်ထားတဲ့ အနီလေးလက်ကို မေမေ အားပါးတရ ဆုပ်ကိုင်လှုပ်ခါမေးလေသည်။

အနီလေး ဘာပြန်ဖြေရမှန်းမသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမရှိန်က သမီးကိုခေါ်ထားချင်တယ်တဲ့၊ မေမေကတော့ မမရှိန့်သဘောလို့ ပြောလိုက်တယ် သမီးရယ်၊ မမရှိန်က သိပ်ပြီး သဘောကောင်းတာ။ ပြီးတော့ ရက်လည်းရက်ရောတယ်၊ မမရှိန်နဲ့အတူ နေလာတဲ့ မေမေက မမရှိန်စိတ်ကို သိတာပေါ့"

ဒေါ်လေးလေးခင် ပြောနေရင်း မျက်လုံးထဲက တကယ်မြင်လာသည်။ ထိုစဉ်က မမရှိန်ဟာ တစ်ပင်တိုင် မင်းသမီးလေးပါ။

လေးခင်က မမရှိန်တို့တိုက်ကြီးမှာ လခစားအလုပ်သမလေး။ မမရှိန်ခိုင်းစေသမျှ လေးခင်ပဲ တာဝန်လုပ်ပေးရတယ်လေ။ နောက်ပြီး အလုပ်သမားရယ်လို့လည်း ခွဲခွဲခြားခြား မဆက်ဆံပေ။ ရွယ်တူချင်းမို့ သူငယ်ချင်းပေါင်း ပေါင်းသည်။

မမရှိန်ဘွဲ့ရပြီးတော့ မမရှိန်တို့ တစ်မိသားစုလုံး အင်္ဂလန် ပြောင်းကြတော့ လေးခင်တို့နဲ့ အဆက်ပြတ်သွားတော့သည်။

လေးခင်ကတော့ ထုံးစံအတိုင်း မှန့်လေးပဲလေးလုပ်ရောင်းရင်း ကိုမောင်မောင်နဲ့ ချစ်ကြိုက်ပြီး ယူဖြစ်တာပေါ့။

ကိုယ့်လင် ကိုယ့်သားသမီးနဲ့ ဖြစ်နေတော့ စားဝတ်နေရေး လုံးပန်းနေရတာနဲ့ မမရှိန်ကိုပင် မေ့တော့တော့ရယ်။

မနေ့က မမရှိန် ဗျူတီပါလာသွားရင်း လေးခင်တို့နဲ့ အလုပ်တူတူလုပ်ခဲ့ဖူးတဲ့ မမယ်၊ အဲ ဒေါ်မယ်နဲ့တွေ့သတဲ့။ မမယ်က ထိုဗျူတီ ပါလာမှာ သန့်ရှင်းရေးဝန်ထမ်းလုပ်နေတာလေ။





မမယ်ကိုတွေ့တာနဲ့ မမရှိန်က လေးခင်အကြောင်း မေးသတဲ့။ မမယ်ပြောပြလိုက်လို့ မမရှိန်က လေးခင်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်လာခဲ့ခြင်း။

ရောက်လာပြီး စကားတွေပြောတာ ရေပက်မဝင်။

မမရှိန် အင်္ဂလန်မှာပဲ အိမ်ထောင်ကျပြီး သားသမီးအမြွှာ မွေးသတဲ့၊ ထိုအမြွှာသားနဲ့သမီးက သမီးထက် သုံးနှစ်လောက် ကြီးတယ် ဆိုပဲ။

အင်းလေ ကြီးမှာပေါ့။ လေးခင်က ကိုမောင်မောင်နဲ့ ချစ်ကြိုက်တာ လေးနှစ်နီးပါး။ နှစ်ဖက်မိဘက သူလိုကိုယ်လို လက်လုပ်လက်စား။

ယူပြီးရင် ဘယ်မိဘအိမ်မှာမှ မှီခိုနေဖို့မလွယ်။

အရင်ဆုံး အိမ်ခန်းကျဉ်းကျဉ်းလေး ဝယ်မယ်ပေါ့။ ချစ်သူဘဝ တိုင်တိုင်ပင်ပင်ပဲလုပ် ငွေစု။

ငွေက တိုးလာလေ၊ အိမ်ခန်းကျဉ်းကျဉ်း ဈေးခုန်တက်လေ။ ဒီလိုနဲ့ ချစ်သူချင်းပေါင်းဖို့ နှောင့်နှေးနေခဲ့တာပေါ့။

နောက်ဆုံး ကိုမောင်က သည်းမခံချင်တော့ဘူး။ ယူကြမယ်လို့ ဆုံးဖြတ်ပါလေရော။ လေးခင်ကလည်း ချစ်သူနဲ့ပေါင်းချင်တာပေါ့။ ဒါနဲ့ပဲ အိမ်ခန်းကျဉ်းလေးကို မဝယ်နိုင်ခဲ့ဘူး။ ရှိတဲ့ငွေလေးနဲ့ အိမ်လေးငှားလိုက်တယ်။

မင်္ဂလာအဝတ်၊ ခန်းဝင်ပစ္စည်း အခေါ်စားလေးဝယ်၊ ရွှေးလေး



www.burmeseclassic.com

www.burmeseclassic.com



ကျွေးပြီး မဂ်လာကိစ္စ ပြီးသွားတယ်။ ဒါပေမဲ့ လက်ထဲမှာ ငွေတစ်ပြားမှ မကျန်တော့ဘူး။

ဒီလိုနဲ့ လင်မယားနှစ်ယောက် မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ရင်း သားသမီးတွေ ပွားစီးလာတော့ အိမ်ဝယ်မယ်ဆိုတဲ့ စိတ်ကူးက ကြက်ပျောက်၊ ငှက်ပျောက်။

သားသမီးတွေ နေ့ဖို့ညစာမှန်ဖို့ ရုန်းကန်နေရတဲ့ဘဝက ဖတ်ဖတ်ကိုမောလျက်။

မမရှိန်တို့က လေးခင်တို့လို မဟုတ်ပါ။

ဟိုရောက်တာပြီး လပိုင်းမခြားဘူး။ ယောက်ျားတန်းရတာပဲ။ ပြီးတော့ ကလေးအမြွှာမွေးပြီး နောက်ထပ်လည်း သားသမီးမယူတော့ဘူး။

မမရှိန်တို့ မိဘနှစ်ပါးလည်း ဟိုမှာပဲဆုံးကုန်တော့ မမရှိန်တို့ နောက်ကြောင်းပြန်မလှည့်နိုင်တော့ပါ။

မမရှိန်ယောက်ျားက ကျောက်မျက်ကုမ္ပဏီတစ်ခုရဲ့ အရေးပါတဲ့ ပုဂ္ဂိုလ်။ ငွေအရှာကောင်းတော့ မမရှိန်တို့ ဟိုမှာပဲ အခြေကျနေကာ မမရှိန်ယောက်ျား ကုမ္ပဏီက အလုပ်နားလိုက်သည့်မှ ဒီကိုပြန်လာတာ တစ်နှစ်လောက်ရှိပြီတဲ့။

လေးခင်ကို လာလာချင်း စုံစမ်းသတဲ့။ နောက်မှ မမယ်နဲ့ မမျှော်လင့်ဘဲ ဆုံခါမှ လေးခင်တို့လိပ်စာသိတာနဲ့ ချက်ချင်းလာခဲ့တာ လေ။





လေးခင်ကို မမရှိန်က ပြန်ခေါ်ပါတယ်။ လေးခင်သွားနေဖို့က မလွယ်။ အပျိုတုန်းကလို လွတ်လွတ်လပ်လပ်မှ မဟုတ်တာ။ လင်နဲ့ သားသမီးတွေနဲ့။

အဲဒါနဲ့ သမီးလေးကို မမရှိန်တို့ဆီမှာ ထားပါလားတဲ့။ သမီးက ဆယ်တန်းအောင်ထားတယ် မဟုတ်လား။ အခြေအနေမပေးလို့ ကျောင်း ဆက်နိုင်ဘူးလေ။

သမီးအကြီးပိပိ၊ အောက်ကရှိတဲ့အငယ်တွေကို ငဲ့ညှာတာလည်း ပါတာပေါ့။ ခုလို မမရှိန် ဘွားခနဲပေါ်လာတဲ့အပေါ်မှာ သမီးကြီး ပညာ ဆက်သင်နိုင်မယ့် အခွင့်အရေးရတာလေ။

ဘယ်လောက်ကံကောင်းလိုက်သလဲ။

"ဟုတ်ရဲ့လား မေမေရယ်"

"အော် အေး၊ မမရှိန်က ထုတ်ပြောတာပါ၊ သမီးလေး ကျောင်း ဆက်တက်ပေါ့တဲ့၊ ကျောင်းသွားချိန်သွား၊ အားရင်တော့ မမရှိန်တို့နိုင်း တာလေး နည်းနည်းပါးပါး ဝိုင်းလုပ်ပေးလိုက်ပေါ့ သမီးရယ်၊ ဒီအခွင့် အရေးရဖို့ မလွယ်ဘူး သမီးရဲ့"

"ဖေဖေက ပေးသွားပါ့မလား"

"သမီးဖေဖေကလည်း မေမေ့သဘောအတိုင်းပါကွယ်၊ သမီး ကျောင်းဆက်တက်ချင်တာသိပေမယ့် မပြေလည်လို့ သမီး အလုပ်တွေ နေတာကို မပြောဘဲနေတာပါကွယ်၊ သမီးကို သမီးဖေဖေက အဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝလေးရပြီး ကျောင်းဆရာမဖြစ်ဖြစ်၊ ဝန်ထမ်းလေးပဲဖြစ်ဖြစ် ဂုဏ်သိက္ခာ ရှိတဲ့ အေးချမ်းတဲ့ဘဝလေး ဖြစ်စေလိုတာလေ၊

အနီလေးမျက်ဝန်းမှာ မျှော်လင့်ချက်နဲ့ ရွှန်းလဲ့လို့သွားသည်။ အနီလေး ကိုယ်နှိုက်က ဒေးမတက်နိုင်ရင်တောင် အဝေးသင်နဲ့ဖြစ်ဖြစ် ဘွဲ့တစ်ခုရအောင် ယူချင်ပါသည်။

ဘွဲ့ရရင် တင့်တင့်တယ်တယ်နဲ့ လခစားအလုပ်တစ်ခု ဝင်လုပ်မယ်လို့ စိတ်ကူးရင်းရှိတာ ကိုယ်တိုင်သိ၏။

မဖြစ်နိုင်လို့သာ အလုပ်ထွက်လုပ်ပြီး အောက်က မောင်နှမ သုံးယောက်လုံး ကျောင်းတက်နိုင်ဖို့ မိဘနဲ့အတူ ရုန်းကန်ရတာလေ၊

“ဖေဖေ့သဘောက မေမေ့သဘောအတိုင်းဆိုတာတော့ ဟုတ်ပါပြီ။ အနီ ဟိုမှာသွားနေရင် ဒီက အလုပ်ပျက်ပြီးပေါ့၊ ပြီးတော့ ဝင်ငွေ မရှိတော့ရင်”

“ဪ သမီးရယ်၊ မေမေ့သမီးလေးဘဝ လှမယ်ဆို မေမေတို့ ဒီထက် ရုန်းနိုင်တဲ့ခွန်အား ရှိပါတယ်ကွယ်၊ အဲဒီအတွက် သမီး စိတ်မပူပါနဲ့၊ ဒီအချိန်ကစပြီး သမီးလေး ပညာသင်ဖို့ပဲ ခေါင်းထဲထည့်လိုက်တော့ ဟုတ်ပြီနော် သမီး”

မေမေပြောတဲ့အတိုင်း အနီလေး ခေါင်းညိတ်လိုက်ရသည်။ အနီလေး ခေါင်းညိတ်လက်ခံလိုက်တော့ မေမေ စိတ်နှလုံးက လိုအင်ပြည့်ဝသွားသလို ကြည်သာ ရွှင်လန်းသွားလေသည်။





အနီလေးက စီးကွင့်နှိုးတဲ့အလုပ်ကို လုပ်နေရင်း စိတ်ထဲမှာ ဒီအလုပ်ကိုလည်း လက်မလွှတ်ချင်။

တစ်ခုရဖို့အတွက် တစ်ခုကိုတော့ စွန့်လွှတ်ရမှာ ဓမ္မတာပဲ မဟုတ်လား။ အနီကိုယ်အနီ တရားချရင်း မေမေပြောတဲ့ ကံကောင်းတယ် ဆိုတဲ့အဖြစ်ကို အပြန်ပြန်အလှန်လှန် တွေးမဆုံးနိုင် ဖြစ်ရချေသည်။

ကံကောင်းတာလည်း နေ့ချင်းညချင်းတဲ့လားကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"သမီး လိမ်လိမ်မာမာနေနော်၊ ပညာကြိုးစား၊ ဘွဲ့ရအောင်
လုပ်"

အဖေ ဒါပဲပြောပြီး ဆိုက္ကားအနင်းထွက်သွားသည်။ ဖေဖေ
ဒီလိုလေးပြောလာတော့ ရင်ထဲမှာမကောင်း။

တစ်သက်နဲ့တစ်ကိုယ် သမီးနဲ့ခွဲမနေဖူးပါ။ ခုလိုခွဲနေရမယ်
ဆိုတော့ ဖေဖေ့ရင်ထဲ ထိခိုက်နေတာ အနီသိနေတယ်လေ၊

သမီးကို ပညာတတ်လေးဖြစ်စေချင်လို့သာ ခွင့်ပြုရခြင်း။

အနီလေး ဖေဖေဖြစ်စေချင်သလို ကြိုးစားဖို့ ဆုံးဖြတ်ပြီးသား
မေမေကတော့ ဖေဖေ့လိုမဟုတ်။ ခုထက်ထိ ဝမ်းသာစိတ်လေး မပုံးမိ





"မမရှိန် ချစ်အောင်နေပါ သမီးရယ်နော်"

အနီ ခေါင်းလေးညိတ်ရသည်။ မညိတ်လို့မှ မရဘဲ၊ အန်တီရှိန်
က အနီ ပညာတတ်အောင် ပံ့ပိုးပေးမယ့်သူလေ၊

မောင်လေးနဲ့ညီမလေးနှစ်ယောက်က အနီ့လက်ကို မလွှတ်တမ်း
ဆွဲထားပြီး။

"မမ ဟိုမှာ အကြာကြီးနေမှာလား"

"မနေနဲ့နော်"

"ငယ်ငယ်တို့ဆီ ပြန်လာ။ ငယ်ငယ်တို့က မမ မရှိရင် ပျင်းနေမှာ
သိလား"

အငယ်လေးသုံးယောက် တစ်ယောက်တစ်မျိုးပြောရင်း
ငိုနေနည်းနေကြသည်။

"အနီ သူဇာတို့ကို မေ့လို့မရဘူးနော်"

အရေးထဲ သူဇာကတစ်မျောင့်။

"မေ့စရာလားဟယ်"

"သိပါဘူးလေ၊ သူဌေးအိမ်ပေါ်ရောက်ပြီး ဘွဲ့လေးဘာလေး
ရင် မေ့ချင်မေ့နေမှာပေါ့ ပြောလို့ရမလား"

"မစုနော်"

မစု ရယ်ကျဲကျဲနဲ့ နောက်လျှင် အနီ မျက်စောင်းထိုးနေ၏။

"မစုကလည်းလေ အနီ့ကို နောက်နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရယ်မောလျက် ဝင်ပြောသည်။

"ဒါနဲ့ မမကို ကားကြီးနဲ့လာကြိုမှာဆို"

အနီ့ညီမ သူငယ်တန်းကျောင်းသူ အငယ်မလေး မေးလျှင် အနီ ခေါင်းလေးညိတ်၏။ မေမေက အငယ်မလေးခေါင်းကို လှမ်းပုတ်၍

"ဟုတ်တယ် သမီးရဲ့၊ ကားအကောင်းစားကြီးနဲ့ လာကြိုမှာ သမီးလေးရဲ့၊ ဟင့် ဟင့် ဟင့်"

မေမေ့စကားနောက်မှာ အားလုံး မျက်ဝန်းထဲမှာ ထိုကားကြီးကို မြင်ယောင်ကာ အရောင်ဇော လက်ခနဲဖြစ်သွားသည်။

မြင်ဖူးကြတုန်းက အထူးအဆန်းရယ်၊ ထိုကားကြီးကို အနီ တကယ်စီးရတော့မယ်ဆိုတဲ့ အသိက အားလုံးစိတ်ကို အားကျသွားစေ သည်။

မယုံချင် ယုံချင်လည်း ဖြစ်၏။ အိမ်နီးနားချင်း သူငယ်ချင်းတွေ နဲ့ မောင်နှမတွေပါမကျန် အနီ ထိုကားကြီးနဲ့ ပါသွားမယ့်အဖြစ်ကို မျက်မြင်ကြည့်လို့ရတာမို့ အနီနဲ့အတူ ကားအလာကို စောင့်နေခြင်း။

"ဟော ဟိုမှာ မမရှိန်ကားကြီး လာနေပါကလား"

မေမေ အသံမြိုင်မြိုင်နှင့်ပြောလျှင် –

"ဟေး"

ကလေးအုပ်စု ဟေးခနဲ အော်ဟစ်ကြသည်။ ကားကြီးက မညီညာတဲ့ လမ်းပေါ် တလိမ့်လိမ့် လာနေသည်။





အားလုံးလည်း "တကယ်လာကြိုတာတော့" လို့ အံ့သြသံလေး ထွက်လိုထွက်နဲ့ ဆူညံညံ ဖြစ်ကုန်ပြီး လူအုပ်ကြီးရှေ့တည့်တည့် ကား ကြီးကရပ်လျှင် အားလုံး ငြိမ်သက်သွား၏။ အနီနဲ့ကားကြီးကို တစ်လှည့် စီကြည့်ကြသည်။

"မမရှိန် ပါလား"

မေမေ ရှေ့တိုးသွားရင်း ဒရိုင်ဘာလူရွယ်ကို မေးသည်။ ဒရိုင် ဘာလူရွယ် ခေါင်းတစ်ချက်ယမ်းပြီး –

"မပါဘူး၊ အန်တီရှိန် ကြိုခိုင်းလို့ လာကြိုတာ၊ အနီလေး ဆိုတာ"

ပြောရင်း ဒရိုင်ဘာလူရွယ်က လူအုပ်ကြီးကို ဝေ့ကြည့်ရင်း မေးသည်။ မေမေက အားရဝမ်းသာနှင့်ပင် –

"ဒီမှာလေ" လို့ အနီ့ကို လက်ညှိုးထိုးပြသည်။ ထိုလူရွယ် မျက်လုံးပြူးကြီးနဲ့ အနီ့ကိုကြည့်လျှင် အနီ မလုံမလဲဖြစ်၏။

ဘယ့်နှယ် အကြည့်က ပြာသလို စူးရဲနေသည်။ မျက်ခုံးကြီး ထူသလို နှုတ်ခမ်းမွေးလည်း ထူလဗျစ်၊ ညှဉ်းသိုးသိုးပုံစံကြီးက မနှစ်မြို့ စရာ အကောင်းသား။ ခင်းနဲ့ ဒီကားကြီး မတန်သလိုကြီး။ အင်းလေ ဘယ်တန်မလဲ ဒရိုင်ဘာဆိုနေမှ။

"ကားပေါ်တက်"

ခပ်ပြတ်ပြတ်လေးဆိုရင်း ကားနောက်ခန်းတံခါးကို လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှုပ်ပြီး ဖွင့်ပေးသည်။

"သမီး ကားပေါ်တက်တော့လေ၊ ဘာငေးနေတာလဲ"

မေမေ နှုတ်ခေါ်မှ အနီ အသိဝင်လာသည်။ သူဖာတို့က အဝတ်

အိတ် ပိုင်းဆွဲကြရင်း လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

မောင်လေးနဲ့ညီမနှစ်ယောက်က အနီ့လက်ကို ယောင်ယမ်း

ဖြုတ်ချသည်။

တစ်ခါဖူးမှ တက္ကစီကားသန့်သန့်လေး မစီးဖူးတဲ့ အနီ။ ခုဒီ

ကားအကောင်းစားကြီး စီးရတော့မယ်ဆိုတော့ ရင်ထဲက ဘာလိုလိုကြီး။

မေမေက သွက်သွက်လေးပဲ ကားပေါ်တွန်းမတင်ရုံတမယ်။

အနီ ကားနောက်ခန်းထဲဝင်မိသည်နှင့် ရင်ထဲ အေးစိမ့်သွား

သည်။ ဒါ့ပြင် ဆိုဖာအိအိကြီးမှာ ထိုင်မိရုံနဲ့ ကိုယ်က ပြန်ရှုန်းကြွသည်

နှင့် ယောင်တောင်တောင်ဖြစ်ကာ။

"ဒရိုင်ဘာငနဲက နောက်ကြည့်မှန်ထဲကနေ ကြည့်နေတာသိ

လျှင် အနီ ခပ်ရှက်ရှက်နဲ့ မျက်စောင်းထိုးလိုက်သည်။

"ရော့ အနီ၊ ဒီမှာ အဝတ်အိတ်"

သူ့ဖာ အဝတ်အိတ်လှမ်းပေးတာကို ဆွဲယူရင်း အနီ့မျက်နှာပေါ

ကို တည်ထားလိုက်သည်။

မေမေ ကားတံခါးပိတ်လိုက်လျှင် အနီ့ဘဝဟာ တံတိုင်းကြီး

ခြားသွားသလို။





အားလုံးကို လက်ပြနှုတ်ဆက်လို့မဆုံးခင် ထိုင်ခနဲ ကားကို

မောင်းလေပြီး –

"မမ"

ညီမငယ်လေးရဲ့ခေါ်သံလေး အနီ့နားထဲကတစ်ဆင့် နှလုံးသား

ထဲအထိ ရောက်လေသည်။ ထိုအခါ အနီ့ရင်မှာ စို့ချင်ချင်။

ဒီရပ်ကွက် ဒီအဝန်းအဝိုင်းနဲ့ ဒီမိသားစုကို တကယ် ခွဲထွက်ခဲ့

ရတာ့အဖြစ်။

အနီ့ရင်ထဲ ထိခိုက်စွာ မျက်ရည်လေးစို့၏။ ဒါကိုပင် ကိုရွှေ

ဒရိုင်ဘာက မျက်မှောင်တကြုတ်ကြုတ်နဲ့ မနှစ်သက်သလို မှန်ထဲက

ကြည့်ကြည့်နေတာ အနီ့ရင်မှာ တင်းချင်လာသည်။

ဘယ့်နှယ်၊ အနီ့ကို ကြည့်ရှုပုံက အနီကပဲ သရုပ်ဆောင်နေ

သလိုလို ဘာလိုလို။

ဒီမှာ အနီတို့က သရုပ်မဆောင်တတ်ဘူးရှင့်၊

ရင်ထဲက အရှိအတိုင်း ခံစားတာလေ၊ ရှင်မကျေနပ်ရင်

သေလိုက် ဟွန်း။

အနီလည်း မျက်စောင်းနဲ့ ပြန်ကြည့်ရင်း အသံတိတ် ရွတ်နေမိ

သည်က ကိုရွှေဒရိုင်ဘာကို မနှစ်မြို့စွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"Yellow Sky"

"ကောင်းကင်ဝါ"

ခြံဝမှာတပ်ထားတဲ့ ခြံနာမည်က အနောက်တိုင်းဆန်နေသလို ကမ္ဘည်းထိုးထားတဲ့ အင်္ဂလိပ်စာလုံးကအစ ပန်းချီဆန်ဆန် ရှည်ရှည်လေး တွေနဲ့ အနားသတ်မှာ အတွန့်အကြွလေးများဖြင့် ဒီဇိုင်းလှလှထွင်ထားတ ထိုဒီဇိုင်းကို ကြည့်မိရုံနဲ့ ကကွက်ဆန်းတစ်မျိုး မြင်ရသလို စိတ်ကို နိုးကြွစေသည်။

ခြံဝရောက်တော့ ကားရပ်လိုက်သည်။ ထိုင်နဲ့ကိုယ်တိုင် ကားပေါ် က ဆင်း၊ သော့ဖွင့်ပြီး ခြံတံခါးဆွဲဖွင့်၏။ ပြီးတော့ ကားမောင်းသူနေရာ





မှန်ကာ အဝါရောင်တိုက်ကြီး မျက်နှာစာရှိ အလှစိုက်မြက်ခင်းကျယ်ကို ကွေ့ပတ်ကာ ရေကူးကန်ဘေးမှ ဖြတ်ပြီး တိုက်ဘေးဘက်ရှိ ဆင်ဝင် အောက်မှာ ထိုးရပ်လိုက်သည်။

ရပ်ပြီးသည်နှင့် "ဆင်း" လို့ တစ်လုံးတည်းပြောသည်။ နဂို ကတည်းက အနီ စိတ်မကြည်ရတဲ့အထဲ ဒင်းက ဒီလိုပြောတော့ ရင်ထဲ တောင်းဘဲမနေ။ တင်းသွားတဲ့စိတ်နဲ့ –

"ဆင်းမယ်"

အနီ ပက်ခနဲ ပြန်ပြောလိုက်သည်။

ထိုအခါ ကားမောင်းသူနေရာက ဦးစွာဆင်းနေတဲ့သူ၊ တစ်ဝက် တစ်ပျက်နဲ့ နောက်ပြန်လှည့်သည်။ အနီ ခပ်တင်းတင်းပြောတာကို မကြည်တဲ့အကြည့်မျိုးနဲ့ ကြည့်ပြီး –

"အပေါင့် တယ်စွာပါလား"

"စွာတယ်၊ နာမည်ကိုက အနီလေ။ ရဲထွတ်အောင်စွာတယ်"

"အေး၊ အဲလိုစွာတာကောင်းတယ်"

"ဘာရယ်"

အနီလေး ဆတ်ဆတ်ထိမခံ ပြန်မေးတော့ သူ့နှုတ်ခမ်းက နွဲ့သလိုလိုနှင့်။ ကားပေါ်က လွတ်လွတ်ကျွတ်ကျွတ် ဆင်းချသွားသည်။

"ဒီမှာ မေးနေတယ်လေ"

အနီ အားမလိုအားမရ ပြန်မေး၏။ သူ ကားနောက်ခန်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖွင့်ပေးရင်း –

"မင်း နားထိုင်းနေလား"

"ရှင် ဘာ လုပ်ါးဝတာလဲ"

အဝတ်အိတ်ဆွဲပြီး ကားပေါ်က ဆင်းမလို့ပြင်ရင်း ရန်ထောင်သလို အနီပြောသည်။ သူကလည်း မခေ။

"လုပ်ါးဆိုတာ ဝလေ့မရှိဘူး"

"ဘယ်လို"

"ဟုတ်တယ်လေ၊ မင်း ဘာကို မကျေမနပ် ဖြစ်နေတာလဲ"

"ရှင်ပြောပုံက ကျေနပ်နိုင်စရာလား"

"ကျေနပ်ရမယ်လေ၊ မင်းနားမှ မထိုင်းတာ။ ငါပြောတာကြားတယ်မဟုတ်လား၊ မင်း ရွာတောဖြစ်တာ ကောင်းတယ်လို့"

"ကျွတ်"

အရွဲ့စကားလား အတည်စကားလား၊ အနောက်စကားလား၊ ဝေခွဲရခက်တဲ့ သူ့စကားနဲ့ သူ့မျက်နှာထား။

အနီလေး စိတ်ရှုပ်စွာ ကျွတ်ခနဲ စုပ်သတ်လိုက်သည်။ အဲဒါကို သူ မကြည်လင်သလိုလိုနဲ့ ပြန်ကြည့်သည်။

သူ့အကြည့်က လိုတာထက်ပိုပြီး စူးရှလွန်းတယ်လို့ အနီထင်တယ်၊ အဲဒီအကြည့်စူးစူးကြီးတို့ အနီမခံနိုင်။

မျက်နှာလွှဲပြီး ကားပေါ်ကဆင်းသည်။ ဆင်းလိုက်ခါမှ သူ့အရပ်





ကြီးက အနီကို မိုးထားသလို မြင့်၏၊ ကိုယ်လုံးကလည်း တောင့်တင်း၏။

သာမန်အရပ်နဲ့ သွယ်နွဲ့သော အနီကိုယ်လေးဟာ သူ့အရပ် သူ့ကိုယ်လုံးနားမှာ ကျုံ့ဝင်သလို ဖြစ်နေတာမို့ အနီ ချက်ချင်းပဲ သူ့အနားက ခွာသည်။ တိုက်ကြီးဘက် ခြေဦးလှည့်လျှင် –

"ဟေ့ မင်းကို အတည်ပြောနေတာကွ"

"ဟွန်း အတည်စကားတဲ့၊ ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်ဖြစ်ဖြစ်၊ မင်း ဘာမဟုတ်တဲ့ဟာလေးနဲ့တောင် စွာလန်မလေးဖြစ်နေတယ်ဆိုရင် တခြားဘာကိစ္စ ညာကိစ္စဆို တုကယ့် အစွာမကြီးဖြစ်နေမှာလေ၊ အဲလိုစွာတတ်တာ ကောင်းတယ်၊ မိန်းကလေး ဆိုတာ စွာလေကောင်းလေပဲ"

သူ အတည်ပြောတာက ပိုပြီးခံခက်ဖို့ ကောင်းနေသည်။

"ရှင်နော်"

အနီ ခြေလေးဆောင့်ကာ နောက်ပြန်လှည့်ရင်း မျက်စောင်းရှင့်ရှင့်ထိုး၏။

"အဲဒါပဲ မင်းတို့ မိန်းကလေးနဲ့ ခက်တယ်ဆိုတာ"

"အောင်မယ် ကြီးကြီးကျယ်ကျယ်"

"ကဲ အစွာမလေး ဒီဘက်က လာစမ်းပါ"

အနီ ပြန်ပြောနေတော့ သူ စိတ်ရှုပ်သလိုလိုနဲ့၊ တိုက်ကြီးရှေ့ဘက် ခြေဦးလှည့်နေတဲ့ အနီကို လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းလည်း ကားရပ်ထားတဲ့ တိုက်ဘေးရှိ ဆင်ဝင်အောက်မှ တိုက်ကြီးအတွင်းသို့ သူ ဦးဆောင်ဝင်ရလေသည်။

သူဝင်သွားတဲ့အတိုင်း အနီ လိုက်ဝင်ခဲ့ရပြီ။

တိုက်ကြီးက အကြီးကြီး။ လူရိပ်လည်း မတွေ့ရပါ။ တိုက်ကြီးထဲဝင်လိုက်သည်နှင့် အနီ့စိတ်မှာ အေးခဲခဲကြီး ခံစားလိုက်ရသည်။

တိုက်အတွင်းဘက်က ကျောက်ဂူကြီးလိုလို ဒီဇိုင်းဖော်ထားသည်။ နံရံတွေဟာ ကျောက်နံရံလိုလို၊ သစ်ပင်နွယ်ပင်တို့ ယှက်နွယ်နေသေးသည်။ သစ်ပင်၊ နွယ်ပင်တုတွေနဲ့ တန်ဆာဆင်ထားတာက ထူးထူးခြားခြား။

"ဟော့ ဘာငေးနေတာလဲ၊ လာစမ်းပါ"

ဟုတ်ပါရဲ့။ အနီက တိုက်နံရံပေါ်မှာဆင်ထားတဲ့ သစ်ပင်တုတွေကို ကြည့်နေရင်း သူ့ခြေလှမ်းနဲ့ အတော်ပြတ်ကျန်ခဲ့သည်။

သူ လှမ်းခေါ်မှ ကမန်းကတန်း ခြေလှမ်းတွေကို အရှိန်မြှင့်တင်ကာ -

"လာ အပေါ်တက်မယ်၊ အန်တီရှိန်အပေါ်မှာ မင့်အဝတ်အိတ်ကို လှေကားခြေရင်းမှာချခဲ့"

သူပြောတဲ့အတိုင်း အနီ့အဝတ်အိတ်လေးကို လှေကားရင်းမှာချသည်။ စတီးလက်ရန်းပါတဲ့ လှေကားပေါ် အနီတက်ခဲ့ရပြီ။

အန်တီရှိန်က အပေါ်မှာတဲ့။ လှေကားထိပ်ဆုံးရောက်တော့





သူ ပြန်ငဲ့ကြည့်သည်။ အနီ နှုတ်ခမ်းတွန့်ပြီး သူ့အကြည့်ကို ရှောင်ဖယ်လျက်။

"ဘယ်မှာလဲ အန်တီရှိန်"

"ဟိုမှာ မင်းကို ကြည့်နေတယ်"

"ဟင်"

အနီ့မျက်လုံးလေး ပြူးခနဲ ဖြစ်လေသည်။

အန်တီရှိန်က အပေါ်ထပ် ညှော်ခန်းကျယ်ကြီးဘေးရှိ အခန်းတံခါးဝမှာ ပြူးပြူးကြီး စိုက်ကြည့်နေသည်။

"လာ သမီး"

ခေါ်သံလေးကအစ လှိုက်လှိုက်လှဲလှဲနဲ့ အနီ သိမ်ငယ်တာမျိုးတွေ မခံစားရပါ။

အိမ်နေရင်းမို့ ဂါဝန်ရှည်ကြီး ဝတ်ထားတဲ့ အန်တီရှိန်က ...ကြကြနဲ့ ကြည့်လို့လှနေသည်။

"ကဲသွား"

အန်တီရှိန့်အသံက ချိုကြည်လှိုက်လှဲနေသလောက် သူ့အသံက ...ဆတ်ဆတ်ကြီးနဲ့ ပြတ်တောင်းတောင်း။

အနီ မျက်စောင်းထိုးရင်း သူ့ရှေ့က ဖြတ်ကာ အန်တီရှိန်ဆီ ...သွားသည်။

အန်တီရှိန်က အနီ့လက်ကလေးကို ဆွဲယူသလို အနီ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုလည်း စေ့စေ့စပ်စပ်ကြည့်၏။

"သမီးက အချောလေးပဲ"

အနို့မျက်နှာလေး ရှက်ရိပ်နဲ့ တကယ်နီသွားသည်။

"လာ"

အနို့ကို တစ်ဆက်တည်း အခန်းကျယ်ကြီးထဲ ခေါ်သွင်း၏။ ထိုအခန်းက နားနေခန်းကြီး။

ထိုအခန်းထဲမှာ လူကြီးတစ်ယောက် အေးအေးလူလူ ထိုင်ရင်း ရုပ်သံလိုင်းကြည့်နေသည်။ ထိုလူကြီးဘေးမှာ မိန်းကလေးတစ်ဦး။

ထိုင်နေတဲ့လူကြီးနဲ့ ရုပ်ချင်းဆင်သည်။ မျက်နှာသွယ်နဲ့ အသားအရေ ပြည့်ပြည့်ဖွံ့ဖွံ့။ ပါးမှာ ဝက်ခြံတချို့ ရှိသည်။

အန်တီရှိန်၏ သမီးဖြစ်မယ်လို့ အနို့ထင်သည်။ ထင်တဲ့အတိုင်း မလွဲပေ။ အန်တီရှိန်က ထိုလူကြီးနား ဝင်ထိုင်၍ –

"သမီး ဒါက သမီးအန်ကယ် ဦးသက်တန့်ဦးတဲ့၊ ဒါက သမီးရဲ့မမ အက်တာဦး၊ သားကြီးက အပြင်သွားနေတယ်"

"ဟုတ်"

အန်ကယ်ရော မမရော အနို့ကို လိုလိုလားလားပဲ ရယ်ပြသည်။ မမ အက်တာဦးက အနို့ဆီ ဖျတ်ခနဲရောက်လာပြီး အနို့ပါးလေးကို လာတို့ကြည့်သည်။

"ဘာမိတ်ကပ် လိမ်းတာလဲ" တဲ့၊





"မိတ်ကပ်၊ အနို မိတ်ကပ်မလိမ်းပါဘူး"

"အလို၊ မာမီ ကြည့်စမ်းပါဦး၊ မိတ်ကပ်မလိမ်းပါဘူးတဲ့၊ ဟုတ်ရဲ့လား မာမီရယ်၊ ပါးလေးက ဝါလွဲ့ပြီး ဝင်းဥနေတာလေ"

မယုံသလိုနဲ့ အန်တီရှိန့်ကို တိုင်တည်ပြော၏။ အန်တီရှိန်က ရယ်လျက် –

"ဟုတ်မှာပေါ့ သမီးရဲ့"

"ဟွန်း ဟုတ်သေးပါဘူး"

အက်တာဦး တကယ်မယုံချင်။ သူမပါးပြင်လေးက အကောင်းစားမိတ်ကပ်တွေသုံးသလို ဖျူတီပါလာသွားပြီးလည်း ပြင်နေကျ။

ဝါဝွေဝင်းဥနေတဲ့ ပါးမို့မို့လေး ဖြစ်မလား။ ပြင်ပါများလို့လား ဘာလားမသိ၊ ပါးပြင်ကြီး ရဲတွတ်သွားတတ်သည်။

ရဲတွတ်နေတာကြီးကို အက်တာ မကြိုက်ပေ။ အက်တာကြိုက်တာ အနို့ပါးလေးလို နုပြီး ရွှေဝါရောင်စိုကြွပြီး ဖူးနေတာမျိုး။

ခုတော့ သူမကလေးက မိတ်ကပ်မလိမ်း ဘာမလိမ်းဘဲနဲ့ ဒီလိုပါးမို့လှလှလေး ဖြစ်နေတာဆိုတော့ မအံ့ဩဘဲ မနေနိုင်။

"ဒါဆို ဘာလိမ်းလဲ"

"ဇနိုးလိမ်းတယ်၊ သနပ်ခါးလိမ်းလေ့ ရှိတယ်"

"ဟင်"

အက်တာဦး အံ့ဩရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါသမီးရယ်၊ အနီလေးကို နောက်မှ မေးချင်ရာမေးလေ"

အန်တီရှိန် ဟန့်တားလိုက်မှ အက်တာ အနီ့အပါးမှ ခွာသွားသည်။ ဒါတောင် အနီ့ပါးမို့လေးကို ချစ်စနိုး ပွတ်သပ်သွားသေးသည်။

"ဒယ်ဒီ့သမီးကတော့လေ၊ ဒါချည်းပဲ၊ အနီလေး အနေရခက်နေပါဦးမယ်"

"ရပါတယ် အန်ကယ်"

အန်ကယ် အားတုံ့အားနာနှင့်ဆိုလျှင် အနီ အလိုက်သင့်လေး ပြန်ပြောမိသည်။ အန်တီရှိန်က ပြုံးလျက် –

"သားပြန်လာရင် သားနဲ့မိတ်ဆက်ပေးဦးမယ်"

အနီ ခေါင်းလေးညိတ်ရပြန်သည်။

"စည်း"

အနီလေး ခေါင်းညိတ်လို့ မပြီးခင် အန်တီရှိန်အသံနှင့်ခေါ်လျှင်

"လာပြီ အန်တီရှိန်"

ထူးသံနဲ့ မရှေးမနှောင်း သူပြန်လာသည်။ နာမည်ကလည်း စည်းတဲ့။

"သမီးကို နေရမယ့်နေရာပြလိုက်၊ ဒေါ်နွယ်နဲ့လည်း မိတ်ဆက်ပေးလိုက်၊ ဟုတ်ပြီလား"

"ဟုတ်၊ လာခဲ့"

သူကတော့ ထုံးစံအတိုင်းရယ်။ အနီကို ခပ်ပြတ်ပြတ်ခေါ်ပြီး





ရှေ့ကဦးဆောင်ကာ ထွက်သွားလေသည်။

"သမီး လိုက်သွား"

အန်တီရှိန်ပြောတဲ့အတိုင်း အနီ လှည့်ထွက်သွားလျှင် –

"အနီလေး နောက်တော့မှ စကားပြောမယ်၊ သိလား"

မမက လှမ်းပြောသေးသည်။ အနီ ခေါင်းလေးညိတ်ကာ ပြုံးပြ ဆက်ပြီး နားနေခန်းထဲက ပြန်ထွက်ကာ။

သူဦးဆောင်တဲ့ဆီ နောက်က ပါသွားရပြန်သည်။ ဒီငနဲက Yellow Sky မှာ ဘာရာထူးလဲ။ အနီ စိတ်က မြင်ပြင်းကတ်စွာ သိလိုချက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဖတ်"

"အမေ့"

နောက်ကနေ ပခုံးကို ခပ်ဆတ်ဆတ်လေး ပုတ်လိုက်တာခံရလို့ အနီ့ကိုယ်လေး ရှိန်းခနဲဖြစ်၏။ ပိုင်ပိုင်စိုးစိုးနဲ့ အနီ့ပခုံး လာပုတ်တာ ဘယ်သူလဲ။

စည်းလား။ ဒီငနဲဆိုရင်တော့ အနီ ပြန်ပက်ဖို့ စိတ်ထဲ စကား လုံးစီပြီးသား ဖြစ်ကာ။ မှန်အိမ်ထဲက အလှမွေးငါးလေးတွေကို ကြည့်နေ ရာမှ အနီ လှည့်ကြည့်၏။ ပြုံးအီအီလေး စိုက်ကြည့်နေတဲ့ လူရှယ်မျက် နှာကို မြင်လျှင် အနီ ဟင်ခနဲ ဖြစ်ရလေသည်။





"မင်းလေးက"

ညှို့ဓာတ်ပါသောအကြည့်နဲ့ ခပ်မြူးမြူးလေး စိုက်ကြည့်ရင်း လာတဲ့ လူရှယ်ချော။ အရပ်က စည်းလောက် မမြင့်ပေမယ့် ဝတ်စား ထားတာကအစ စတိုင်လိပ်ကျလျက် ခေတ်ဒီဇိုင်းနဲ့ လန်းနေသည်။

"ပြောလေ၊ မင်းလေးက"

မေးသံလေးနဲ့ ဟန်ကအစ ငေးကြည့်ချင်စရာ။ အနီ ငြိမ်ကြည့် ရာမှ ထပ်ဆင့်မေးလာသံကြောင့် အသိဝင်လာသည်။

အနီ မျက်တောင်လေး တစ်ချက်ပုတ်ခတ်မိပြီး –

"အ အနီလေးပါ"

အသံအနိမ့်အမြင့် မညီ အနီ ပြန်ပြောမိ၏။ ထိုအခါ လူရှယ် နှာ ပိုပြုံးသွား၏။ ကျိုးသိနေဟန်လည်း တူသည်။

"သြော်၊ မာမီခေါ်လာတဲ့ ကောင်မလေးထင်တယ်"

"ဟုတ်"

"ကိုယ်က မာမ့်သား"

သူ့ကိုယ်သူ မိတ်ဆက်ပြောရင်း အနီ့တစ်ကိုယ်လုံးကို ခြုံကြည့်

အနီ့အရပ်က ငါးပေတစ်လက်မသာ။ မနိမ့်လွန်းမမြင့်လွန်း သွယ်နွဲ့သော ကိုယ်ဟန်က ကြော့၏။

အညိုစားစွယ်တာ အညိုရောင်နဲ့ အဖြူခံပေါ် အညိုပွင့်လေး



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ ထဘီ တွဲဝတ်ထားတဲ့ အနီ့ကိုယ်ဟန်က နဂိုအတိုင်း ကြွကြွလေး လှနေသည်။

သွယ်လျသောလက်မောင်းလေးနဲ့ လက်ဆစ်ပြည့်သော ရှည်သွယ်သွယ် လက်ချောင်းလေးတွေကအစ သူကြည့်၏။

ကြည့်နေတဲ့သူ့အကြည့်က ရဲရဲကြီး စူးနစ်နေတာမျိုးမဟုတ် ကြည့်ရှင်ကာ၊ စူးစူးရှရှလေး ဖြစ်နေတာမို့ အနီ နေရ သိပ်မခက်ပါ။

"ကိုယ့်နာမည် မှတ်ထား၊ ဒေတာဦး"

"ဟုတ်"

"တဟုတ်ဟုတ်နဲ့ ခေါင်းချည်းညိတ်နေတာ ပုတ်သင်ညိုမလေး ကျနေတာပဲ"

စိုက်စိုက်လေးကြည့်ရင်း ပြောတဲ့ဟန်လေးကစ အကြည့်တွေ လွှဲဖို့ ခက်သွားအောင် ဆွဲအားတွေ ထည့်ထားသလိုရှိသည်။

"ဟိုလေ အနီက"

"အနီလေး၊ ငါးလှလှလေးတွေကြည့်နေတာ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားရင် ဆောရီးဟာ"

"ရပါတယ်"

"ကဲ ငါးတွေ ဆက်ကြည့်လိုက်ဦး"

သူပြောကာ အနီပါးမို့လေးနဲ့ နှုတ်ခမ်းလေးကို စိုက်ကြည့် ပြီးမှ လက်ကာပြကာ နှုတ်ဆက်ပြီး အပေါ်ထပ်တက်သွားလေသည်။





ဒေတာဦးအရိပ်လေး ပျောက်ကွယ်သွားမှ အနီ မျက်လုံးလေး ချပ်သိမ်းကာ ငါးလှလှလေးတွေဆီ ပြန်ပို့၏။

နူးညံ့တဲ့ သူ့အကြည့်နဲ့ စူးရဲတဲ့ စည်းအကြည့်တွေက မတူ။ ခြားရတာ ကွာသည်ဟု အနီယူဆသည်။

စူးရဲတဲ့အကြည့်ကို အနီ မနှစ်မြို့ချင်။

စူးရဲရဲလေး စိုက်ကြည့်တတ်တဲ့ စည်းကို အနီ မျက်နှာချင်း ဆိုင်လို့။ မျက်နှာချင်းမဆိုင်လိုပါဘူးဆိုမှ –

"ဟော့ အနီ"

ခေါ်သံသြကြီးနဲ့ အနားရောက်လာသည်။ မျက်လုံးကလည်း အပေါ်ထပ် တစ်ချက်ဝေ့ကြည့်လိုက်သေး။ အနီ့အထင် ဒေတာတက်သွား တာ မြင်လိုက်လို့ ဖြစ်မယ်၊

ပြီးတော့မှ ရေကြည်ထဲကူးခတ်နေတဲ့ အလှငါးတွေတစ်လှည့် အနီ့ကိုတစ်လှည့် ကြည့်လျက် –

"နင် ဒီမှာ ဘာလာလုပ်နေတာလဲ"

"အလှငါးတွေ ကြည့်နေတာလေ၊ မမြင်ဘူးလား"

"အောင်မာ၊ နင် တယ်စွာနေပါလား"

"ရှင်ပဲ၊ စွာတာကောင်းတယ်ဆို။ ဒါကြောင့် စွာတာ ဘာဖြစ်

"စွာပါဟာ စွာပါ၊ ငါ့အပေါ် စွာသလို တခြားကောင်တွေအပေါ်



www.burmeseclassic.com

www.burmeseclassic.com



လည်း စွာထား''

''အောင်မာ''

အနီလေး လက်တစ်ဖက် ခါးထောက်မိသွားသလို ရန်စောင်

မျက်လုံးနဲ့ စည်းကို ရဲရဲကြီး ကြည့်လိုက်သည်။

အကြည့်ချင်းအဆုံမှာ လှိုင်းရိပ်တို့ ညီမျှခြင်းဖြစ်မနေ။

''ဒီမှာ အဲဒီအလှမွေးငါးတွေဟာ နင်ကြည့်နေရလောက်အော

အဓိပ္ပာယ်ရှိလို့လား''

''အလို''

''ဟုတ်တယ်လေ၊ နင့်မှာ စဉ်းစားတတ်တဲ့ဉာဏ် မရှိဘူးလာ

''ရှင် ဘာတွေလာပြောနေတာလဲ''

''ခြောက် ငါပြောတာတော့ မင်း ဘယ်နားလည်မလဲ၊ ဟိုကော

ပြောရင်တော့ နင် နားလည်မယ် မဟုတ်လား''

''ဘုရားရေ''

ခုလေးတင် အပေါ်တက်သွားတဲ့ ဒေတာဦးကို ရည်ရွယ်ပြ

လိုက်မှန်း အနီ သိသွားတာမို့ ဘုရားတမိလေသည်။

စည်းဆိုတဲ့ ဒီငနဲက ဘယ်လိုလဲ။

ဒေတာဦးပေါ် အမြင်မကြည်တာလား။ အနီ့ကို မျက်မုန်း

နေတာလား။ ခွဲခြားရခက်လှစွာ။

စည်းက နှုတ်ခမ်းကို ခပ်မဲ့မဲ့တွန့်ပြီး –





''ဘုရားတမနေနဲ့၊ နင်သိထားဖို့ ဒီအလှမွေးငါးတွေဆိုတာ လက်တွေ့ဘဝအတွက် ဘာမှ ခွန်အားမရှိဘူး။ သူတို့ အလှပြသွားလာနေတာကို လူတွေက မျက်စိပသာဒဖြစ်ရုံ၊ စိတ်အာရုံ ဖျော်ဖြေရုံ သက်သက်အတွက် ခံစားပြီး ကြည့်နေကြတာ။ ဒီငါးလေးတွေ တစ်ခုခုပဲ ဖြစ်ဖြစ်၊ သေကျေပျက်စီးသွားသွား ဘယ်သူမှ မှုဝေမခံစားဘူး၊ နောက်ထပ် ငါးအလှအသစ်တွေကို ထပ်ထည့်ကြည့်မယ်၊ မကြည့်ရင်လည်း ဒန်အိမ်ကိုပါ ခွဲပစ်လိုက်မှာပဲ၊ အဲဒီတော့ ငါးလှလှလေးတွေရဲ့ဘဝက ဘာအဓိပ္ပာယ်ရှိမလဲ''

''ကျွတ်''

ဘာတွေပြောမှန်း အနီ နားမလည်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်ကာ။

''ရှင်ဟာလလေ လူ့ခွစာ''

''ဘာလဲ၊ နင်က အဲဒီအလှငါးတွေရဲ့ဘဝကို သဘောကျနေတာလား''

''ရှင် ဘယ်လိုလူလဲဟင်၊ မကြည့်နဲ့လို့ တားတာလား၊ ကဲ ကြည့်ဘူး''

အနီ ဆိုးဆိုးဆတ်ဆတ်ပင်ပြောဦး အလှမွေးငါးကန်လေးကို ကျောခိုင်း၏။

''ဟော့ ငါ့ရည်ရွယ်ချက်က တခြားကွ''

''ဘာတခြားမှ လာမပြောနဲ့၊ ခေါင်းရှုပ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"မရှုပ်နဲ့ မိစ္ဆာတေး၊ နင့်ခေါင်းထဲမှာ တစ်ခုပဲထည့်ထား၊ ဘယ်သူ့ကြောင့်မှ နင်ဟာ အလှမွေးငါးလို မဖြစ်စေနဲ့"

"သေလိုက်"

အနီ ဒါပဲပြောပြီး သူ့ကိုကျောခိုင်းခဲ့သည်က မကျေမနပ်။

✿ ✿ ✿



## အခန်း (၆)

"ဟွန့်၊ သူ့ကိုယ်သူ ဘာထင်နေလဲ မသိဘူး"

"ဘယ်သူ့ကိုပြောနေတာလဲ အနီလေးရယ်၊ တစ်ယောက်တည်း ရွှီ ပွစိနဲ့"

အနီ မီးဖိုဆောင် လှမ်းဝင်ဝင်ချင်း ဒေါ်အနွယ် လှမ်းမေးသည်။ လက်ကလည်း အသားကိုင်နေရင်းတန်းလန်းနှင့်။

မေးသူရှိလာတော့ အနီ ဝိုပြီး ပွစိစိ ပြောချင်လာသည်။ ...င်းသီးဟင်းရွက်တင်ထားတဲ့ စားပွဲဝိုင်းနားက ဖင်ထိုင်ခုံမှာ အနီ ...င်ထိုင်ရင်း –

"ဟိုတစ်ယောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"စည်းလား ဝိုင်းလား"

"ဩော် စည်းဝိုင်းလား"

"ဘယ်သူရှိမလဲ အဲဒီငနဲပေါ့"

အနီ ဆောင့်အောင့်ပြောတော့ ဒေါ်အနွယ် ထောက်ခံသယောင် ခေါင်းလေးညိတ်၏။ သက်မလေးပါချကာ ဒေါ်အနွယ် ငါးတုံးလေးတွေ တုံးတစ်နေလိုက်သည်။

"အနီ ချဉ်ပေါင်ရွက်စည်းဖြည့်၍ အရွက်ခြွေကာ ဗန်း၊ ဆန်ခ ထဲထည့်ရင်း မပြေနိုင်တဲ့စိတ်နဲ့ တတွတ်တွတ်ပြောပြန်သည်။

"ဒီတိုက်မှာ သူက ဘာလဲ ဒေါ်နွယ်"

"အဲဒါတော့ ဒေါ်နွယ်လည်း မသိပါဘူးအေ၊ ပုံစံက ကြေ တောတော့နဲ့"

"ကြောတာထက် ပိုနေတယ် ဒေါ်နွယ်ရဲ့၊ ဘယ်သူ့ကို မလေးစားသလိုပဲ"

"အေး ဒါတော့ ဒေါ်နွယ်လည်း သတိထားမိတယ်၊ ဒီတိုက်မှ ရှိတဲ့ ဘယ်သူ့ကိုမဆို ပြောချင်သလိုပြောတာမျိုး။ ဦးသက်တန်ဦး ဒေါ်ဝါဝါရှိန်တို့ကို ဒီလိုပဲ ဆက်ဆံတာ အနီရဲ့"

"အန်တီနဲ့အန်ကယ်က သဘောကောင်းလို့ပါ"

"ဟုတ်တယ်၊ အိမ်ကြီးရှင်တွေက သဘောကောင်းပါလျက်





အိမ်ဖြောင်က ပါဝါတက်နေတာ အံ့ပါ့"

"နေပါဦး၊ သူက အန်တီရှိန်တို့ခိုင်းသမျှ လုပ်နေတာက ဘာသဘောလဲ"

"အဲဒါတော့ ဒေါ်နွယ်လည်း မသိပါဘူးအေ၊ ခိုင်းစေတာ မှန်သမျှ လုပ်နေတာက အလုပ်သမားအတိုင်းပဲ၊ မထင်ရင် မထင်သလို ပြောဆိုတာကြတော့လည်း သူ့ကိုယ်သူ ဒီတိုက်ရဲ့ ပါဝါရှင်လိုလိုပဲ၊ စည်းဝိုင်းက နားလည်ရခက်တဲ့သူပါကွယ်"

"သူ ဒီမှာနေတာ ကြာပြီလား"

"ဒေါ်နွယ် အလုပ်ဝင်ကတည်းက တွေ့ရတာပါပဲ၊ အဲဒီပုံစံ အတိုင်း၊ ဟိုမောင်နှမအပေါ် ဆက်ဆံတာလဲ ခပ်တင်းတင်း"

"တစ်ခုခု တော်စပ်နေလား ဒေါ်နွယ်ရယ်"

"အဲဒါတော့ ပြောသံမကြားပါဘူး၊ တော်ပုံလည်း မရပါဘူး၊ ပုံစံက မမရှိန်တို့ တစ်မိသားစုလုံးနဲ့ တခြားစီလေ"

အဲဒါတော့ဟုတ်တယ်၊ အန်တီရှိန်တို့ တစ်မိသားစုလုံး မျက်နှာ ဝိုင်းဝိုင်းပြည့်ပြည့်၊ အရပ်က အနိမ့်မမြင့်၊ ကိုယ်လုံးခပ်ဖိုင့်ဖိုင့်။

ဝတ်တာ စားတာတွေက စမတ်ကျနေတာမို့ ဘယ်အချိန်ကြည့် ကြည့် ကြွရွ လှပနေကြသည်။

သူက ဆန့်ကျင်ဘက်။ မျက်နှာကျကအစ လေးထောင့်ဆန် ဆန်။ မေးရိုးသွယ်လျှသွားပုံက ခပ်တင်းတင်းနိုင်သည်။ အစ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



လည်း အားလုံးထက် ခေါင်းတစ်လုံး ပိုကာ ပေါင်တံရှည်ရှည်နဲ့၊

လမ်းလျှောက်တဲ့ဟန်ကလည်း တောင့်တောင့်မတ်မတ်နဲ့ ကြည့်ရတာ အသည်းယားစရာ။ မျက်နှာပေါ်က အမွှေးအမျှင်တွေကို ရိတ်သင်မထား၊ အမွှေးရိုင်းတွေ ပွထနေသည်။

မျက်နှာတင်မက ချိုင်းကြားမှာရော ရင်ဘတ်မှာပါ။

သူနဲ့ အနီးကပ်နေရရင် မလွယ်၊ အသည်းယားစဖွယ် အမွှေးတွေကြောင့် စိတ်ပင်ပန်းရမှာမလွဲ။

တစ်ခါတစ်ခါ ပေါင်လယ်လောက် ဘောင်းဘီတိုတစ်ထည်တည်းဝတ်ကာ မြီထဲကပန်းပင်တွေ လိုက်ပြုစုနေတဲ့ သူ့ကိုယ်လုံးကို မကြည့်ရဲ၊ ဒါကို သူက အလိုက်မသိတာလား ဘာလား မသိဘူး၊ ပန်းပင်တွေ ပြုစုပြီးတာနဲ့ လက်ဆေးပြီး ထမင်းစားခန်းထဲ တန်းဝင်လာတတ်သည်။

"ငါ့အတွက် ထမင်းပြင်ပေးစမ်း" လို့ အားမနာတမ်း ခိုင်းတတ်သည်။

အလုပ်သမားချင်းအတူတူ သူက အနီ့အပေါ် ကြောတောတော နဲ့ သူခိုင်းတာမလုပ်လို့လည်း မဖြစ်။ အနီ မလုပ်မကိုင်ချင်ပေးချင်တဲ့ပုံစံနဲ့ ထမင်းခူးခပ်ပေးတော့ သူက မျက်လုံးစိမ်းကြီးနဲ့ စိုက်ကြည့်ပြီး –

"နင်က ဘာလဲ၊ ဒါလေးတောင် မလုပ်ချင်ဘူးလား၊ စေတနာမပါရင် မလုပ်နဲ့"

လုပ်ပေးချင်စရာလား။ ကိုယ်ပေါ်မှာ အင်္ကျီမရှိ ချွေးတွေ တာ္တဲ





မြင်ရတာ ကြက်သီးထစရာကောင်းတဲ့ပုံစံ။

အနီ ပန်းကန်ကိုချပြီး ထွက်ခဲ့သည်က အရွဲ့တိုက်လျက်။

"ဟေ့ ငါ့အတွက် ခူးမပေးနဲ့၊ ဟိုကောင် အပြင်ကပြန်လာခါနီးပြီ သူ့အတွက်ဆိုတော့ နင် စေတနာပါတယ် မဟုတ်လား။ ကြိုပြီး ခူးခပ်ထားပေးလိုက်"

ဒေတာဦးကို ရည်ရွယ်ပြီးပြောမှန်း အနီသဘောပေါက်သည်။ ဒေတာဦးကိုတော့ ခူးခပ်ပေးရမှာပေါ့၊ ဒေတာဦးက အန်တီရှိန်ရဲ့သား။ သူ့လို အလုပ်သမားမှမဟုတ်တာ။

အနီ ပြန်လှည့်လာတော့ သူက ပန်းကန်တစ်ချပ်ခွဲပြီး ထမင်းခွင်းတစ်မျိုး ပုံထည့်ကာ စားနေတာလေ၊

စား စား၊ စားချင်သလိုစား။ ဒေတာဦးအတွက် ဖွယ်ဖွယ်ရာရာ ထမင်းစားဝိုင်းလေး ဖြစ်အောင် သူ့ရှေ့မှာတင် စိတ်ဝင်တစား ပြင်ဆင်ထားလိုက်သည်။

မှတ်ကရောပေါ့ ကိုရွှေစည်းဝိုင်းရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကိုဒေ၊ အနီလေးကို ကြည့်ပါဦး ဘယ်လောက်လန်းလဲလို့"

ဖုန်းပြောနေတဲ့ ဒေတာ့ကို ညီမဖြစ်သူ အက်တာ တွန်းထိုးပြော ရင်း ကြည့်နိုင်းနေသည်က စိတ်အားထက်သန်စွာ။

ဒေတာ ဖုန်းပြောနေရင်း တန်းလန်း လှည့်ကြည့်လျှင် မျက်ခုံး နှစ်ဖက် ကွတက်သွားသလို မျက်လုံးမှာလည်း အရောင်တွေ ဖြာသွား သည်။

မိန်းမလှပေါင်းများစွာရဲ့ ပေါ်ပင်အလှတွေက ဒေတာ့မျက်လုံးထဲ မှာ ရှိနေပါပြီ။ ခေတ်ဒီဇိုင်းနဲ့ အတိုအကပ်၊ အပေါ်အဖော် ဒီဇိုင်းတွေနဲ့မှ ဆွဲဆောင်မှုရှိတယ်လို့ ဒေတာ ထင်ထားတာ။





ခုတော့ လွဲချေပြီ။ ဒေတာ တွဲနေတဲ့ မိန်းမလှတွေနဲ့မတူ၊ တစ်မူထူးခြားပြီး ဆွဲငင်အားပါနေတဲ့ အနီလေး။

ဝတ်ဆင်ထားတာကအစ ဣန္ဒြေရရနဲ့ ပုံးပုံးဖိဖိ၊ ကာကာကွယ် ကွယ်၊

ကြေးညိစိမ်းရောင်အခံမှာ အနားသတ်အပွင့်ရိုပ်လေးတွေပါတဲ့ ကိုယ်တိလက်စက ဝမ်းဆက်လေး ဆင်မြန်းထားတာကြောင့် မိန်းမပီသတဲ့ အစစ်အပေါက်က ရှန်းရှန်းကြွကြွ ပေါ်ထင်လို့နေသည်။

အနီ့မျက်နှာပါးလေးသွယ်လျ၏ မျက်လုံးအစုံ ရှန်းတောက်ကာ ...ဘ်ခမ်းများ ပြည့်ဖို့သည်။ နှာတံပေါ်၌ ပါးပြင်နုနုက နှစ်လိုဖွယ်ကောင်း ...ှာ ရွှေရောင်ဝင်းဥနေသည်။

လည်တိုင်အောက်က ရင်အုံမို့မို့က ကျစ်ကျစ်လျစ်လျစ် ဖြစ် ...က်လည်း ဖွံ့ဖွံ့ထွားထွား ရှန်းကြွနေသည်က စိတ်ညွတ်ချင်စရာ။

သိမ်ကျဉ်သော ခါးပေါ် ချပ်ချပ်ကပ်ကပ် ဝတ်ထားတဲ့ ထဘီ ...က တင်ပိုင်းလေးပေါ်မှ ဝိုက်ဆင်းကာ အိသွဲ့ကျနေသည်က ကိုယ် ...အလှကို ဖေးချင့်စဖွယ် ပေါ်လွင်စေတာ အမှန်။

လက်သည်းခြေသည်းကို ဘာဆေးရောင်မှ တင်မထား။

အဖြောင့်အတိုင်း ချထားတဲ့ ဆံပင်ပေါ် ဘီးကုပ်လှလှ တစ် ...တာ ဝမ်းဆက်နဲ့တစ်ရောင်တည်း။

စီးထားတဲ့ ပုံတော်ဖိနပ်က မြင့်မြင့်လေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အလေးချိန်ကို တင်သားများပေါ်တွင် ချိန်သားကိုက် တင်ရပ်နေခြင်းဖြစ်တာမို့ သူမ တင်ပိုင်းဝိုင်းက ရှိသင့်သည်ထက် ပြန့်ကားကားလေး ဖြစ်ကာ ကြွလှလို့နေသည်။

ပခုံးနှစ်ဖက် လုံးဝန်းနေပြီး ခါးကို ဖျော့ဖျော့လေးထားဟန်က လည်း ကန္ဒဲ့ကလျလေးနဲ့ အမူတစ်မျိုးပိုကာ ယောက်ျားတွေရဲ့ စိတ်နှလုံးကို စွဲမက်ဖွယ်ရယ်၊

တမင်တကာ ဖန်တီးထားခြင်းမဟုတ်တဲ့ သူမကိုယ်နေဟန်က သဘာဝအတိုင်း ဖြစ်သော်လည်း စွဲညို့မှုတွေ ပါနေတာက ထူးကဲတဲ့ အလှတစ်မျိုးနှယ်။

အနီလေးကိုယ်ဟန့် ဒီလောက် လန်းကြွနေမယ်လို့ ဒေတာ မထင်ခဲ့ပါ။ တည့်တည့်ကြီးမြင်ခါမှ သူနဲ့တွဲနေတဲ့ သီသီသာဆိုတဲ့ ကောင်မလေးနဲ့ ဖုန်းပြောနေတာပါ မေ့သွား၏။ ဖုန်းကို နားကချွာပြီး ကြည့်နေတာ အတော်အကြာ။

"လန်းတယ် မဟုတ်လား ကိုဒေ"

"လန်းတာထက်ပိုတယ်၊ အက်တာနဲ့ ကွာပဲ့"

"ကိုဒေနော်"

သူမထက် လန်းတယ်ပြောတော့ အက်တာဦး သဘောမကျချင် နှုတ်ခမ်းဆူတဲ့ညီမကို ဒေတာ ပခုံးလေးဖက်ရင်း –

"ဆောရီး အက်တာ၊ ဒါပေမဲ့ အက်တာနဲ့တော့ အနီ တန်းညီ





...နဲ့ ဘယ်ရမလဲ၊ ကိုဒေ့ညီမက ကောင်းကင်ဝါစံအိမ်ရဲ့ ဘုရင်မလေး၊ ...က အမိုင်းအခဲ"

"ဒါမှပေါ့ ကိုဒေရဲ့၊ အဲလို ခွဲခွဲခြားခြား သိစမ်းပါ"

"သိတာပေါ့ အက်တာရယ်၊ ဒါပေမဲ့ ပိုလန်းပိုကြွတာ ခုမှ ...သိတယ်"

"ဘာလဲ၊ သီသီသာတို့ ယွန်းရွှေစံတို့ထက် ဆွဲအားပါတယ် ...တာလား"

အက်တာက သူ့အကြောင်း အတွင်းသိအဆင်းသိလေ၊ အစ်ကို ...ပြီး ရှိန်မနေ။ ပွင့်ပွင့်လင်းလင်းမေးတော့ ဒေတာဦး ရယ်နေလိုက်သည်။

"ဒါပဲနော် ကိုဒေ၊ ယွန်းရွှေစံကိုတော့ ကိုဒေ ဖြတ်ထားဖို့ ...မကျူးနဲ့"

ဒေတာ ဘာမှ မပြောတော့ပါ။ ပြုံးမှုရပ်ပြီး နာရီတကြည့်ကြည့် ...နဲ့ တစ်ယောက်ယောက်ကို စောင့်နေဟန်တူတဲ့ အနီ့ဆီ အကြည့်ပို့၏။

"ဒါနဲ့ အနီက ဘယ်သွားနေတာလဲ"

"ကျောင်းတက်နေတာလေ"

"ဟွန်း"

ဒေတာ မျက်မှောင်ကုတ်ကြသွားသည်။ မာမီပြောတုန်းကတော့ ...ရှရတဲ့ကောင်မလေးမို့ အဖော်ရအောင် ခေါ်ထားတာပါတဲ့၊ ခုတော့ ...ကျောင်းတက်ခွင့်ပေးထားတာ အံ့ပါရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ခွင့်ရနေတာမို့ အနီက လန်းအောင်ပြင်ထားတာ ကောင်းကင်ဝါတိုက်နဲ့ နှစ်တိုက်ကျော်မှာနေတဲ့ ဒေါ်သီရိသွယ်ရဲ့တူ သီတာဦးနဲ့ ကျောင်းသွားဖက်ဖြစ်တာ အက်တာသိနေတာကြောင့် အံ့ဩ ဟန် မရှိပါ။

"မာမီက ကျောင်းတက်ခွင့်ပေးမယ်ဆိုပြီး ခေါ်ထားတာ ကျောင်းချိန်ပြီးရင် တိုက်ထဲကအလုပ်တွေ လုပ်ရမယ်လေ၊ ကိုဒေက အိမ်မကပ်တော့ အနီ ကျောင်းတက်နေတာတောင် မသိဖြစ်နေတာပေါ့"

ဒေတာဦး ခေါင်းတဆတ်ဆတ် ညိတ်မိသွားသည်။ ညီမပြော တာ မှန်နေတာကိုး။ သူ့မှာ အချိန်းအချက်တွေ များနေတာမို့ ညအိပ်ချိန် မှ တိုက်ထဲဝင်ဖြစ်တာ တစ်လနီးပါးရှိပြီ။

ဒယ်ဒီတောင် သတိထားမိပြီး ပြောသေးတယ်၊

"သား ဒေဒေ၊ တိုက်မှားပြီး ဝင်အိပ်မိနေဦးမယ်၊ သတိထား လို့"

ခပ်ရွဲ့ရွဲ့ပြောတာ ပူပူနွေးနွေးရှိသေးတယ် မဟုတ်လား။

"ကဲ ကိုဒေ့ကိုချည်းမပြောနဲ့၊ အက်တာလည်း လမ်းများများ ပဲ မဟုတ်လား"

"ကိုဒေ့ညီမပဲဟာ"

"အိုကော၊ ကိုယ့်ညီမ ကိုယ်နဲ့တူတာ ဂုဏ်ယူတယ်"

"အဟင့် ဂုဏ်ယူရုံပဲလား"





"ဘယ်လို"

"ဟုတ်တယ်လေ၊ ဂုဏ်ယူတယ် ပြောရုံနဲ့ ပြီးသလား။ အက်တာ့ကို ကိုဒေ့ဘော်ဒါအသစ် ဂျင်နဲ့ မိတ်ဆက်ပေးမယ်ဆိုတာလေ၊ ဒါ မိတ်ဆက်ပေးဦး"

"အိုကော၊ ဒီည ကလပ်မှာဆုံရင် မိတ်ဆက်ပေးတာပေါ့"

"ဒါမှကိုဒေ"

ဒီမောင်နှမ ဒီလိုမျိုး သွေးညီတဲ့ မောင်နှမ။ ဘယ်ကိစ္စဖြစ်ဖြစ် ကိုနဲ့ညီမ တစ်လေသံတည်း။

"ကဲ သားနဲ့သမီး။ ဒီနေ့ ခြေငြိမ်နေပါလား။ ဘယ်မှ သွားစရာ ဘူးလား"

မာမီရောက်လာပြီး ပြောလျှင် –

"ညမှ ကလပ်သွားမယ် မာမီ"

"ဒါကြောင့် အနားယူနေတယ်ပေါ့လေ"

"ဟုတ်"

အက်တာ ခေါင်းလေးညိတ်ပြသည်က ချစ်စဖွယ်မို့ ဒေါ်ဝါဝါရှိန် နှာလေး ရှုံ့မြူသွားသည်။

သမီးဆံပင်လေးကို ချစ်မြတ်နိုးစွာဖွပြီး –

"ကဲ အဲဒါဆိုလည်း ပြီးရော၊ မာမီ မိတ်ဆွေတွေနဲ့ တော်ကီ စရာရှိလို့ သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီပြောပြီး ပေါ်တီကိုအောက်မှာရပ်ထားတဲ့ ကားဆီသွား
သည်။

"စည်းမရှိဘူး မာမီ"

သမီးသတိပေးသလိုပြောတော့ ဒေါ်ဝါဝါရှိန် ပြုံးပြုံးလေး ခေါ်
ဆတ်ပြီး –

"မာမီဘာသာ မောင်းမှာပါ"

"ဟွန်း၊ နောက်ဆို သေချာပြောထားတာ မာမီရဲ့ မော
သွားစရာရှိတယ် ဆိုတာလေ"

"အေးပါ သမီးရယ်"

ဒေါ်ဝါဝါရှိန် အေးရာအေးကြောင်းပြောရင်း ကားမောင်း
နေရာ ဝင်ထိုင်လိုက်သည်။

စည်းဝိုင်း၊ မင်းဟာ တို့မိသားစုအတွက် ဒီလိုနေသွားရ
သိပ်ကောင်းမှာပဲ၊ ဖေဖေ အဲလိုပဲ တောင့်တကာ။

✿ ✿ ✿



## အခန်း (၀)

"ကျွီ"

ကားမှတ်တိုင်ဆီသွားနေတဲ့ အနီရောင်နား မာစီဒီးကားဖြူလေး
ထိုးရပ်လာသည်။

အနီ ငဲ့ကြည့်တော့ ကားမောင်းသူနေရာမှ စည်းဝိုင်း။

"ကားပေါ်တက်"

အမိန့်ပေးသလိုပြောသည်က နားမခံသာဖွယ်။ အနီမျက်နှာ
လေး မော့ကာ အကြည့်လွှဲပြီး –

"အနီ မေမေတို့ဆီ သွားမလို့"

"သိတယ်"

●

www.burmeseclassic.com



"ကျွတ် ရှင်က ဘယ်လိုသိသွားပြန်လဲ"

"အန်တီရှိန်ပြောတာ"

"အန်တီရှိန်ကလည်း ဘာလို့ပြောလိုက်ရတာလဲ မသိဘူး"

အနီ ရင်ထဲမှာ ငြီးငြူသလိုပြောရင်း ကားမှတ်တိုင်ဆီ အကြည့်ပို့လိုက်သည်။ အနီ ဒီကားမစီးချင်ပါ။

ဒီကားက အန်ကယ်စီးနေကြကား။ သူ ပိုင်စိုးပိုင်နင်း တက်မောင်းလာတာ အမြင်ကတ်ဖို့ ကောင်းနေသည်။

အန်ကယ့်ကားကို ယူမောင်းရုံမက အနီ့ကိုပါ ထိုကားပေါ် ခေါ်တင်နေတာလေ၊ အန်ကယ်သိရင် ငြိုငြင်ဦးမှာ။ ဒါကြောင့် အနီ ဒီကားမစီးချင်။

"မင်း ပဲများမနေနဲ့၊ ကားပေါ်တက်"

စည်းပိုင်းအသံချည်းနဲ့ ထပ်ပြောပြန်သည်။ ပြောလိုက်တိုင်း ပုဆိန်ပေါက်၊ ပေါက်တူးပေါက်။ မနာခံရင်လည်း တစ်မျိုး၊ နာခံရမှာ လည်း ဝန်လေးကာ။

"အနီ လိုင်းကားနဲ့ပဲ သွားလိုက်မယ်"

"ဘာကွ"

ကားတံခါး ဖွင့်ဆိုင်းငံ့လာသည်။ သူ့ပုံစံက အနီ ပြန်ပြောတာ ခံပြင်းလျက် အနီ့ကို မော့ကြည့်သည်က မကျေမနပ်။

"ဟို အနီ မောင်လေးတွေအတွက် မုန့်လေး ဘာလေး ဝယ်ရဦးမယ်၊ ပြီးရင် မေမေနဲ့စကားပြောဦးမှာ ကြာမယ်လေ၊ ရှင့်ကို အားနာလို့ပါ။ ရှင်က အန်တီရှိန်တို့သွားလာရင် လိုက်ပို့ရမယ် မဟုတ်လား"

"အဲဒါ ငါ့အလုပ်၊ မင်းကို ကားပေါ်တက်လို့ပြောရင် တက်လိုက်၊ အိုင်တင်ခံသလိုလို လုပ်မနေနဲ့"

"ကျွတ် ရှင်ဟာလေ"

အနီ့ခေါင်းလေး ခေါင်းထောင်လာသည်။ ပြန်ပြောလိုက်ချင်တဲ့ စကားလုံးက ရင်ထဲမှ ပြည့်ကျပ်ကာ အပြင်ကို ရှောရှောရှူရှူ ထွက်လာ။

"မြန်မြန်တက်ကွာ"

သူ့စကားမဆုံးခင် အနီ ဆောင့်အောင့်ကြည့်ရင်း ကားတံခါး ဖွင့်၏။ သူက အနီ့ကားပေါ်တက်လိုက်တာကို ကျေနပ်သွားသလို ပြုံး။

ကားကို လျှောခနဲ မောင်းထွက်သွားတာက မြန်လွန်းသည်။

အနီ ကားနောက်ခန်းမှာထိုင်ရင်း သူ့ကို မျက်စောင်း အကြိမ်ကြိမ် ထိုးပစ်၏။

အန်တီရှိန်တို့ တိုက်မှာ သူ မရှိရင် အကောင်းသားလို့လည်း အနီ တွေးမိပါသည်။

ဟုတ်တယ်လေ၊ ကောင်းကင်ဝါတိုက်ကြီးမှာ သူက ဟိုနေရာ







www.burmeseclassic.com

www.burmeseclassic.com



စပ်စပ်၊ ဒီနေရာပါပါ။

အနီ့အပေါ်မှာလည်း နိုင်စားချင်ချင်။

အနီ့ဘာသာ အန်တီရှိန်ကိုပြောပြီးလာတာ။ ကျောင်းကအပြန် မေမေတို့ဆီဝင်မယ်၊ ညနေမှ ပြန်လာမယ်လို့။

အန်တီရှိန်က "သွားလေသမီးရယ်" တဲ့ ရှောရှောရှူရှူ ခွင့်ပေးသလို မုန့်ဖိုးတစ်သောင်း ထုတ်ပေးသည်။

"သမီးမောင်လေးနဲ့ ညီမအတွက် မုန့်လေးဘာလေး ဝယ်သွားပေါ့တဲ့"

အနီလည်း ဝမ်းသာကာ ပိုက်ဆံတစ်သောင်းကို လွယ်အိတ်ထဲ သေချာထည့်ထားတာ။ ကျောင်းကအပြန် ဘတ်စ်ကားစီးမယ်၊ ကားဂိတ်ဆုံးမှာ မုန့်အစုံရောင်းတဲ့ဆိုင်ကြီးရှိတယ်၊ အဲဒီက မုန့်ဝင်ဝယ်မယ်လို့ ကိုယ့်စိတ်ကူးနဲ့။

ခုတော့ သူ့အမိန့်အတိုင်း ပါလာတဲ့အဖြစ်။

ဒါတင်မက စတိုးဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ကားရပ်ပြီး သူ ကားပေါ်ကဆင်းသွားသည်။ ပြန်လာတော့ မုန့်ထုပ်တွေဆွဲကာ အနီ့ကို ကမ်းပေးလျှင် –

"ဒါ ဘာလုပ်တာလဲ"

"နင်ပဲ မုန့်ဝယ်သွားမယ်ဆို"

"အို ဒီမုန့်တွေမဟုတ်ဘူး။ ဒီလောက် ဈေးကြီးတဲ့မုန့်တွေ





သံလည်း မဝယ်နိုင်ဘူး။ ပိုက်ဆံလည်း မရှိဘူး"

"နင့်ဆီက ပိုက်ဆံတောင်းနေလို့လား"

"အောင်မာ၊ အနီက သူများဟာ အလကားစားတဲ့လူစား မဟုတ်ဘူး။ ရှင့်ဆီက ပိုတောင် မစားသေး"

"မင်းစားဖို့ ဝယ်ပေးတာ မဟုတ်ဘူး။ မင်း မောင်နှမတွေ အတွက်"

"ရတယ် အနီ့ဘာသာ ဝယ်မယ်၊ ဒီဆိုင်ကြီးမှာလည်း မဝယ်ဘူး ရပ်ကွက်ထိပ်ကဆိုင်ကပဲ ဝယ်မယ်"

အနီ ပက်ခနဲပြောရင်း သူကမ်းပေးတဲ့ မုန့်တွေကို လှမ်းမယူဘဲ ပေကာတ်နေလိုက်သည်။

သူကလည်း မခေ၊ ဘုဆတ်ဆတ်နဲ့

"ရတယ် မယူနဲ့" ဆိုပြီး မုန့်ထုပ်တွေကို လမ်းပေါ် ပုံချ၏။

"ဟင်"

အနီ မျက်လုံးပြူးရပြီ။ ကြည့်စမ်း။ သူ သက်သက်ရွဲ့နေတာ။ မုန့်ထုပ်တွေက ဈေးကြီးပါဘိနဲ့။

သူကားစက်နှိုးတော့ "နေဦးလေ" လို့ ဟန့်တားရင်း ကမန်းကတန်း ကားပေါ်ကဆင်းသည်။

အနီ မုန့်ထုပ်ဆင်းယူတော့ သူက မသိချင်ဟန်ဆောင်ကာ ပြည်တည်လေး ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ထုပ်တွေနဲ့ အနီ ကားပေါ်ပြန်ရောက်တာနဲ့ သူ့ကားကို အရှိန်နဲ့ မောင်းကာ။

"တောက် လူစုတ်"

အနီ့ရင်ထဲမှာ မကျေမနပ် ရွတ်လျက်။

✿ ✿ ✿

## အခန်း (၉)

"နှစ်ယောက်တည်းက တစ်ယောက်ကို အမှတ်ပေးရမယ်ဆိုရင် သူဇာကတော့ သူ့ကိုပဲ အမှတ်ပေးမယ်"

"ဘယ်သူလဲ၊ ကိုဒွေကို မဟုတ်လား"

အနီ စိတ်ထဲက ယူဆတဲ့အတိုင်း ပြန်မေးလိုက်တော့ ပန်းသူဇာ [illegible]ခေါင်းလေး ရှုံ့မဲ့သွားသည်။

"ရှင်က ကိုဒွေကို အမှတ်ပေးချင်တယ်ပေါ့"

"ဟုတ်တယ်လေ၊ ကိုဒေက သူ့လိုမဟုတ်ဘူး။ နူးနူးညံ့ညံ့ [illegible]တယ်၊ အပြောအဆို အဆက်အဆံလည်း ချိုတယ်၊ ဘယ်သူ့အပေါ်မှ [illegible]တင်စီးစီး မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း၊ ရှင့်စိတ်က ကိုဒွေးကို ညွတ်နေလို့ ဖြစ်မယ်"

"သူနဲ့စာရင်တော့ ညွတ်ချင်ရင် ညွတ်ချင်စရာပေါ့ သူဇာရဲ့"

"အံမယ်၊ ကိုဒွေးကို ရှင် စိတ်ကူးနဲ့ မှန်းနေတယ်ပေါ့လေ"

"သဘောပြောတာပါ သူဇာရယ်"

အနီ စကားကို လျှော့ချလိုက်ရသည်။ သူဇာက အထအန ကောက်တတ်သူလေး မဟုတ်လား။

"သူဇာလည်း သဘောပြောတာပါ။ ကိုဒေနဲ့စည်းကို အမှတ်ပေး ရမယ်ဆိုရင် စည်းဝိုင်းကိုပဲ အမှတ်ပေးမှာ"

"အလိုလေ၊ ရှင်က စည်းဝိုင်းကို အမှတ်ပေးမယ်"

အနီ တအံ့တသြမေးတော့ ပန်းသူဇာက မြူးမြူးလေး ခေါင်း ညိတ်၏။ လုပ်လက်စအကျီ စီးကွင်းနှံထိုးနေရာမှလည်း ရပ်တန့်ကာ-

"ဟုတ်တယ်လေ"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ၊ စည်းဝိုင်းက သဘာဝဆန်တယ်"

"အလိုလေ"

သဘာဝဆန်တယ်တဲ့၊ အနီ အံ့သြရပြန်သည်။ အရိုင်းဆန်ဆန် နေထိုင်တတ်ရုံမက ဂျစ်တစ်တစ်နဲ့ အပိုးမကျိုးဖြစ်နေတဲ့ ငနဲကိုမှ။

ပန်းသူဇာက ဖန်တောင့်ကလေးတွေကို အကျီအရောင်နဲ့ တင် ထပ်တည်းကျအောင် ရွေးချယ်ပြီး ပန်းပွင့်ပုံဖော်ကာ စီးကွင်းနှံထိုးနေရာ





မှ ဆက်ပြောသည်။

"ရှင် အံ့သြသွားလား၊ အနီ"

"အံ့သြတာထက် ပိုပါတယ် သူဇာရယ်"

အနီ စိတ်ပျက်သံနဲ့ ဆိုသည်။ အနက်တီရှိန်တို့ဆီ အနီ ပြောင်းနေကတည်းက ပန်းသူဇာက စီးကွင်းနှံထိုးတဲ့အလုပ်ကို ဆက်လုပ် နေတာလေ၊

အနီအလည်လာတုန်း ပန်းသူဇာကို စီးကွင်းနှံဝိုင်းထိုးပေးရင်း အငယ်ချင်းနှစ်ယောက် စကားတွေ ပြေနေကြတာ။ နောက်ဆုံး ကိုဒေနဲ့ စည်းဝိုင်းဆီ ရောက်၏။

သူဇာက စည်းဝိုင်းကို အမှတ်ပေးမတဲ့၊ အနီ မအံ့သြဘဲ နေတဲ့လား။ အံ့သြတာထက်လည်း ပိုလွန်ကာ သူဇာက အံ့သြလွန်းနေ တဲ့အနီမျက်နှာလေးကို တည့်တည့်ကြည့်ရင်း ရှင်းပြသလို ပြောသည်။

"အံ့သြမနေပါနဲ့ အနီရယ်၊ ရှင်က စည်းဝိုင်းကို မျက်မုန်းကျိုး ထိတ်နဲ့ ကြည့်နေလို့ပါ"

"အံမယ်"

"ဟုတ်တယ်လေ၊ စည်းဝိုင်းရဲ့ကိုယ်ပိုင်ဟန်ကို ရှင် ကြည့်မရ တာ မဟုတ်လား"

အနီ မျက်လုံးဝိုင်းလေးနဲ့ သူဇာ့ကို စိုက်ကြည့်နေလိုက်သည်။ သူဇာက သိပ်ပါ့ဆိုတဲ့မျက်နှာရိပ်လေးနဲ့ အနီ့ကို ပြန်ကြည့်လျှင် အနီ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်လွှဲလိုက်သည်။ မလုံမလဲဖြစ်ကာ။

ထိုအခါ သူဇာ ပေါ့ပါးစွာပြုံး၍ အနီ့ပခုံးစွန်းကို ပုတ်ပြီးပြော

သည်။

"အနီရယ်၊ ရှင့်စိတ်ကို ပန်းသူဇာ ကောင်းကောင်းသိပါတယ်

ရှင်က တည်တည်တံ့တံ့ကလေး နေတတ် ထိုင်တတ်တော့ နည်းနည်း

အရိုင်းဆန်တဲ့အပြုအမူနဲ့ဆို ဘယ်သူ့ကိုဖြစ်ဖြစ် မျက်မုန်းကျိုးနေကျ

မဟုတ်လား"

"အို သူက ပိုကိုပိုတာ"

"အဲဒီလို တစ်ဖက်သတ် ပြောလို့မရဘူးလေ သူငယ်ချင်းရဲ့"

"ဟင်"

"ဟင် မနေနဲ့ သူဇာပြောမယ် သေချာနားထောင်၊ ဘယ်သူ

မဆို သူ့မှာသူ့ဟန်ရှိသလို သူ့မှာသူ့ဟန်အတိုင်း ပြုမူလှုပ်ရှားမှာပဲ၊ ကိုဒေက

ကိုဒေ, စည်းဝိုင်းက စည်းဝိုင်း, တခြားစီပဲလေ၊ ဒါကို ရောနှောကြည့်လို့

မရဘူး။ အရေးကြီးတာက ဘယ်သူ့ဟန်နဲ့ ဘယ်သူနေနေ တစ်ပါးသူ

အပေါ်မှာ ထိခိုက်နစ်နာအောင် မကျူးလွန်ဖို့ အရေးကြီးတယ် အနီရဲ့"

"ဟွန်း ကိုဒေက သူ့ဘာသာသူ အေးဆေးပါနော်၊ စည်းဝိုင်း

ဟိုလိုလို ဒီလိုလို ထိပါးပြီးပြောတာ၊ အနီ လုံးဝကြည့်မရဘူး၊ ရှင်က

အဲဒါကြီးကို ကြည့်ရတယ်ပေါ့လေ"

"သဘာဝဆန်တာကို သဘောကျတာပါ အနီရယ်၊ ဟင့် ဟင့်





သူဇာ သဘောတကျပြောသလို ကြည်နူးစိတ်လေးတို့ ဖျော်

ဝင်နေတာမို့ သူဇာ့ကို အနီ မျက်မှောင်ကုတ်ကြည့်ပြီး –

"ဘယ်လို၊ သ သဘောကျတာ ဟုတ်လား သူဇာ"

"ကျတယ်လေ၊ ယောကျ်ားဆိုတာ ဒါမျိုးမှ"

"ဘုရားရေ"

သူဇာ မြိန့်မြိန့်လေး ပြုံးလျက် မျက်နှာကို လက်ညှိုးလေးနဲ့

ပြသည်က သူ့အမွေးရိုင်းတွေကို စိတ်ဝင်စားစွာ။

အနီ ဘုရားတတော့ သူဇာ ခပ်ရှက်ရှက်လေးရယ်ရင်း –

"အနီရယ်၊ ယောကျ်ားပဲဟာ၊ အမွေးအမျှင်ရှိတာ ဆန်းတာမှ

ဟုတ်တာ၊ ယောကျ်ားဆိုတဲ့ မာန်တောင် ရှိသေးတယ်"

"တော်ပါတော့၊ အဲဒီမာန်ကြီးကို အမြင်ကတ်လွန်းလို့။ ဘယ်

...ကြည့်ကြည့် ရွံစရာကောင်းနေတာလေ၊ ပြီးတော့"

အနီ နှာခေါင်းလေးရှုံ့ပြီး ပြောထွက်မလို ဖြစ်သွားတဲ့ ပါးစပ်ကို

...နားကတန်း လက်နဲ့ပိတ်လိုက်မိသည်။

သူဇာက ပိတ်ထားတဲ့အနီ့လက်ကို ကမန်းကတန်းဖယ်ရင်း–

"ပြီးတော့ ဘာဖြစ်လဲ"

"အဲ"

အနီ ဘယ်လိုမှ ပြောမထွက်အောင် ရှက်နေမိသည်။ ဟုတ်

...လေ၊ အမွေးရိုင်းတွေက မျက်နှာသာမက ချိုင်းနဲ့ရင်ဘတ်မှာပါ...



www.burmeseclassic.com

www.burmeseclassic.com



တောထနေတာ မဟုတ်လား။

"အဲခနဲ ဘာဖြစ်သွားတာလဲ၊ ပြောလေ၊ နောက် ဘယ်မှ

တွေ ရှိသေးလဲ၊ အမွေးရှိုင်းတွေက"

"တော်ပြီဟာ မပြောတော့ဘူး"

"အဟင့် အနီရယ်၊ ရှင်မျက်မှန်းကျိုးနေလို့သာ ဒီလောက်

မျက်မှန်းကျိုးမနေလို့ကတော့ စည်းဝိုင်းတစ်ကိုယ်လုံးမှာ ဘယ်နေရာ

ဘာရှိနေလဲဆိုတာ အားလုံးသိနေလောက်မယ်"

"သူ့ဓာနော်၊ အနီက မြင်တာကိုပြောတာ"

"အေးလေ၊ အဲဒီမြင်တာက စည်းဝိုင်းရဲ့ ဘယ်နေရာက အမွေး

တွေလဲ"

"တော် တော်"

အနီ မျက်နှာလေး တကယ်နီသွား၏။ ဒီအကြောင်းတွေလည်း

ဆက်မပြောချင်တော့ပါ။ ရှက်လွန်းလို့လေ။

သူ့အမွေးကိစ္စက အနီကို သူဓာ စရော နောက်စရာ ဖြစ်သွား

တာက အနီ မခံချင်။

"တော်ပါမယ်ဟယ်၊ ဘာပဲဖြစ်ဖြစ် သူဓာကတော့ အမွေးရှိုင်း

တွေနဲ့ စည်းဝိုင်းကိုပဲ အမှတ်ပေးမယ်"

"ပေး ပေး၊ အမှတ်တင်မက ရှင့် တစ်ကိုယ်လုံးပါပေး"

"အောင်မယ်လေ၊ စည်းဝိုင်းက လိုချင်ပါတယ်ဆိုရင် သူ



တစ်ကိုယ်လုံးတင်မက တစ်ဘဝလုံးကိုပဲယူယူ၊ ပေးပြီးသား ရှင်ရေ၊

ပေးပြီးသား"

အနီ မျက်နှာလေးမဲ့ပြီး –

"ပေးပေါ့"

"ပေးမယ်၊ စည်းဝိုင်းအတွက်ဆို အချိန်မရွေးဘဲ"

"အေး အချိန်မရွေးတာ အလုပ်ဟဲ့အလုပ်၊ ဒီအကျီတွေ ညနေ

အပြီးပေးရမယ်ဆို"

"အင်း"

"အင်းဆိုပြီး စကားချည်းပြောနေတာ ပြီးမတဲ့လား။ မြန်မြန်

ချုပ်ပေးပါဟာ၊ တော်ကြာ မပြီးလို့ ရှင် နေ့တွက်မစီဘဲ နေဦးမယ်"

"အဲဒါကြောင့် ကြုံတုန်းကြိုက်တုန်း ဝိုင်းကူပါလို့ ပြောရတာ

ပေါ့"

"အနီလည်း ဝိုင်းကူတာပဲဟာ"

"အဲဒါကြောင့် အနီ့ကို ကျေးဇူးတင်ရတာ၊ မကြာမကြာ လာ

ကူညီပါလို့"

"ဟွန့်၊ တော်တော် ခင်ဖို့ကောင်းတဲ့ သူငယ်ချင်း"

အနီ မျက်စောင်းလှလှလေးထိုးတာက ခင်မင်ရင်းနှီးမှုတွေနဲ့ပါ။

သူဓာကလည်း အနီရဲ့ မျက်စောင်းလေးကို သဘောကျစွာ။

"တကယ်ပြောတာ၊ မကြာခဏ လာလည်တော့ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာပေါ့ဟာ၊ သူဇာတို့က ဘဝသမားတွေ မဟုတ်လား၊ သူဌေးကြီး
တွေလို စည်းစိမ်ဥစ္စာနဲ့ မိမ်မခံနိုင်ပေမယ့် ပါးစပ်စည်းစိမ်တော့ ခံရမယ်
လေ၊ ထင်တာ မြင်တာတွေ ပြောပြီးတော့ပေါ့"

"ဟုတ်ပြီ"

"ဟင့် ဟင့် ဟင့်"

နှစ်ယောက်သား သဘောတကျ ရယ်မိသည်က စိတ်ကြည်
စွာ။ ဟုတ်တယ်လေ၊ အနီတို့က ကိုဒေလို၊ မမအက်တာလို စည်းစိမ်ခံ
မယ့် ပစ္စည်းဥစ္စာမှ မရှိတာ။

ပါးစပ်စည်းစိမ်ပဲ ခံရမယ်လေ။

အဲဒါက အနီတို့လို မရှိဆင်းရဲသား လက်လုပ်လက်စားတွေ
မိမ်ခံနည်းတစ်မျိုး မဟုတ်လားကွယ်။

✿ ✿ ✿



အခန်း (၁၀)

"ဒေါက် ဒေါက်"

အခန်းတံခါးခေါက်သံကြောင့် အနီ စာကျက်နေရာမှ ခေါင်း
ထောင်သွားသည်။

"ဘယ်သူလဲ"

အနီ မေးသံမဆုံးခင်။

"ကိုယ်ပါ"

ကိုဒေ့အသံချိုချိုမို့ အနီ စာရေးစားပွဲရှေ့မှ ချက်ချင်းထလေ

"လာပြီ ကိုဒေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြောရင်း အခန်းတံခါး ဆွဲဖွင့်သည်။ အခန်းနံရံကို ကိုယ်လေးတစောင်းမှီပြီး ရပ်နေတဲ့ကိုဒေ။ မျက်လုံးရွဲကြီးနဲ့ အနီ့ကို ပြုံးအီအီလေး စိုက်ကြည့်၏။

ကြည့်တာက အနီ့မျက်နှာလေးတင်မဟုတ်၊ လည်တိုင်အောက် မှ တစ်ကိုယ်လုံးအနှံ့။ အနီ မျက်တောင်လေး ပုတ်ခတ်လုပ်၍ –

"ဘာလဲကိုဒေ၊ ဘာနိုင်းစရာရှိလို့လဲ"

အနီမေးတော့ ကိုဒေ မျက်ခုံးနှစ်ဖက်ကို လှုလှုကြီးပင့်လျက်-

"ကိုယ် ဗိုက်ဆာနေသလိုလိုပဲ၊ တစ်ခုခု စားရင် ကောင်းမလား လို့၊ အနီ ပြင်ပေးမလား"

"ပြင်ပေးမှာပေါ့ လာလေ"

အနီ သွက်သွက်ကလေး ပြောရင်း အခန်းထဲက ထွက်ခဲ့ သည်။ ထိုအခါ ကိုဒေက အနီတစ်ကိုယ်လုံးကို ထက်အောက် စုန်ဆန် ကြည့်လိုက်မှန်း အနီ သတိထားမိသည်။

အနီ ထမင်းစားခန်းဆီ ဦးတည်လာတော့ ကိုဒေလည်း ပါလာ သည်။ ကိုဒေ့ကိုယ်မှ မွှေးသင်းသောရနံ့လေးများက အနီ့နှာခေါင်းထဲ အဆက်မပြတ် တိုးဝင်လာလေသည်။

ထိုရေမွှေးနံ့လေးက စိတ်ကိုကြည်လင်စေတယ်၊ သွက်သွက် မြူးမြူးလေးဖြစ်စေတဲ့ စွမ်းအားတွေ ရှိတယ်လို့ အနီ ခံစားရသည်။

"ကိုဒေ ဘာစားမလဲ"





"ကော်ဖီနဲ့မုန့်လောက်ဆိုရတယ်"

"ခဏစောင့်၊ အနီ လုပ်ပေးမယ်"

"ရပါတယ် ဖြည်းဖြည်းလုပ်၊ ကိုယ်စောင့်နိုင်ပါတယ်"

ကိုဒေ ပြောဟန်လေးက တစ်ဖက်သားလုပ်ကိုင်ပေးချင်တဲ့ စေတနာပါလောက်အောင် ချိုသာ သိမ်မွေ့လှတယ်လို့ အနီယူဆသည်။

လုပ်ပေးကိုင်ပေးရတာကိုလည်း အနီ မပင်ပန်းလှ။

ကိုဒေသောက်နေကျ နက်စ်ကော်ဖီနဲ့ အသားညှပ်ပေါင်မုန့်ကို စားပွဲပေါ် ပြင်ဆင်ပေး၏။ ကိုဒေ ထိုင်ခုံမှာ မထိုင်သေးတာမို့။

"ထိုင်လေ ကိုဒေ"

"ကိုယ့်အခန်းထဲပဲ ပို့ပေးလေ ဖြစ်လား"

"ဖြစ်ပါတယ် ကိုဒေရဲ့၊ အနီ ပို့ပေးပါ့မယ်"

"အိုကေ"

ကိုဒေ ပြုံးရွှင်လျက် ရှေ့ကထွက်သွားသည်။ အနီက ဇွန်းနဲ့ ထဲ ကော်ဖီနဲ့ပေါင်မုန့်ပန်းကန် ထည့်သည်။ ပြီးတော့ လက်သုပ်ပဝါနဲ့ ရေမွှေးတစ်ဖန်ခွက်ထည့်ကာ အဖုံးဖုံးလိုက်သည်။

ကိုဒေက စားသောက်ပြီးရင် နောက်ဆုံးပိတ် ရေအေးပူပူလေး သောက်တတ်တယ် မဟုတ်လား။

ပြီးတော့ ကော်ဖီဗန်းလေးပင့်ပြီး အပေါ်ထပ်တက်ခဲ့သည်။ ကိုဒေ့အခန်းက အပေါ်ထပ် ဧည့်ခန်းကြီးရဲ့ညာဘက်က အခန်း။ အနီ



www.burmeseclassic.com

www.burmeseclassic.com



သိတာမို့ အခန်းတံခါးလေး အသာဖွင့်ကာ။

"ကိုဒေ"

လို့ခေါ်ရင်း အခန်းထဲဝင်သည်။ အခန်းထဲမှာ ကိုဒေရှိမနေ။

"ကိုဒေ"

အနီ ထပ်ဆင့်ခေါ်ရင်း အခန်းတစ်ခုလုံးကို ဝေ့ကြည့်သည်။ ကိုဒေ့အရိပ်အယောင်လည်း မမြင်ရ။

မမြင်ရလည်း အရေးမကြီးပါဘူး။ ကော်ဖီဇွန်းလေးကို ခေါင်းရင်းက စားပွဲပေါ်တင်ပြီး အခန်းထဲက ပြန်ထွက်လျှင် –

"အိုး"

အဝင်အဝမှာ ရင်ချင်းအပ်ဝင်တိုးသလို ဖြစ်ကာ ခန္ဓာကိုယ်ချင်း ထိကပ်သွားတဲ့နောက်မှာ နွေးနွေးဖိုဖို။

ထိုအခါ အနီ့ကိုယ်လေး ဓာတ်လိုက်ခံရသလို တန့်လျက် ခန္ဓာကိုယ်လေး တောင့်မတ်သွားသည်။

"ဆော ဆောရီး အနီ"

ကိုဒေ့နှုတ်က ဖွဖွဆိုရင်း အနီ့ပခုံးလေး ဆုပ်ကိုင်ကာ အနီ့ကိုယ်လေးကို ဖက်သလို ပွတ်တိုက်ပြီး အခန်းထဲဝင်သွားသည်။

အခန်းပြင်မှာ အနီ ကြောင်တောင်တောင်လေး ရပ်နေမိသည်က အထိအတွေ့ကြောင့် ရင်ကလေးဖိုစွာ။

အို မဆိုင်တာတွေ။ မတော်တဆ ရင်ချင်းအပ်ဆုံသွားတာလေ





အေကတောင် အားနာပါးနာနဲ့ ဆောရီးလို့ ဆိုသွားသေးတာပဲ၊ အနီ ာ အတွေးပိုနေတာပါ။ ဟုတ်တယ်၊ အနီ အတွေးပိုတာပဲဖြစ်မယ်၊

ဖိလိုက်တဲ့ ခံစားမှုလေးကို ဖြေလျော့ကာ အနီ အောက်ထပ် ဆင်းခဲ့သည်က ကိုယ်နဲ့စိတ်မလုံ့စွာ။ ဝိုပြီး မလုံလုသည်က အနီ ပေါ်ထပ်က ဆင်းလာတာကို အောက်ထပ်လှေကားဘေးရှိ အခန်းဝ ပြီး စေ့စေ့ကြည့်နေတဲ့ စည်းမျက်လုံးကြောင့် ဖြစ်သည်။

စည်းအကြည့်ကြောင့် အနီ တစ်ကိုယ်လုံး ရဲတွတ်သွားသလား ာက်မေ့ရသည်။ အနီမှာ ရှက်သလို ဘာသလိုဖြစ်ကာ လှေကားထစ် ကိုနင်းပြီး ဆင်းလာတာ၊ ခြေလှမ်းတွေ အလွဲလွဲအချော်ချော်။

"နေဦး အနီ"

အောက်ဆုံးလှေကားထစ်ကို နင်းမိလျှင် စည်း ခပ်ဆတ်ဆတ် သည်။ အနီ ခြေလှမ်းတန့်သွားပေမယ့် မျက်နှာကိုတော့ လွှဲထားမိ

"ဘာ ဘာလုပ်ဖို့လဲ"

"ပြောစရာရှိလို့"

"ပြော မြန်မြန်ပြော"

ပြောလို့ဆိုတော့လည်း သူ ချက်ချင်း မပြော၊ အနီ့ကိုမကြည့်တဲ့

"ပြောရမှာ အားနာလို့"

"ဘာ အားနာလို့ အားနာရင်မပြောနဲ့ပေါ့၊ ဒါပဲ အနီသွားမယ်"

www.burmeseclassic.com



အနီ ဘုဆတ်ဆတ်ပြောပြီး သူ့ရှေ့က ကိုယ်လုံးလေးခါပြီး ထွက်ခဲ့သည်။ ထိုအခါ သူ လှမ်းပြောသည်။

"အခန်းထဲရောက်ရင် မှန်ကြည့်ဖို့ မမေ့နဲ့" တဲ့။

"ဘုရားရေ"

အနီ ဒေါသနဲ့ လှည့်ကြည့်တော့ သူ ထိုအခန်းထဲ ပြန်ဝင်သွားသည်။ ဒါပေမဲ့ ပြောသည်က –

"မှန်ကြည့်ဖြစ်အောင်ကြည့်တဲ့"

"တောက် သေနာစုတ်"

အနီ ရင်ထဲက ပျစ်ပျစ်နှစ်နှစ် ပြောကာ အနီ့အခန်းလေးထဲ အနီဝင်ခဲ့ပြီး တံခါးကို အသံမြည်အောင် ဖိပိတ်၏။

"မှန်ကြည့်ဖြစ်အောင်ကြည့်တဲ့"

ဒါ ဘာအဓိပ္ပာယ်လဲ။ အနီ့ကို လှောင်တာလား။ ခနဲ့တာလား။ အနီနဲ့ ကိုဒေ ရင်ချင်းအပ်သလို မတော်တဆ ဆုံမိတာကို ရွဲ့ချင်လို့ အနီ့ကို မှန်ကြည့်ဖို့ ပြောတာလား။

အနီ့စိတ်မှာ ခံပြင်းစိတ်နဲ့ ဝေခွဲရခက်စွာ။

ရည်ရွယ်တာမဟုတ်တဲ့ မှန်တင်ခုံရှေ့ ထိုင်ချမိတဲ့အနီ။ မှန်ထဲမှာ ပေါ်နေတဲ့ အနီ့ပုံရိပ်လေးကို အနီ ကြည့်မိသွားလျှင် –

"ဘုရားရေ"

အနီ့ရင်အုံပေါ် အနီ လက်နှစ်ဖက်ယှက်တင်မိသလို ရှက်စိတ်ကလည်း မီးလိုပူသွားသည်။

ကြည့်စမ်း။ လည်ပင်းခပ်ဟိုက်ဟိုက်လေးဖြစ်နေတဲ့ ရှေ့ကွဲ ကြယ်သီးတပ်အင်္ကျီလေးက ရင်ညွှန့်တည့်တည့်မှ ကြယ်သီးတစ်လုံးပြုတ်ကာ အင်္ကျီအနားစလေးတစ်ဖက် လှန်နေသည်က ရင်နှစ်မြွှာ ဝင်းခနဲ ပေါ်နေတဲ့အဖြစ်။

"တောက်"

အနီ ဒေါသထွက်ရမှာလား။ ရှက်ရမှာလား။ အနီ ဝေခွဲရခက်စွာ။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အနီ တွေးရင်း တွေးရင်း ရှက်အားတွေ ပိုနေသည်။

ဘယ်သူနဲ့မှလည်း မျက်နှာချင်းမဆိုင်ရဲ။ အထူးသဖြင့် စည်းပိုင်းနဲ့လေ၊ သူသာ မပြောရင် ဒီလောက်ရှက်အားပိုနေမှာ မဟုတ်ဘူး။

တကယ်ပါလေ၊ အနီမှာ ဒီတစ်ခါတည်း ဒီလိုဖြစ်သွားတာ။ ဘယ်ကဘယ်လို ကြယ်သီးက ပြုတ်နေပါလိမ့်နော်။

အင်္ကျီလေးကို ရင်ဘတ်ကဆုပ်ကိုင်ရင်း ဒါပဲတွေးတွေးပြီး ရှက်နေတာလေ၊ မမအက်တာဆို အနီ့လို ရှက်နေမယ်မထင်ပါ။

ဘာဖြစ်လို့လဲဆိုတော့ မမအက်ဘာ အပြင်သွားရင် ဝတ်တဲ့ ဒီဇိုင်းက ရင်ညွှန့်မို့မို့လေး ရှန်းကြွကြွပေါ်နေတဲ့အထိ ဟိုက်ပြီသော





...ကျို့ပုံစံ။ ပြီးတော့ ပေါင်တစ်ဝက်သာရှိတဲ့ စကတ်လေးတွေ။

ကိုယ်တိဂါဝန်တိုတိုလေးတွေနဲ့၊ တစ်ခါတစ်ရံဆို လက်ကြိုး ...စ်လုံးလေးမျှသာ မပါတဲ့ ရင်ရှားပုံစံလေးသာ ဝတ်ဆင်တတ်၏။

ညအိပ်ချိန်ဆို ပိုဆိုးသေး။ ညဝတ်အင်္ကျီပါးပါးလွှာလွှာလေးက ...ပြီး အတွင်းက ဘာမှဝတ်မထားပေ။ အင်္ကျီပါးလေးနောက်က အသား ...ိုင်တွေ အတိုင်းသားမို့ မိန်းမချင်းတောင် မကြည့်ရဲတဲ့အဖြစ်။

မမအက်တာက အဲလို ဝတ်စားဆင်ယင်တာ ရိုးနေပါပြီ။ ...တ်စရာကောင်းတယ်လို့ မထင်ဘူးလား ဘာလားမသိ။ အနီ့မှာသာ ...ညွှန့်နေရာက ကြယ်သီးလေး ပြုတ်နေတာကို တွေးရင်း ရှက်မဆုံး။

ရှက်မဆုံးလို့ ဘယ်သူမှ အတွေ့မခံရဲ။ စည်းပိုင်းနဲ့တွေ့ရမှာ ...တ်ကာ တစ်ယောက်တည်း အခန်းအောင်းနေလိုက်တာ တစ်နေ့လုံး။

"အနီရေ"

ဒေါ်နွယ့်အသံကြားမှ အနီ ကိုယ်လေးလှုပ်ခါပြီး အသိဝင်လာ ...ည်။

"ရှိတယ် ဒေါ်နွယ်"

"အားရဲ့လား"

"အားပါတယ် ဒေါ်နွယ်ရဲ့"

"အဲဒါဆို လာကူပါလား"

"ကူမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အနီပြောရင်း အိပ်ရာပေါ်လှဲနေရာမှ ချက်ချင်းထကာ အခ
ပြင်ထွက်ခဲ့သည်။ ပြီးတော့ သတိရကာ အင်္ကျီကို ပြန်ငုံ့ကြည့်သည်။

လည်ပင်းအနားတွန့်လေးပါတဲ့ အင်္ကျီက ရင်အုံပေါ်မှာ ကပ်
ကပ်လေး။ ခေါင်းစွပ်အင်္ကျီလေးမို့ ကြယ်သီးမတပ်ဖြစ်မှာလည်း မပူ
တော့။

ရင်အုံလေး လုံလုံခြုံခြုံမို့ စိတ်က အနည်းငယ်ရဲလာသည်
ဒါနဲ့ မီးဖိုခန်းဆီ ခြေဦးလှည့်၏။

မီးဖိုခန်းက တိုက်ကြီးရဲ့အနောက်ဘက်မှာ သတ်သတ်။

အနီ့အခန်းက တိုက်ရဲ့အောက်ထပ်မှာ နားနေခန်းနဲ့ အဝင်
လှန်းတဲ့အခန်းတွေကို ဖြတ်ကျော်ပြီးမှ မီးဖိုခန်းရောက်မှာလေ၊

အနီ နားနေခန်းနားကဖြတ်တော့ -

"စည်း ဘယ်တော့သွားချင်တာလဲ"

အန်တီရှိန်မေးသံ။ ဘာရယ်မဟုတ် အနီ ခြေလှမ်းလေးတ
သွားသလို နားလည်း စွင့်မိသွားသည်။

သူ ဘာပြောမလဲဆိုတာပေါ့၊ သူက ချက်ချင်းပင် ပြန်ပြောသည်

"မနက်ဖြန်သွားဖို့ အားလုံး စီစဉ်ပြီးပြီ"

"စီစဉ်ပြီးရင် သွားပေါ့၊ ဘာနောက်ဆံတင်းစရာရှိလဲ၊ စည်
ရယ်"

"နောက်ဆံတင်းစရာ မဟုတ်ဘူး။ ကျွန်တော်မရှိတုန်း ပြဿ





တစ်ခုခု ဖြစ်လာမှာစိုးလို့"

"ဟွန်း"

သူ့စကားအဆုံးမှာ အနီ နှုတ်ခမ်းလေးမဲ့မိသည်။ ပြောပဲပြော
တယ်ပလေ၊ သူမရှိတုန်း ပြဿနာတစ်ခုခု ဖြစ်လာမှာစိုးလို့တဲ့၊

သူက ဘာမို့လဲ။ အလုပ်သမားက အိမ်ရှင်နေရာက ဝင်ပူနေ
ာ နားကြားပြင်ကပ်စရာ။ အန်တီရှိန်က ရယ်ရယ်မောမောလေးနှင့်
ပြောသည်။

"စည်းရယ်၊ ဘာပြဿနာရှိစရာလဲလို့"

"တခြား ပြဿနာ ဘာညာကိုပြောတာမဟုတ်ဘူး။ ဒီတိုက်ထဲ
ာ သူစိမ်းမိန်းကလေးရှိနေတယ် မဟုတ်လား"

"အလိုလေ"

အနီ မျက်မှောင်လေး ကြုတ်မိလေ၏။ သူစိမ်းမိန်းကလေးတဲ့။
အနီ့ကို ရည်ရွယ်ပြီး ပြောနေတာလေ။

"အနီ့ကိုပြောတာလား စည်းရဲ့"

အန်တီရှိန် ဖွဲ့မေးတော့ သူ ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ၊ နောက် ဘယ်သူရှိလို့လဲ"

"စည်းက စိုးရိမ်နေတာလား"

"စိုးရိမ်တာ ဘာညာကို ကျွန်တော်ပြောတာမဟုတ်ဘူး။ သူစိမ်း
ကလေးရှိနေတဲ့အတွက် အဖက်ဖက်က ပြဿနာဖြစ်လာနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ စည်းရယ်၊ အနီက ရိုးရိုးအေးအေးပါ"

"ရိုးအေးတာ တခြားပါ၊ ပြီးတော့ ဒေတာ့ကို အန်တီရှိ လွှတ်မထားနဲ့"

ဟွန်း၊ သူများသားအမိကြား ဝင်ပါပြန်ပြီ။ အန်တီရှိန်က သူ ဘာပြောပြော ရယ်ရယ်မောမောနှင့်သာ ပြောသည်။

"စည်းရယ်၊ သားကို အန်တီရှိန် ထိန်းနေပါတယ်၊ သား အန်ကယ်ရဲ့ တာရာစက်ရုံမှာ အလုပ်ဝင်လုပ်ပါလို့ နားချနေပါတယ် မကြာခင် အလုပ်ဘက် စိတ်ပါလာမှာပါ၊ စိတ်မပူနဲ့"

"စိတ်ပူတာက အန်တီ့သားရဲ့ဖကိုပြောတာ"

သူပြောလိုက်တာက အားမနာတမ်း။ အန်တီ့သားရဲ့ဖေ ဘာဖလဲ။ ကိုဒေက ဘာဖရိုလို့လဲ။

သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ လည်တယ်ပတ်တယ် သူဌေးသားမို့ သုံးတယ် ဖြုန်းတယ်။

အဲဒါ ဘာဖြစ်လဲ။ သူက မဆီမဆိုင် ပြောစရာလိုလို့လား အန်တီရှိန်ကလည်းနော် ဘာလို့ သူနဲ့ အရေးတယူစကားပြောနေရတာ လဲ၊

သူလိုအလုပ်သမား လူတွင်ကျယ်ကို အလုပ်တွေသာ အသေ မတတ် နိုင်းပစ်ဖို့ ကောင်းတာလေ။

ခုတော့ အလုပ်သမားက အိမ်ကြီးရှင် လေသံမျိုးနဲ့ ပြောဆို





တာတွေက ပိုပြီး မြင်ပြင်းကတ်ဖို့ ကောင်းတယ်။

"စည်းရယ်၊ စည်းက နေရာတကာ သားကို မကြည့်လင်တာ မျိုး ဖြစ်နေတာများလားကွယ်၊ သားက လူငယ်လေ၊ လူငယ်ပီပီ ပျော်ပျော်ပါးပါးနေတယ်၊ ဒါပဲဟာ၊ ဖရိုတယ်ပြောနေတာ သားကြားသွား လို့ စိတ်မကောင်းဖြစ်နေပါဦးမယ်၊ စည်းရယ်"

"စိတ်မကောင်းဖြစ်လည်း မတတ်နိုင်ဘူး အန်တီရှိန်၊ ပြောစရာ ရှိတာ ပြောရမှာပဲ၊ လူငယ်ပီပီ ပျော်ပျော်ပါးပါးနေတာ အပြစ်မဟုတ် ပေမယ့် အဲဒီအပျော်အပါးကိစ္စတွေကနေ ပြဿနာဖြစ်လာရင်"

"ဘာမှ မဖြစ်ပါဘူး စည်းရယ်"

အန်တီရှိန် ကမန်းကတန်း ဝင်ပြောသည်က သူ့စကားမဆုံးခင်။ ကို သူ သဘောကျဟန်မတူ။

"မဖြစ်တာ ကောင်းတယ်၊ ဖြစ်လာရင် အန်တီရှိန် ဘယ်လို ဖြေရှင်းမလဲ"

"စည်းရယ်၊ အန်တီက သားရဲ့အမေပါကွယ်"

"ဒါကြောင့် ကျွန်တော်သတိပေးတာ၊ ပြဿနာဖြစ်လာရင် ကျွန်တော် ဘာကိုမှ မူမှာမဟုတ်ဘူး"

ခြိမ်းခြောက်နေတာလား စည်းဝိုင်းရယ်။ ရှင်က အန်တီရှိန်ကို ခြောက်နေတာလား။ အန်တီရှိန်က ဘာမှမပြော နှုတ်ဆိတ်နေလိုက် အံ့ဩဖို့ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ။ စည်း ခရီးသွားတာသာ ဖြောင့်အောင်သွားစမ်းပါ
အားလုံးကိုစွ စိတ်ချ၊ ဟုတ်ပြီလား"

"အဲဒါဆိုလည်း ပြီးရော"

ပြီးပြီးရော ပြောလိုက်တဲ့ သူ့အသံနောက်မှာ အနီ မျက်စောင်း
ထိုးပစ်လိုက်သည်။

သွား မြန်မြန်သွား။ ရှင့်ကို ဒီတိုက်မှာ မမြင်ချင်တာနဲ့ အတော်
ပဲ။

ပြီးတော့ အတွေ့မခံရဲတဲ့ အရုက်ကိုစွလည်း ရှိနေတော့ ရှင်း
မတွေ့ရလေ ကောင်းလေ။

ဟုတ်တယ်လေ။

✿ ✿ ✿



## အခန်း (၁၂)

"ဒါလင့်ကို ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ"

ပြုံးချိုတဲ့မျက်နှာလေးနဲ့ အစဉ်ရွှင်လန်းနေတတ်တဲ့ အန်တီရှိန်း
တော့ အလိုမကျသံနဲ့ မျက်နှာလည်းတင်းနေသည်က အပူသည်နဲ့
နေသည်။

အနီ အန်တီရှိန်တို့အခန်းရောက်ခါမှ အခန်းရှေ့ ဆက်ဝင်သွား
ခြေလှမ်းနောက်တွန့်သွားသည်။

"ဒီအတိုင်း မပြောလို့ ဘယ်လိုပြောရမလဲ ရှိန်ရှိန်"

"ရှိန်ပြောတဲ့အတိုင်း ဖြစ်နိုင်အောင်ကြိုးစားမယ်ဆိုတာမျိုးပဲ
ကြားချင်တယ် ဒါလင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ခက်တယ် ရှိန်ရာ၊ သိပ်ခက်တယ်"

အန်ကယ်သက် စိတ်အိုက်သံကြီးနဲ့ပြောပြီး ခုတင်မှာ ထိုင်လိုက်သည်။ အန်တီရှိန်က မွေ့ရာခေါင်းရင်းမှာ အရှိန်အဝါကြီးစွာ မှီထိုင်နေရာမှ ခပ်ပွန်းသည်ကို အားမလိုအားမရ ဖြစ်လာဟန်တူသည်။

အန်ကယ်သက် ပခုံးစွန်းကို လှမ်းရိုက်ပြီး –

"ဘာခက်တာလဲ ဒါလင်"

"ဘာခက်ရမှာလဲ၊ ငါက ဖအေကွ၊ ဒီကောင်မျိုး ဒင်းကို ဘာ… လိုပြောထွက်မလဲ"

"ဒါဆို ရှိန်ပြောရမလား"

"ရပါလိမ့်မယ် ရှိန်ရယ်၊ ရပါလိမ့်မယ်၊ စည်းဆိုတဲ့ကောင်… ဘာကိုမှ မူတာမဟုတ်ဘူး။ ပြောစရာရှိလာရင် လူမျက်နှာကြည့်… မဟုတ်ဘူး။ ပက်ခနဲပြောချလိုက်ရင် ဒါလင်ပဲ အရှက်ကွဲမှာ၊ ဒါ… ရှိန် နည်းနည်းမှ မတွေးမိဘူးလား"

"အို ဘာတွေးစရာလိုလဲ၊ ဒါလင့်သူငယ်ချင်း မသောင်း… ထားတာ စည်းလည်းသိနေတာပဲ"

"မသောင်းပြောတုန်းကတောင် ဒီကောင် ခေါင်းညိတ်ခဲ့လို့… ရှိန်"

အန်ကယ်သက် ဒေါသထွက်သယောင်ပြောလျှင် အန်တီ… ဆတ်ဆတ်ထိမခံ။ တစ်ကိုယ်လုံး လှုပ်ခါသွားမတတ် တင်းကာ။





"အဲဒါ ဒါလင် သောက်သုံးမကျလို့"

"မင်း ဘာပြောလိုက်တာလဲ ရှိန်"

"နောက် မဟုတ်လို့လား။ အဲဒီကတည်းက လုပ်စရာရှိတာ …ဒီလုပ်ပစ်လိုက် ပြောတာကို ဒါလင်မှ လက်မခံတာ၊ အခု ကြာလာလေ …ဆိုးလေ၊ သမီးနဲ့တောင် မျက်နှာချင်းဆိုင်တော့တာ မဟုတ်ဘူး"

"ဘယ်ဆိုင်မလဲ၊ ရှိန့်သမီးက ယောကျ်ားလေးသူငယ်ချင်းတွေ …နဲ့ အုတင်ပေါင်တင်နေတာ မြင်နေလို့ ဒီကောင်ရှောင်တာ၊ ကိုယ်က ဒီ …ကောင့်ကို သမီးအခန်းထဲ ဖမ်းထည့်ပေးရင်တောင် ဒီကောင် ငြိမ်ခံနေ …မယ့် အစားထဲက မဟုတ်ဘူးကွ"

အန်နီ အအေးဗန်းလေးကိုင်ပြီး ရပ်နေရတာ ခြေတောင်ညောင်း …ပြီ။ ခုချိန်မှာ ဝင်သွားလို့လည်း ကောင်းမှာမဟုတ်ဘူး။

အန်တီနဲ့အန်ကယ် ပြောရင်းဆိုရင်း တစ်ယောက်ကိုတစ် …ယောက် ရန်စောင်နေကြတာလေ၊ ပြီးတော့ မမအက်တာနဲ့ ဒီကောင်တဲ့၊

ဒီကောင်ဆိုတာ ဘယ်သူ့ကို ပြောနေတာလဲ။ စည်းဖိုးကိုလား။ …နီ နားလေးစွင့်ထားရုံသာ တတ်နိုင်သည်မို့ နားစွင့်နေလျှင် –

"အို ဘာပဲဖြစ်ဖြစ် ချည်ပြီးတုပ်ပြီး ဖြစ်အောင်တော့လုပ်ရမှာ …"

"လုပ်လေ လုပ်ပေါ့၊ ရှိန်ဘက်က ပိုင်တယ်ဆိုရင် လုပ်သာလုပ်၊ …ာ်မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နောက်ထပ် ဘာမှမပြောနဲ့ စည်းပြန်လာရင် ရှိန်း သာရှိန် လုပ်စရာရှိတာ ဆက်လုပ်မယ်"

"ဟင်"

အနီ အံ့ဩလို့သွားသည်။ မမအက်တာနဲ့ စည်းဝိုင်းကို အန် ရှိန်က ဖွတ်ကြီး ဖြစ်စေချင်သတဲ့၊

ဘုရားရေ မတန်လိုက်တာ။ စည်းဆိုတာ အလုပ်သမားအ လေ။ အလုပ်သမားအဆင့်မှာတောင် အပိုးမကျိုးတဲ့သူ။ ဒီလိုလူနဲ့ အက်တာကို အန်တီရှိန် ဘာလို့ဖြစ်စေချင်ရတာလဲ နော်။

"အနီလေးရေ၊ အအေးလေး မြန်မြန်ယူခဲ့ပါဆို"

အန်တီရှိန့်အသံကြီး ဟိန်းထွက်လာမှ အနီ အတွေးရပ်

"ဟုတ် ဟုတ်ကဲ့ လာပါပြီ"

အနီ ကမန်းကတန်းပြေးရင် အခန်းထဲတန်းဝင်ကာ စားပွဲ လေးပေါ် အအေးဗန်းတင်သည်။ ပြီးတော့ အန်တီရှိန်နဲ့ အန်ကယ် ကို တစ်ခွက်စီ လှမ်းပေးပြီး အခန်းထဲက ထွက်၏။

အခန်းပြင်ရောက်မှ အနီ သက်မရှည်လေးချသည်။ ရင်ထဲ တော့ မမအက်တာနဲ့ စည်းကို လုံးဝသဘောမကျပေ။ မမအက်တာ တွဲနေတဲ့ လူရွယ်လေးတွေက တကယ့်အလန်းစားတွေ။

မနက်ကတောင် ဂျင်ဆိုတဲ့တစ်ယောက်။ မမအက်တာဆီ လည်သေး။ ဆံပင်ကအစ ခြေသည်းလက်သည်းအဆုံး ပုံသွင်းထား





ယ်နေရာကြည့်ကြည့် စိတ်ရွှင်လန်းစရာကောင်းနေသည်။

မမအက်တာက ဂျင်ကို အတော်ကြွေပုံရ၏။ အနီကို ရင်ဖွင့် ပြောခဲ့တာ နေ့လယ်က၊ ပူပူနွေးနွေးပင် ရှိသေးသည်။

"ဂျင်က (Dancer) သမား၊ အကအရမ်းကျွမ်းတာ"

"ကတာ ဘယ်မှာကတာလဲ"

"ဟွန်း အနီက သိပ်အတာပဲ၊ ဖျော်ဖြေရေးအကအဖွဲ့တွေ ရှိ ယ် မဟုတ်လား"

"အင်း"

"Rose King အဖွဲ့ထဲကပေါ့၊ ကိုဒေနဲ့အရင် တော်ဒါဖြစ်တာ ဂျင့်ကိုမြင်တာနဲ့ အက်တာ သဘောကျတယ်၊ အဲဒါနဲ့ ကိုဒေ့ကို ်ဆက်ပေးခိုင်းတာ၊ ကိုဒေကလည်း မိတ်ဆက်ပေးတယ်၊ အဲဒါနဲ့ ိသွားတာ၊ ဂျင်က မာနမရှိဘူးဟ၊ ပြီးတော့ အရှိန်ဝါကြီးတဲ့ အသိုင်း ိုင်းထဲက၊ ဘာချမ်းသာသလဲ မမေးနဲ့ အက်တာတော့ အရမ်းသဲဘော တာပဲ၊ ဂျင်ကလည်း အက်တာကို ကြွေနေတာ၊ အခု ဖြစ်နေတယ်"

လက်ဟန်လေးနဲ့ အိုကေလို့ လုပ်ပြတဲ့ အက်တာနှလုံးသားလေး လန်းဆန်းနေတာက နားထောင်ပေးရတဲ့ အနီစိတ်ကိုပါ ကြည်နူး သည်။

မမအက်တာနဲ့ ဂျင်ဆို ဟုတ်သေးတယ်၊ အနီ သဘောတူတယ်



www.burmeseclassic.com

www.burmeseclassic.com



လေး ခုဟာက စည်းနဲ့တဲ့။

အန်တီရှိန်ကလည်း ဘာစိတ်ကူးနဲ့မှန်း မသိဘူး၊ မမအက်တာ သိရင်တော့ မိုးမီးလောင်မှာ သေချာတယ်၊ နဂိုကတည်းက မမအက်တာ စည်းနဲ့ မျက်နှာကြောမတည့်တတ်ပေ။

မျက်နှာကြောမတည့်တာထက် မမအက်တာက ကောင်းကင် စံအိမ်ရဲ့ ဘုရင်မလေးပီပီ မာန်လေးတဝင့်ဝင့်နဲ့၊

"စည်း အက်တာ နေ့လယ် ရှော့ပင်ထွက်စရာရှိတယ်၊ ကား အသင့်ထုတ်ထား"

အဲလိုအမိန့်ပေးရင် ကိုရွှေစည်းပိုင်း အောက်သိုးသိုးကြည့်

"ကားက နှစ်ဆယ့်လေးနာရီ ပေါ်တီကိုအောက်မှာ အသင့် တယ်၊ စီးချင်တဲ့အချိန် တက်စီးသွား"

"အက်တာစီးဖို့ ရှင် ကားမောင်းပေးရမယ် ပြောတာ"

"အန်တီရှိန် မောင်းခိုင်းရင် မောင်းပေးမယ်"

"ကျွတ် စည်းပိုင်းစုတ်"

မမအက်တာ ခြေကလေးဆောင့်ကာ ချက်ချင်း နောက် လှည့်ပြီး အန်တီရှိန်ကို ဆွဲခေါ်လာသည်။

"မာမီ၊ မာမီ့ဟာကို ကြည့်ပြောထား။ အက်တာ ရှော့ပင်ထွ မယ် ကားမောင်းပို့လို့ပြောတာကို မာမီခိုင်းမှတဲ့လေ"

အက်တာ ကလေးတစ်ယောက်လို ဆိုးဆိုးနွဲ့နွဲ့ အမှုအယာ





တောပြော၏။ အန်တီရှိန်က ရယ်ကျဲကျဲနဲ့ စည်းနားသွားပြီး –

"စည်း"

ရွက်လှပန်းပင်တွေကို ကတ်ကြေးနဲ့ ညီအောင် ညှပ်နေရာမှ း လှည့်ကြည့်လျှင် –

"သမီးသွားချင်တဲ့ဆီ လိုက်ပို့ပေးပါကွယ်၊ နော် စည်း"

"ရပါတယ်"

အန်တီရှိန်ပြောလိုက်တာနဲ့ စည်းက လေသံလျော့ချပြီး တယ် တဲ့၊ အက်တာက မျက်စောင်းရင့်ရင့် ထိုးပစ်လိုက်သည်။

စည်းက မျက်နှာကိုမဲ့၏။ အပေးအယူမမျှတဲ့ မမအက်တာနဲ့

အန်တီရှိန်က ဘာစိတ်ကူးနဲ့ ဖြစ်စေချင်မှန်း အနီလည်း လို့မမီတော့ပါ။

မမအက်တာသိလိုက်တော့ ပွဲကြမ်းမှာ မြင်ယောင်သေး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"သမီးရယ် ဘယ်သူ့အကြောင်းမှ တွေးပြီး ခေါင်းခြောက်မခံ
နဲ့"

"အနီလည်း ခေါင်းခြောက်ခံပြီး တွေးနေတာ မဟုတ်ပါဘူး
မေမေရယ်၊ အန်တီရှိန့်ကို အံ့ဩနေတာပါ"

"ဒါက သူတို့မိသားစု အရေးလေ သမီးရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သမီးက အံ့ဩနေတာ။ စည်း
လူနဲ့ မမအက်တာကို ဖြစ်စေချင်တာကိုလေ၊ အနီ ယုံတောင် မယုံ
ဘူး၊ အနီနားနဲ့ ကြားလို့သာလေ"

"ကဲပါ၊ ကြားရင်ကြားတယ်လို့သာ မှတ်လိုက်၊ လာ သမီး





အမေ ကားဂိတ်လိုက်ပို့မယ်၊ တော်ကြာနေ မှောင်တော့မှာ သမီးရဲ့"

"အင်းပါ အမေရယ်၊ အနီလည်း သွားတော့မယ် ပြောမလို့
ဘာ၊ စကားမပြတ်နိုင်တာနဲ့"

"လာ လာ"

အမေက ရှေ့က ဦးဆောင်ပြီး အိမ်ပေါ်က ဆင်းသွားသည်။
အနီလည်း ကျောင်းစာအုပ်ထည့်ထားတဲ့ သားရေအိတ်ကို လွယ်ကာ
အိမ်ပေါ်မှဆင်းခဲ့သည်။

အဖေက ဆိုက္ကားဂိတ်မှာပဲ ရှိနေသေးတာမို့ ဖေဖေ့ကို ဝင်
နှုတ်ဆက်တော့ ဖေဖေပါ မေမေနဲ့အတူ အနီကို ဘတ်စ်ကားပေါ်တင်ပေး
ပြီး ပြန်သွားသည်။

ခါတိုင်း မေမေတို့ဆီ ပြန်ရင် စည်းဝိုင်း အတင်းပဲ လိုက်ပို့
နေကြ။ ပြန်ရင်လည်း စည်းဝိုင်းမောင်းတဲ့ကားနဲ့၊ ခုတော့ –

အို၊ အနီဘာအနီ ဘတ်စ်ကားစီးပြန်တာ စိတ်အေးလက်အေး
။ အန်တီရှိန်တို့နဲ့ နှစ်လမ်းကျော်က ကားမှတ်တိုင်မှာ ဆင်း၊ ဆယ်မိနစ်
လောက် လမ်းလျှောက်လိုက်ရင် ကောင်းကင်ဝါစံအိမ်ကို ရောက်ပြီလေ၊

ပြီးတော့ သူ့မျက်နှာမြင်နေရရင် အနီရှက်နေဦးမယ်၊ တကယ်
ကို ဒေ့လို မပြောဘဲနေလိုက်ရင် အကောင်းသား။ အနီမှမသိတာ။
သိတော့ ရှက်ဖို့မလို။

အခုသိနေတော့ ရှက်ရတာပေါ့၊ ရှက်တဲ့အရှိန်က မပြယ်သေး။



www.burmeseclassic.com

www.burmeseclassic.com



သူ ခရီးသွားနေတာကြောင့် မမြင်ရလေ အရှက်ပြယ်လေ၊

"အနီ"

အနီ အတွေးလေးနဲ့ အနီ ကားပေါ်ကဆင်းပြီး အနိတ်ီရှိန်တို့ လမ်းဆီ ဦးတည်လျှောက်လှမ်းခဲ့စဉ် နောက်ကခေါ်သံကြောင့် လှည့်ကြည့်တော့ –

"ဂျင်"

အနီ အံ့သြလို့သွားသည်။ ဂျင်က ကွမ်းယာဆိုင်ရှေ့ကနေ အပြေးတစ်ပိုင်းလာနေတာမို့ အနီ ရပ်စောင့်နေလိုက်သည်။ အနား ရောက်လာတော့ –

"ဘာပြောမလို့လဲ ကိုဂျင်"

"ဪ အဟက်၊ ကိုယ် ခုဏကတင် အက်တာကို ဖုန်းဆက်တာ၊ အက်တာက ကိုဒေ နေမကောင်းလို့တဲ့ စောင့်နေရတယ်"

"အဲဒီတော့"

"ကိုဒေကို အနီ ခဏစောင့်ပေးပါလား၊ အက်တာနဲ့ ကိုယ် တွေ့ချင်လို့၊ ကူညီပါ အနီရယ်၊ Please"

အမူအရာလှလှလေးနဲ့ ဂျင်က စိတ်ဝင်စားစဖွယ် ပြောပေ။ အနီက ဂျင်နဲ့အက်တာကို သဘောတူနေတာမို့ ချက်ချင်း ခေါင်းလေး ညိတ်ဖြစ်သည်။

"ရပါတယ်"





"အဲဒါဆို အနီရောက်တာနဲ့ အက်တာကို လွှတ်လိုက်၊ ကိုယ် မ်းထိပ်က စောင့်နေတယ်လို့"

"ပြောလိုက်မယ်လေ၊ ကိုဂျင် တစ်ခါတည်း မဝင်ခေါ်သွားပါ ား လာလေ"

"ဟိုမှာ ကိုယ့်ဘော်ဘော်တွေ ရှိနေလို့"

ကွမ်းယာဆိုင်နားမှာ ဂျင်လိုဒီဖိုင်းနဲ့ ရပ်နေကြတဲ့ လူငယ်လေး တွေကို လက်ညှိုးထိုးရင်း ဂျင်ပြော၏။

အနီ ခေါင်းလေးပဲညိတ်ကာ –

"ဒါဆို အနီသွားမယ်"

"အိုကေ၊ အက်တာကို ကားယူမလာနဲ့ ပြောလိုက်ဦး၊ ကိုယ် မှာ ကားပါတယ်၊ နေ နေ ကိုယ်ပဲ အက်တာကို ဖုန်းဆက်လိုက် ယ်"

ပြောရင်းဆိုရင်း အက်တာဆီ ဂျင် ဖုန်းခေါ်နေသည်။ အနီက သွားမယ်ပြောပြီး လမ်းထဲ သွက်သွက်ကလေး လျှောက်ဝင်ခဲ့သည်က အက်တာတို့အရေးကို ကူညီဖို့။

အနီ တိုက်ထဲဝင်တော့ မမအက်တာ ပြင်ဆင်ပြီး အပေါ်ထပ် ဆင်းလာတာနဲ့ စည့်ခန်းမှာဆုံသည်။

အနီ့ကိုမြင်တာနဲ့ မမအက်တာ ကျေနပ်အားရဖြစ်လျက်။

"အတော်ပဲ အနီရယ်၊ အနီရောက်လာတာနဲ့၊ ဂျင် ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြောတာလေ''

''ရပါတယ် သွားပါ မမရဲ့''

''မမနောက်ကျရင် စိတ်မပူနဲ့၊ သိလား''

ဒါပဲပြောကာ အနီ့ပါးလေးကို မထိတထိ ဆွဲလိမ်ရင်း ထွက်သွားရှာတဲ့ မမအက်တာ။

မမထွက်သွားတာနဲ့ အနီ ခြံတံခါးသော့ခတ်ပြီး တိုက်ထဲဝင်သည်။ အရင်ဆုံး အနီ့အခန်းထဲ အနီဝင်ပြီး ကျောင်းလွယ်အိတ်ထားသည်။

ပြီးမှ အပေါ်ထပ်တက်၏။

''ကိုဒေ''

ဟဟဖွင့်ထားတဲ့အခန်းထဲ မဝင်ခင် အနီ အသံပေးလိုက်သည်။

''လာလေ အနီ''

ကိုဒေ့အသံက ပုံမှန်အတိုင်း ချိုလွင်လျက်။ နည်းနည်းတော့ လေးနေသည်။ နေမကောင်းဖြစ်နေတယ်ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

အနီ အခန်းထဲ ဝင်သွားတော့ ကိုဒေက Sky Net ကြည့်နေရာမှ အနီ့ကို လှမ်းကြည့်သည်။

''နေမကောင်းဘူးဆို''

''နည်းနည်းပါးပါးပါ၊ ခေါင်းကိုက်ပြီး ကိုယ်တွေလက်တွေ





ညောင်းနေတာ၊ အဲဒါကို အက်တာက သွားစရာရှိတာ မသွားဘဲနဲ့ စိတ်ပူနေလား ဘာလေးနဲ့၊ ခုတော့ ဟိုက ဖုန်းဆက်တာနဲ့ အက်တာ တွေးအောင်ကာပြီး ထွက်သွားတာ''

''အနီနဲ့ဆုံပါတယ်၊ ဒါနဲ့ကိုဒေ ဆေးသောက်ပြီးလား''

''မသောက်ချင်တာနဲ့''

''အဲလိုတော့ ဘယ်ရမလဲ၊ ဆေးလေးတော့ သောက်မှပေါ့၊ နေဦး အနီသွားယူလိုက်မယ်''

''နေပါစေ အနီရယ်''

''ရမတဲ့လား''

အနီ ဒါပဲပြောပြီး ချက်ချင်း အောက်ထပ်ပြန်သည်။ အနီက ဆေးမြီးတိုလေးတွေ ဆောင်တတ်တယ် မဟုတ်လား။

အကိုက်အခဲပျောက်ဆေးပြားလေး ထုတ်၏။ ပြီးတော့ ကော်ဖီနဲ့ အသားအစာသွပ်ပေါင်မုန့်တစ်လုံးနဲ့ ရေနွေးပါမကျန် ယူပြီး အပေါ်ထပ် ပြန်တက်ခဲ့ရသည်။

ကိုဒေက စကိုင်းနက် ကြည့်နေဆဲမို့ –

''ခေါင်းကိုက်နေရင် မကြည့်နဲ့ပါလား ကိုဒေရယ်၊ အာရုံစိုက်နေတော့ ပိုပြီးကိုက်မှာပေါ့''

''ဟွန်း အခုမှ မာမီအသေးစားနဲ့ လာတွေ့နေတယ်၊ မကြည့်နဲ့ဆို မကြည့်ပါဘူး ဆရာမရယ်၊ ဟင့် ဟင့် ဟင့်''



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေ သဘောတကျပြောရင်း ရွှင်ရွှင်လေးရယ်ကာ တီဗီရှေ့ ထလာသည်။

ခုတင်ပေါ် ခြေတွဲလောင်းချထိုင်တော့ အနီက စားပွဲခုံပေ ပါ ဆွဲယူပြီး မုန့်ဗန်းတင်ပေးကာ –

“အရင်မုန့်စားဦး ကိုဒေ”

“အနီ့သဘောပါ”

ပြောလည်းပြောသလို အနီကမ်းပေးတဲ့ အသားသွပ်ပေါင်မုန့် ယူလျှင် သွယ်လျတဲ့ အနီ့လက်ချောင်းလေးကိုပါ တစ်ပါတည်း ဆွဲ သည်။

“ဟွန်း”

အနီ မျက်စောင်းထိုးတော့ ကိုဒေရယ်မောရင်း အနီ့လက် ချောင်းလေးတွေကို ဖြေလွှတ်၏။

“ဆောရီး အနီ”

ဆောရီးပြောရင်း ပေါင်မုန့်လုံးလေးကို စားနေလိုက်တဲ့ ကိုဒေ

အနီ မျက်လွှာလေးစင်းချလျက် လုပ်ပေးစရာရှိတာကို လုပ်ပေး နေရသည်။

ပေါင်မုန့်စားပြီးတော့ ကော်ဖီသောက်၏။ ပြီးမှ ဆေးပြားကလေး ကို ရေနွေးနဲ့မြှောသောက်သည်အထိ အနီ တာဝန်ကျေအောင် လုပ်ပေး လျက်။





အဲဒီတာဝန်ကျေမှုတွေက အနီ့အတွက် ကံကောင်းခြင်းတွေ သား။ ဒါမှမဟုတ် ကံဆိုးခြင်းတွေလား။

အနီ ရင်ထဲကအဖြေ ထုတ်ရခက်ရရှာ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၄)

"ဟိတ် အနီ"

"အမေ့"

အနီရင်လေး တသိမ့်သိမ့်တုန်ကာ အနောက်ကနေ သိုင်းဖ

လာတဲ့ မမအက်တာကြောင့် အနီကိုယ်လေး တုန်ယင်သွားခြင်း။

ထိုအခါ အတွေးလေးနဲ့ ဝမ်းနည်းနေတဲ့အနီ မလုံမလဲ ပြ

ချေသည်။

"မမအက်တာရယ်၊ အနီဖြင့် လန့်သွားတာပဲ"

"မှန်းစမ်း။ လန့်သွားတဲ့ မျက်နှာလေး"

အနီ့မျက်နှာလေးကို ဆွဲယူပြီး စေ့စေ့စပ်စပ်ကြည့်၏။ အနီ





လုံမလဲစိတ်နဲ့ မျက်နှာလေးက ချက်ချင်း သွေးရောင်လွှမ်း၏။

ဘာကြောင့်ရယ် မသိပါ။ မမက အနီ့မျက်နှာရဲရဲလေးကိုကြည့်

ပြီး သဘောကျသွားသည်။ ပြတင်းပေါက်နားရပ်နေတဲ့ အနီ့ကိုယ်ကို

ကတ်ထားရာမှ ဆွဲယူပြီး ခုတင်မှာ ထိုင်စေသည်။

"အနီလေးရယ်၊ အနီလေး လန့်နေတာမဟုတ်ပါဘူး။ ရင်ဖို

နေတာပါ၊ ကြည့်စမ်းပါဦး ဝါနုစ်မှုအိနေတဲ့ ပါးလေးတွေပေါ်မှာ ပန်းသွေး

ရောင် ဖိုလဲ့နေတာက သက်သေတည်နေတယ်လေ"

"အို မဟုတ်တာဘဲ"

"ဘာလို့မဟုတ်ရမှာလဲ အနီရယ်၊ အက်တာကို ညာလို့မရပါ

ဘူး အက်တာသိတယ်၊ မှန်မှန်ပြောစမ်း၊ ကိုဒေနဲ့ အနီလေး"

ဘုရားရေ၊ ရဲရဲတင်းတင်း လာမေးနေတဲ့ မမအက်တာကြောင့်

ပွင့်လွှန်းတဲ့အနီ့မျက်နှာလေး ပိုရဲသွားသည်။ မျက်တောင်လေးပါ စင်းကျ

သွားကာ ရှောင်ဖယ်လိုစိတ်နဲ့ မမအက်တာကို တွန်းဖယ်မိလေသည်။

အဲဒါကိုပဲ မမအက်တာ ပိုသဘောကျသလိုနဲ့ ရယ်မောလေပြီ။

"အနီရယ်၊ ပြောရမှာ ရှက်နေလို့လား"

အနီ့မေးဖျားလေးကို တယုတယ ကိုင်ရင်း လှုပ်ခါမေး၏။

"ရှက်မနေပါနဲ့၊ ဒါ ရှက်စရာမှ မဟုတ်တာ"

အနီ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ မမအက်တာ မျက်လုံး

ကြီး ဝင့်ကာ ပြုံး၏။ အနီ့ပါးနုနုလေးကိုလည်း ဖျစ်ကိုင်၍ -



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဒါ ရှက်စရာမှမဟုတ်တာ။ ကြည်နူး[illegible] ချမ်းမြေ့စရာလေ၊ အနီ ပြန်တွေးပြီး ခံစားကြည့်ပါလား။ ရင်ထဲ တ[illegible] သိမ့်ခနဲ၊ တရိပ်ရိပ်တက်လာတဲ့ ခံစားမှုလေးက ဘာနဲ့မှကိုမတူဘူး [illegible] ရဲ့"

မမအက်တာပြောနေတဲ့ စကားနောက်မှာ အနီ မျက်ရည်ဝဲ[illegible] သည်။ ဖွင့်မပြောရပါဘဲ အလိုလိုသိနေတာ အနီ ဟန်ဆောင်မတတ်[illegible] လား။

ဒါမှမဟုတ် ဖုံးဖုံးဖိဖိ မရှိလို့လား။ အနီကိုယ်အနီ အဖြေမထု[illegible] တတ်တော့ပါ။

"ကဲပါ၊ အနီလေးရယ် မျက်ရည်လေးစို့မနေပါနဲ့၊ အက်[illegible] လည်း မမေးတော့ပါဘူး။ အနီ့ဘာသာအနီ အေးဆေးတွေးပြီး ခံ[illegible] ကြည့်၊ နော်၊ အက်တာလည်း အနားယူလိုက်ဦးမယ်၊ ဂျစ်ကလေ သိ[illegible] တာပဲ၊ ဟင့် ဟင့် ဟင့်"

မမအက်တာ သူ့ဘာသာ သဘောကျကြည်နူးစွာပြောကာ [illegible] ပါးလေးကို မထိတထိ မွှေးကြူပြီး ကျောခိုင်းသွားလေသည်။

အနီ ဘာကိုမှ မမြင်ချင်တော့ပါ။ အနီ့မျက်လွှာလေးကို [illegible] အယာ ပိတ်ချမိသလို ခန္ဓာကိုယ်ကိုလည်း တောင့်မတ်ထားနိုင်စွမ်း မ[illegible]

ကိုယ်လေးကို ဖျော့ချကာ။ မွေ့ရာပေါ် ခွေချလိုက်သည်[illegible] အနီ စိတ်နှလုံးသား နွမ်းရော်ပျော့ကျလေသည်။





မမအက်တာက ဒါဟာ ရှက်စရာမဟုတ်ဘူးတဲ့။ ကြည်နူးစရာ [illegible]မြေ့စရာတဲ့လေ။

ဟုတ်လားကွယ်။ အနီ့မျက်လုံးထဲမှာ ထိုအဖြစ်လေး ပြန်မြင် [illegible]ာင်လာသည်။ ဆေးသောက်ပြီးသွားတဲ့ ကိုဒေက အနီကို ပြန်နားခွင့် [illegible]သေး။

နဖူးကြောလေးတွေ တင်းနေလို့ နည်းနည်းနှိပ်ပေးပါတဲ့၊ အနီ [illegible]ည်း ခေါင်းလေးညိတ်ရတာပေ့ါ။

ထိုင်လေ၊ ထိုင်ပြီးနှိပ်ပေးလို့ ဆိုတာနဲ့ အနီ ကိုဒေ့ခုတင်ပေါ် [illegible]ာရဲ့ ထိုင်ချတော့ မျက်နှာချင်းဆိုင်လို ဖြစ်သွားသည်။

ဒါပေမဲ့ ကိုဒေက မျက်လွှာစင်းချထားကာ ငြိမ်နေသည်မို့ [illegible]ည်း ကိုဒေ နဖူးကြောပြေအောင် တတ်သလောက်မှတ်သလောက် [illegible]ဖြစ်သည်။

ပြီးတော့ ဇက်ကြောနဲ့ပခုံး နှိပ်ပါတဲ့။

ကိုဒေ အိပ်ရာပေါ် ကိုယ်လေး လှဲချရင်းဆိုသည်။ အနီ လက် [illegible]များ တွန့်သွားတော့ ကိုဒေက အနီ့လက်ကလေးကို ဆွဲယူကာ [illegible]သည်။

အနီ ငြင်းရမှာလည်း အားနာနေသည်။ ကိုဒေက အနီ့တို့ရှိန် [illegible] မဟုတ်လား။ ခိုင်းတာလေးတော့ အနီလုပ်ပေးရမယ့်တာဝန် [illegible]ယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် အနီ ထထွက်သွားမယ်လို့ စိတ်ထဲ တွေးရှိနှ အနီ့ခါးကို သိုင်းဖက်ပြီး အိပ်ရာပေါ် လဲကျသွားအောင် ပြုလိုက် ကိုဒေရဲ့ အပြုအမူက မြန်ဆန်နေကာ။

"အို ကိုဒေ"

ထိတ်ထိတ်ပျာပျာ အသံလေး အနီ့ရင်ထဲမှ ခုန်ထွက် သို့သော် အနီ့ငြင်းဆန်သံလေး နောက်ထပ်ထွက်လာခွင့်မသာ။

ပူနွေးသော ကိုဒေ့နှုတ်ခမ်းလွှာ အနီ့မျက်နှာအနှံ့ ပွတ်တိုက် ရောက်လာချေသည်။ ဒါတင်မက အနီ့နှုတ်ခမ်းလေးတွေ ပွင့်ဟခွင့် အောင် အရမ်းကာရော ဖိကပ်ထားသည်က မြန်ဆန်သွက်လက်လှ သဖြင့် အနီ ရုန်းဖယ်တွန်းကန်ဖို့ အချိန်မရလိုက်ပေ။

အတွေ့ဆန်းမှာ အနီ လှိုက်မူးသွား၏။ ထို့ပြင် နှုတ်ခမ်း ချင်းသာမက ကိုယ်လုံးလေးပါ ဖိကပ်လာသောအခါ –

"ကိုဒေ အနီ အနီ"

အနီ့ရင်ထဲက ငြင်းဆန်နေတဲ့အသံတွေထက် ကိုယ့်ရဲ့ဖိစီးမှု က အရှိန်အားကောင်းနေသည်။

အနီ့ကိုယ်လေး လူးလွန့်လှုပ်ရှားကာ ရုန်းကန်နေခြင်းတွေ ကိုဒေက လိုရာသို့ ပါသွားအောင် သွေးဆောင်ပြုမူလိုနေသည်။

ကိုဒေရယ်၊ အနီ့ရင်ထဲမှာ တလှိုက်လှိုက်မူးကာ ဘာ ဘယ်လိုဖြစ်နေမှန်း မသိတော့ပါ။ လည်ချောင်းမှာလည်း ခြောက်





သည်။

အသံကုန် အော်ဟစ်ချင်စိတ်လည်းဖြစ်ကာ အော်ဟစ်လိုက်ပေ သည်။ အသံတွေက လည်မျိုအောက်ရောက်ကာ အသက်ရှူကြပ် ဘို ခံစားရ၏။

ကိုဒေရဲ့ သွက်လက်မြန်ဆန်လှတဲ့ လှုပ်ရှားမှုတွေနောက်မှာ ထိတ်ထိတ်လန့်လန့် မျောပါသွားတဲ့အဖြစ်။

အနီ ဝမ်းနည်းတာပဲ သိတယ်၊ ငြင်းဆန်ချင်စိတ်နဲ့ ရုန်းကန် ခွန်အားတွေလည်း အရည်ပျော်ကျသွားကာ နောက်ဆုံးတော့ ကိုယ်လေး နွမ်းဟိုက်ခွေလျတာပဲ သိတော့တယ်၊

"ကိုဒေရယ်၊ အနီ့ကို ဟင့် ဟင့် ဟင့်"

အနီ ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုချမိကာ။

"အနီလေးရယ်၊ တိတ် တိတ်၊ ဒါ ငိုစရာလား၊ ဟင့် ဟင့် "

ကိုဒေ့အသံလေးက ရွှင်မြူးကြည်သာလျက် အနီ့ကိုယ်လေးကို သပ်ချော့မော့ခြင်းနဲ့ နှစ်သိမ့်မှုပေးနေသည်။

အဲဒီနှစ်သိမ့်မှုမှာ အနီ ပျော်ဝင်ခြင်းကင်းစွာ။

ဝမ်းနည်းခြင်းအရှိန်နဲ့ ငိုချလိုက်သည်က ကိုဒေ့ရင်ခွင်ထဲမှာ အက တွယ်တာမက်မောစွာ ထွေးဖက်ထားရင်း အနီ့နားနားကပ်ကာ တိုးရွရွလေးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနီက ကိုယ့်နှလုံးသားအတွက် အားဆေးတစ်မျိုးပဲ၊ အ
ကြောင့် ကိုဒေနှလုံးသားက တခြား ဘယ်ဆီမှ ပျံသန်းနေဖို့ စိတ်မကူ
တော့ဘူး၊ အနီမှ အနီ။ အနီ့ကို ကိုဒေချစ်တယ်၊ အနီလည်း ကိုဒေ
ပြန်ချစ်ရမယ်၊ ကိုဒေကို အသည်းမခွဲနဲ့ အနီရယ်၊ ကိုဒေအသည်း
နုနုလေးရယ်၊ အနီရဲ့ ဟင့် ဟင့် ဟင့်"

ကိုဒေရဲ့ ရယ်မောသံလေး လွင်နေသည်။ ကိုဒေရဲ့စကား
လေး ချိုကြည်လျက်။ ဒီတစ်ခါ ကိုဒေရဲ့အသံ၊ ကိုဒေရဲ့ဟန်တွေ
အနီစိတ်ကို အရင်လို နားဝင်ပီယံ မဖြစ်စေတော့ပါ။

အနီ့ရင်ထဲမှာ ဆုံးရှုံးသွားတာပဲသိတယ်၊ အတွေ့အထိဆန်း
ရည်းစားတောင်မထားဘူးတဲ့ အနီ့ကိုယ်လေးကို လန့်ဖျပ်မိန်းမောသွာ
အောင် ထုံဝေစေလျက်။

ကိုဒေရဲ့ သွေးဆောင်မှုနောက် မျောပါသွားကာ။ အချစ်ဆိုတ
ဘာလဲဟင်။

အနီ ပြန်ချစ်ရမယ်လို့ဆိုတာ ဘာသဘောလဲ ကိုဒေရယ်
အနီ ဝမ်းနည်းလှတယ်။ ထိထိနိုက်နိုက် ခံစားရပါတယ်။ ဟင့် ဟ
ဟင့်။

✿ ✿ ✿



## အခန်း (၁၅)

တစ်ို့စို့ စိမ့်ထွက်လာတဲ့မျက်ရည်စတွေကို အနီ တို့သုတ်ရင်း
တ်ကို တည်ငြိမ်လာအောင် အနီထိန်းနေရတာ ပင်ပန်းလှသည်။
လုပ်စရာရှိတာကို တိတ်တိတ်ဆိတ်ဆိတ် လုပ်သလို ကျောင်း
ရာရှိတာကို သွားနေတဲ့ အနီဟာ သံပတ်ပေးထားတဲ့ စက်ရုပ်လို
သည်။

"အနီ ရှင့်ကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေတာလဲ"
သီတာ သတိထားမိဟန်တူသည်။ အနီ့ပခုံးကို ဆွဲလှည့်ရင်း
သည်။ အနီ ခေါင်းလေးယမ်းကာ –
"အနီ ဘာဖြစ်လို့လဲ သီတာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ အနီကြည့်ရတာ တစ်မျိုးဖြစ်နေသလားလို့"

"ထင်လို့ပါဟာ၊ စာမေးပွဲကလည်း နီးလာပြီလေ၊ စာကျက်

တာများလို့ ပင်ပန်းနေတာမျိုးပါ"

"အင်း ဒါပဲ ဖြစ်နိုင်တယ်၊ ကျောင်းဖွင့်ကတည်းက အနီ

စာကြိုကျက်မထားဘဲ အခုမှ စုပုံကျက်တော့ ပင်ပန်းမှာပေါ့"

အနီ ဆင်ခြေပေးတာကို သိတာ ယုံကြည်သွားဟန်တူသည်

အနီပြောတဲ့စကားနောက် လိုက်ပါပြောတာမို့ အနီ စိတ်သက်သာ

ရသလိုရှိ၏။

"ဟုတ်တယ်၊ အနီက အလုပ်တွေများနေလို့ တစ်နေ့စာတစ်

မကျက်ဘဲ ထားမိတာလေ၊ ခုတော့ ပန်းသလားမမေးနဲ့၊ ဟင့် ဟ

ဟင့်"

သိတာ ပိုယုံကြည်အောင် အနီ ထပ်ပြောရင်း ခြောက်

စွာ ရယ်လိုက်မိသည်။

"ကဲ ပန်းတယ်ဆိုလည်း အိမ်ရောက်ရင် စာချည်းဖိကျက်မ

နဲ့ဦး၊ အရင်အနားယူ ဟုတ်ပြီလား"

သိတာ ပြောတဲ့အတိုင်း အနီ ခေါင်းလေးညိတ်ကာ –

"ကဲ ရှင့်ရဲ့ကောင်းကင်ဝါ ရောက်ပြီ ဝင်ပေတော့။ သိတ

သွားဦးမယ်"

ကောင်းကင်ဝါစံအိမ်ရှေ့ရောက်ပြီမို့ သိတာ စကားစဖြတ်





ထွက်သွားလေသည်။ သိတာက ကောင်းကင်ဝါစံအိမ်ရဲ့ နှစ်ခြံကျော်က

ဟုရာခြံမှာနေတာလေ၊

သိတာ နှုတ်ဆက်ပြီး ထွက်သွားတာကို အနီ တွေတွေလေး

ကြည့်နေသေးသည်။ သိတာအရိပ်လေး ပျောက်တဲ့အထိပေါ့။ သိတာ

အရိပ်လေးပျောက်သွားမှ အနီ ခြံထဲဝင်သည်။

ဒီခြံဝင်းထဲ ခြေချမိတာနဲ့ အနီ့ရင်မှာ လေးလေးလံလံ ခံစားရ

သည်။ အနီစိတ်က အရင်လို လန်းလန်းဆန်းဆန်း ဖြစ်မနေ။

"အနီ"

ညည့်ခန်းကို ဖြတ်ပြီး အနီ့အခန်းလေးဆီ ဦးတည်သွားနေတဲ့

အနီ ခေါ်သံနဲ့ တစ်ပြိုင်နက် အနီ့ကိုယ်လုံးလေးကို ဆွဲဖက်ခံရ၏။

"အို"

အနီ လန့်လန့်ဖျပ်ဖျပ် ဖယ်ရှားရင်းကြည့်တော့ ကိုဒေ။ ဆွဲ

ထားတာကိုလည်း မလွှတ်၊ စာဖတ်ခန်းထဲ ဆွဲသွင်းရင်း အနီ့နှုတ်ခမ်း

ပြည့်လေးကို မွှတ်သိပ်စွာနမ်း၏။

"ကိုဒေ"

အနီ ကြေကွဲစွာခေါ်ရင်း ကိုဒေမျက်နှာကို တွန်းဖယ်မိ၏။

နီပဲ တွန်းဖယ်တာ နေးသလား ကိုဒေပဲ မြန်ဆန်သလား အနီ

ခြားနိုင်တော့ပါ။

အနီ့နှုတ်ခမ်းမှာ စွဲထင်သွားတဲ့ ကိုဒေ့အနမ်းကို အနီမနှစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အနီ့နှုတ်ခမ်းကို အနီ လက်ခုံလေးနဲ့ ပွတ်သုတ်လျက် အနမ်းတွေကို ဖယ်ရှား၏။

"အနီကလည်း ဘာဖြစ်နေတာလဲ"

"အနီ့ကို"

"ချစ်လို့ နမ်းတာပဲ အနီရယ်"

အနီ့စကားမဆုံးခင် ကိုဒေပြောရင်း နောက်တစ်ကြိမ်နမ်းဖို့ ကြိုးစားသည်။ အနီ ကမန်းကတန်း ဖယ်ရှားပစ်ရင်း –

"အနီ့ကို နောက်ထပ် ဝမ်းနည်းရအောင် မလုပ်ပါနဲ့ ကိုဒေရယ်"

"ဝမ်းနည်းရအောင်တဲ့လား အနီရယ်၊ ကိုဒေချစ်တာကိုလည်း ထည့်တွက်ဦးလေ"

"ချစ်တာ ဟုတ်လား ကိုဒေ"

အနီ မျက်ရည်အဝဲသားနဲ့ ဝမ်းနည်းစွာ မေးသည်။ ကိုဒေက သူ့ကိုယ်ပိုင်မူဟန်အတိုင်း ပေါ့ပေါ့ပါးပါးလေး ပြုံး၏။ လက်ချောင်းတွေက လည်း အငြိမ်မနေ။ အနီ့ဆံပင်လေးကို ယုယသိမ်းဖယ်ရင်း –

"ချစ်လို့ပေါ့ အနီရယ်၊ ချစ်လို့သာ အနီ့ကို"

"တော်ပါတော့ မပြောနဲ့တော့၊ အနီ နားပါရစေ"

ဒါပဲပြောပြီး ဆွဲထားဖို့ကြိုးစားတဲ့ ကိုဒေလက်ကို ရှောင်ကာ အနီ ပြေးထွက်ခဲ့မိသည်။





"အနီ"

ကိုဒေခေါ်ရင်း အားမလိုအားမရနဲ့ နောက်က လိုက်လာသည်။ အနီ့အခန်းရှေ့ရောက်တော့ အနီ့လက်ကို ဖမ်းဆွဲသည်။

"လွှတ်ပါ ကိုဒေရယ်၊ တစ်ယောက်ယောက် မြင်သွားပါဦးမယ်"

"ဘယ်သူမြင်မှာလဲ"

"အန်တီတို့ အန်ကယ်တို့လေ"

"ဒယ်ဒီနဲ့မာမီ မရှိဘူး။ ပဲခူးသွားတယ်၊ အက်တာလည်း သွားတယ်လေ"

"အို ဘယ်သူပဲရှိရှိ မရှိရှိ၊ မြင်မြင် မမြင်မြင် အနီ နားချင် ယ်၊ ကိုဒေ လိုက်မလာနဲ့"

အနီ ခပ်တင်းတင်းပြောပြီး အခန်းထဲ ဖွတ်ဝင်ခဲ့သည်။

အနီ့အသံလေး တင်းနေတာမို့ ဒေတာ နောက်မဆုတ်ချင်ဘဲ ဆုတ်ခဲ့ရသည်။

ရင်ထဲမှာတော့ တောင့်တနေတဲ့ခံစားချက်က မီးလိုပူကာ။

"ကျွတ် အနီ"

ရင်ထဲမှာ အလိုမကျမှုတွေနဲ့ ဆူပွက်နေတာ ကိုယ်တိုင်သိသည်။ ယာညှတ်ပျောင်းစေတဲ့ ခံစားမှုတွေ ပေးထားရဲ့နဲ့ တသသဖြစ်မနေတဲ့ အနီ့စိတ်ကို ဒေတာ အံ့သြနေသည်။

ဒေတာကိုဆို ဘယ်မိန်းကလေးဖြစ်ဖြစ် စွဲ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝတာဆန္ဒရှိလို့ စကားလေးလမ်းကြောင်းလိုက်တာနဲ့ တံခါးဖွင့်ကြိုဆိုပြီးသား။ ခုတော့ အနီက တစ်မျိုး။

ဒါကိုပဲ တွေးပြီး ဝမ်းနည်းနေတာ အံ့ဩရသည်။

ဒါပေမဲ့ ဒေဝတာကို ဒီလိုနည်းနဲ့တော့ ရှောင်ဖယ်နေတာ ဒေဝတာမခံချင်။ ဒီတစ်ကြိမ်တော့ ရှိစေတော့။

ဒေဝတာ့ဆန္ဒကို ဒေဝတာ တစ်ရစ်လျှော့ကာ ကိုယ့်စိတ်နဲ့ကိုယ်ဖြေနိုင်ဖို့ ကြိုးစားရတဲ့အဖြစ်။

✿ ✿ ✿



## အခန်း (၁၆)

"အနီလေးရေ"

အန်တီရှိန် လှမ်းခေါ်တာကြောင့် အနီလေး ဘုရားတင်ဖို့ ပန်းပန်းတွေခူးနေရာမှ လှည့်ကြည့်ရင်း ထူး၏။

"ရှင် အန်တီရှိန်"

"ခဏလာပါဦး"

"ဟုတ်ကဲ့"

ခူးပြီးတဲ့ပန်းတွေကို ကိုင်ထားရက်နဲ့ အန်တီရှိန်ဆီ လှမ်းခဲ့သည်။ အန်တီရှိန်က တိုက်ရဲ့ဘေးဘက် မျက်နှာစာရှိ ပေါ်တီကိုအောက်မှာ ရပ်စောင့်ကာ ဟိုလျှောက် ဒီလျှောက်နဲ့ စိတ်မငြိမ်မသက် ဖြစ်နေတာန်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အနီ ပေါ်တီကိုအောက်နားရောက်လျှင် –

"အန်တီရှိန်"

"ဩော် အေး သမီး။ အန်တီရှိန်ကို အခန်းရှင်းပေးပါကွယ်"

"ဟုတ်ကဲ့ ရှင်းပေးပါ့မယ်"

"စည်းဝိုင်းအခန်းကိုနော်"

"ဟင်"

အနီလေး နေရာမှာတင် ကိုယ်လေးတောင့်မတ်သွားသည်။ စည်းဝိုင်းအခန်းကိုတဲ့၊ အန်တီရှိန်က မဆုံးသေးတဲ့စကားကို ဆက်ပြော၏။

"ဟုတ်တယ်၊ စည်းအခန်းကို သန့်ရှင်းရေးလုပ်ပေးပါကွယ်၊ စည်း ခရီးသွားတာ ပြန်လာတော့မယ်၊ ခုချက်ချင်းလုပ်ပေး"

"ဟုတ် ဟုတ်ကဲ့ အန်တီရှိန်"

အနီ ကမန်းကတန်း ခေါင်းညိတ်လိုက်ရသည်။ အနီ ငြင်း[illegible] ရမတဲ့လား။

"သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်းလေးဖြစ်အောင် လုပ်ထား လိုက်၊ ခရီးကပြန်လာတဲ့သူ အမောပြေအောင်လေ"

"စိတ်ချပါ အန်တီရှိန်"

အနီ လက်ထဲကိုင်ထားဆဲ ပိန်းပန်းတွေကို အန်တီရှိန်ကြည့်[illegible] ပြောတာ ဘာသဘောပါလိမ့်။





စည်းဝိုင်းခရီးထွက်သွားကတည်းက အန်တီရှိန်မျက်နှာမှာ အပူ[illegible]တွေ ဟပ်နေတာကရော ဘာကြောင့်လဲ။

ဘာကြောင့်ဖြစ်ဖြစ်လေ အနီနဲ့ ဘာမှ ဆိုင်တာ မဟုတ်ဘူး။ [illegible]တာလေးတော့ လုပ်ပေးရမယ့်တာဝန်ရှိတယ် မဟုတ်လား။

ဒါကြောင့် အနီ တိုက်ထဲတန်းဝင်ခဲ့သည်။

စည်းအခန်းက တိုက်မျက်နှာစာဘက်က ခေါင်းရင်းခန်း။

စည်းအခန်းက သော့ခတ်မထား။ ကျွန်းတံခါးမကြီးသာ စေ့[illegible]ထားသည်။ တံခါးလက်ကိုင်ဘုကို အသာလှည့်ဖွင့်ပြီး အခန်းထဲ[illegible]လျှင် –

"ဟင်"

အနီ မျက်နှာလေး ဖြန်းခနဲ ပူသွားလေသည်။

"ရှူး"

အခန်းထဲမှာ ဂျင်နဲ့မမအက်တာ။ အနီကို တွေ့တာနဲ့ ဂျင့်[illegible]ခွင်ထဲကနေ မမအက်တာ တိတ်တိတ်နေဖို့ အချက်ပြသည်။ အနီ [illegible]ထွက်သွားရခက်သလို ရပ်နေဖို့လည်း မျက်နှာပူလျက်။

အနီ မျက်လွှာလေးချနေလိုက်တော့ အက်တာနဲ့ဂျင် လူချင်း[illegible]သည်။

အက်တာက အနီ့နားလာရပ်ပြီး –

"မာမီ့ကို ပြန်မပြောနဲ့အနီ။ မာမီတွေလို့ ဒီအခန်းထဲ ဝင်နေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အနီက''

''ဩော် အန် အန်တီရှိန်က စည်းအခန်း ရှင်းပေးပါဆိုလို့''

''အဲဒါဆို ခဏနေဉ် ခဏ''

မမအက်တာ သွက်သွက်မြူးမြူးလေး ပြောရင်း အနီ့ရှေ့က ခွာသွားပြန်သည်။ ဂျင်က ဘာကိုမှ မမှုသလို ခုတင်မှာလှဲနေရာမှ အတ် တာ့ပခုံးကို ဆွဲဖက်၏။ အနီရှိနေတာ သူတို့နှစ်ယောက် ပြုချင်ရာပြုနိုင် ဝန်မလေးစွာ။

အနီပဲ မျက်နှာပူတာ မခံနိုင်တာမို့။

''မမတို့ နေရင်နေကြဦးလေ၊ အနီ ပန်းသွားခူးလိုက်မယ်''

''အေး အဲဒါကောင်းတယ်၊ ဒါပေမဲ့ မာမီမသိစေနဲ့နော်၊ ဂျင် သိပ်မကြာခင် ပြန်တော့မှာ''

''ဟုတ်''

အနီ ဟုတ်တစ်လုံးတည်း တစ်တစ်ဆို့ဆို့ ပြောရင်း အခန်းထဲက ပြန်ထွက်ခဲ့သည်က ရင်ပူစွာ။

အန်တီရှိန်ကို အနီ အကဲခတ်ကြည့်မိတော့ စာဖတ်ခန်းထဲ ဝင်သွားတာ တွေ့ရသည်။

အန်တီရှိန် မရိပ်မိအောင် အနီ လှစ်ခနဲ ခြံထဲပြေးဆင်းဖို့ပြင် လျှင် –

''သားကို မာမီပြောပြီးသားနော်''





''သား နားလည်ပါတယ် မာမီရာ''

''နားလည်တယ်ဆိုပြီး ထင်ရာတွေ လျှောက်မလုပ်နဲ့၊ ဂျင့်ကို မာမီ သဘောမကျဘူး''

ဒေတာ မသိမသာ သက်မလေးချကာ –

''မာမီရယ်၊ မာမ့်ရင်ထဲက သောကကလည်း ပွလောင်လိုက် တာ''

''ပူလောင်တယ်၊ ဟုတ်လား သား''

''ပူတာပေါ့၊ မာမ့်မြင်ရတာ သားတို့ရင်ထဲပါ ပူတယ်၊ ပေါ့ပေါ့ ပါးပါးနေစမ်းပါ မာမီရယ်''

''မနေနိုင်လို့ပေါ့ သားရယ်၊ မနေနိုင်လို့ပေါ့''

''သားတို့ကတော့ ပျော်ပျော်ပဲ နေနိုင်တယ် မာမီ၊ ပျော်သလို နေပြီး စိတ်ကူးတယ်၊ မာမီက အဲဒီသောကတွေနဲ့ ဒယ်ဒီ့အပေါ်လည်း သံသယလာစိမ်းနေတယ် မဟုတ်လား''

''အံမယ်၊ သား ဒယ်ဒီက အဲလိုပဲပြောလား''

ဒေတာက ဟက်ခနဲ ရယ်ချရင်း –

''မာမီကလည်း ဒယ်ဒီကို ငဲ့စမ်းပါ။ ဒယ်ဒီက မာမီမှမာမီပါ။ မာမီကလာစိမ်းနေတော့ ဒယ်ဒီ သောက်ပဲသောက်နေတာ။ ကြာလာရင် ဒယ်ဒီ စွဲသွားလိမ့်မယ်''

''ဘာစွဲမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အရက်လေ အရက်"

"ဟွန်း။ ဖအေဘက်က အစွယ်ကောင်းတဲ့သား"

"သားတို့က ဒယ်ဒီကို အရက်မှုစွဲစေချင်ဘူး။ မာမီကိုစွဲနေရင် ပြီးရော"

"ကဲ တော်တော့ သားတော်မောင်ရယ်၊ သားဒယ်ဒီကို မာမီ ပစ်မထားပါဘူး။ သား ဒယ်ဒီကသာ ပြောရင်ပြောတဲ့အတိုင်း လုပ်မပေး တာ။ အဲဒီအတွက် မာမီတင်းနေတာ။ ဒါကြောင့် မာမီအစီအစဉ်နဲ့ မာမီ၊ စည်းလာတော့မှာလေ"

"ခေါက်ထားလိုက်ပါ မာမီရာ"

"ခေါက်ထားလို့ မရတော့ဘူးသားရဲ့"

"ကျွတ်"

ဒေစာဦး ခေါင်းရှုပ်သွားသည်။ ဆံပင်တွေကို လက်ချောင်းတွေ နဲ့ ထိုးဖွရင်း ထိုင်ရာမှ ထလေသည်။

"ခေါက်ထားလို့မရရင်လည်း မာမီလုပ်ချင်ရာ လုပ်တော့ဗျာ"

ဒေဘာ ဒါပဲပြောပြီး စာဖတ်ခန်းထဲက ထွက်ခဲ့သည်။ အန်တီ ရှိန်က အခန်းထဲမှာပဲ ကျန်ခဲ့ကာ။

ကိုဒေထွက်လာတဲ့အရိပ် မြင်တာနဲ့ အနီ လှစ်ခနဲ ပြီး ပြေးဆင်းခဲ့သည်။

တွေ့သွားလို့ကမလွယ်။ ကိုဒေ့ရဲ့ ခြေလက်တွေက စည်းရှိုး





ဘူး။ အနီ့စိတ်က ငြင်းဆန်နေတာ ရာနှုန်းပြည့်။

—သို့ပေမယ့် အတွေးအထိတွေနောက် ပါတော်မူသွားတာ ဘယ် ပြောက်မှန်း မသိတော့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"စည်း"

အန်တီရှိန်ရဲ့ အားရဝမ်းသာခေါ်သံနောက်မှာ အနီ့ရင်...

လိုက်ခနဲ တုန်ခါသွား၏။

"လာ လာ စည်း၊ စည်းရောက်လာမယ်ဆိုလို့ အန်တီ...

အပြင်မသွားဘဲ စောင့်နေတာပါကွယ်၊ ဟင့် ဟင့် ဟင့်"

အန်တီရှိန် နွေးနွေးထွေးထွေး ကြိုဆိုတဲ့အသံနောက် ...

ကိုယ်လေး သေးကြုံ့တ်သလို ခံစားရ၏။

ကားပေါ်ကဆင်းလာတဲ့ စည်းပုံစံက အရင်ကနဲ့မတူ။ ...

လျှားလျှား ပြောင်းလဲကာ စမတ်ကျလို့နေသည်။





မျက်နှာပေါ်မှာ အမွေးရိုင်းတွေလည်း ရှိမနေတော့ပါ။

ဆံပင်ပုံစံကအစ ခေတ်လူငယ်ဆန်နေသည်။ ဂျင်တို့လို ဆန်း...

...နိုးတဲ့ ဆံပင်ပုံစံမဟုတ်။

ဂူချီရေ ကိုယ်ဟန်နဲ့ လိုက်ဖက်စွာ၊ ဆင်စွယ်ရောင် အနောက်...

...င်းဝတ်စုံနဲ့ စမတ်ကျနေတာက ကိုဒေပင် အနားကပ်ရင် မှိန်ကျသွား...

... မလွဲပေ။

ကားပေါ်ကဆင်းလာတဲ့ စည်းကို အန်တီရှိန် ကြိုဆိုသလို...

...အက်တာလည်း တောက်ပတဲ့မျက်ဝန်းနဲ့ စိုက်ကြည့်လျက်။

သဘောအကျကြီးကျနေဟန်နဲ့ အနားကပ်သွားသည်။

"စည်းက ခုလိုကျတော့လည်း ကျော့လန်းနေတာပဲ၊ အဲလိုနေ...

...ပါ" လို့ ညျ၏။ စည်းက အရေးပင်မစိုက်။

"ကျွန်တော် နားချင်တယ် အန်တီရှိန်"

"နား နားပါကွယ်"

ကားပေါ်က ဆင်းလာကတည်းက လက်ထဲပါလာတဲ့ အနက်...

...ရောင် သားရေအိတ်ကို အန်တီရှိန် ဆွဲယူသည်။

"ပေးပေး အန်တီရှိန် သယ်ပေးမယ်"

"ရပါတယ်၊ ကျွန်တော့်ဟာသာကျွန်တော်သယ်မယ်၊ အန်ကယ်...

"ဒါလင်က ညွှေ့သည်တွေနဲ့ ချိန်းထားလို့ ထွက်သွားလေရဲ့



www.burmeseclassic.com

www.burmeseclassic.com



စည်းရယ်၊ ဟင့် ဟင့် ဟင့်''

အန်တီရှိန် ပိုပိုသာသာလေးရယ်မြူးရင်း ပြောဆိုနေတာတွေ အရင်ကနဲ့ မတူ။ အန်တီရှိန် စကားနောက် စည်းမျက်လုံးတွေ ပါ ပေ။

ငေးငေးကြည့်နေသည်က တစ်ယောက်ယောက်ကို ရှာနေသ ဘယ်သူ့ကို ရှာနေတာလဲ။ အနီ့ကိုလား။ မဟုတ်တာဘဲ။ အနီ ဘာမှမဆိုင်ဘဲနဲ့။ အနီက လိုက်ကာစလေးနဲ့ကွယ်ပြီး ပုန်းနေသလို ရ တာက အန်တီရှိန်ခေါ်နိုင်းရင် အသင့်ဖြစ်နေနေအောင်လေ၊

''ကျွန်တော့်အတွက် သံပုရာရည်တစ်ခွက်လောက် အ ပို့ပေး''

''ပို့ပေးမယ် စည်းရယ်၊ သမီးအက်တာ စည်းအတွက် သံ ရည် သွားဖျော်ခဲ့ကွယ်''

''ဟုတ် မာမီ''

မမအက်တာကလည်း အရင်နဲ့မတူ။ စည်းပေါ် ဝေ ရေစီးကမ်းပြိုနေတာ သိသိသာသာ။

အဲဒါကို စည်း အသိအမှတ်မပြုပါ။

''ရတယ် အက်တာ၊ နင့်ကိုဖျော်ခိုင်းတာမဟုတ်ဘူး။ အ ဖျော်နိုင်း''

စည်းပြောပြီး အခန်းထဲဝင်သွားလျှင် မမအက်တာ မျ





သေမဲ့၏။ အန်တီရှိန်က မမအက်တာကို ပခုံးလေးဖက်ကာ အသံတိတ် နစ်သိမ့်၏။

မမအက်တာ ခြေထောက်ကလေးဆောင့်၍ အပေါ်ထပ်တက် သွားတာက မကျေနပ်တဲ့စိတ်နဲ့၊ အန်တီရှိန်က သမီးကိုကြည့်ရင်း ပြုံးနေသေးသည်။

ပြီးတော့ စည်းအခန်းဘက် တစ်ချက်ငဲ့ကြည့်၏။ တစ်ခုခုကို ည်း စဉ်းစားဟန်နဲ့ ပြုံးပြုံးလေးနေကာ အတန်ကြာမှ ''အနီလေး''လို့ အသံမြှင့်ခေါ်သည်။

''ပြောပါ အန်တီရှိန်''

အနီ လိုက်ကာစလေး အသာဖယ်၍ လူလုံးထွက်ပြလိုက်၏။ ဒီအခါ အနီ့ကို မျက်မှောင်ကြုတ်ကြည့်ပြီး –

''အနီက ဒီမှာရှိနေတာလား''

မေးသံက မကြည်ဖြူသလိုနှင့်မို့ အနီ အရိပ်အကဲပါပါ ဖြေရ ည်။

''ဟို ခုပဲ ရောက်တာပါ။ အန်တီရှိန် ဘာခိုင်းမလဲဆိုပြီး ခန်းထဲက ထွက်လာတာပါ''

''အေး နောက်ဆို သတိထား၊ အန်တီရှိန် ခေါ်မှလာ၊ မခေါ် ခင် ကြိုပြီးမလာနဲ့ ဟုတ်လား''

''ဟုတ် ဟုတ်ကဲ့ပါ အန်တီရှိန်''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွား၊ သံပုရာရည်တစ်ခွက် သွားဖျော်လာ"

"ဟုတ်"

"ပြီးရင် စည်းအခန်းထဲ တစ်ခါတည်းပို့ပေး၊ ကြားတယ်နော်"

"ဟုတ်ကဲ့ပါ အန်တီရှိန်"

အနီ ခေါင်းလေးပါ ညိတ်ရင်း အန်တီရှိန် မြင်ကွင်းထဲက ချက်ချင်း ထွက်ခဲ့သည်။ တစ်ခါဖူးကမှ အန်တီရှိန် ဒီလိုမဆက်ဆံဖူး။ ပြုံးပြုံးချိုချို လှိုက်လှိုက်လှဲလှဲသာ။

ဒီတစ်ခါ ဆက်ဆံရေးတင်းနေတာ ဘာကြောင့်ပါလိမ့်။ အနီ ကိုဒေ့အကြောင်း သိနေလို့လား။ ဒါမှမဟုတ် စည်းအပေါ် ဆက်ဆံ ပြောင်းလဲနေတဲ့ အန်တီရှိန့်စိတ်ကို အနီမြင်တွေ့သွားတာကို မလုံ ဖြစ်ပြီး မာန်တင်းသွားတာမျိုးလား။

ဘာပဲဖြစ်ဖြစ် အနီ ရင်ထဲမှ ထိရှရတာ အမှန်ရယ်၊

"ဟဲ့ အနီလေး"

အနားကပ်ပြီး ဒေါ်နွယ်လာခေါ်တော့ အနီ့ကိုယ်လေး ဆတ် တုန်သွားသည်။ ဒေါ်နွယ် တအံ့တသြ ကြည့်ရင်း –

"ညည်းမလဲ ခုတစ်လော ဘာဖြစ်နေတာလဲအေ၊ သွက်သွက် လက်လက်ကို မရှိဘူး၊ စည်းအတွက် သံပုရာရည် ဖျော်ခိုင်းတယ် မြန်မြန်ဖျော်ပြီး မြန်မြန်သွားပို့လေ၊ တော်ကြာ အဆူခံနေရဦးမယ်"

"ဖျော် ဖျော်နေပါတယ် ဒေါ်နွယ်ရဲ့"





အနီ အထစ်ထစ် အငေါ့ငေါ့နဲ့ မလုံမလဲဆိုကာ သံပုရာသီး ကိုင်ပြီးရပ်နေတဲ့အနီ့ကို ဒေါ်နွယ်ကြည့်ရင်း သက်မချသည်။

"ဖျော်နေတယ်တာဆိုတယ် သံပုရာသီးကိုင်ပြီးရပ်နေတာ၊ နာရီ တက်လောက် ရှိတော့မယ်၊ ဒါကြောင့် ဒေါ်နွယ်ပြောရတာပါ။ ကဲပေး ဒေါ်နွယ်ပဲ အမြန်ဖျော်ပေးမယ်၊ ပြီးတော့ သွားပို့ချေ"

ဒေါ်နွယ် စာနာစိတ်လေးနဲ့ပြောရင်း အနီ့လက်ထဲက သံပုရာ သီး ဆွဲယူသည်။ အနီလည်း မငြင်းတော့ပါ။ ဒေါ်နွယ်ပြောတဲ့အတိုင်းပင်။

ဒေါ်နွယ် မြန်မြန်ဆန်ဆန် ဖျော်ပေးတဲ့ သံပုရာရည်ခွက်ကို ဆွဲကိုင်ကာ မီးဖိုခန်းက ထွက်ခဲ့လျှင် –

"ဟဲ့ လက်သုတ်ပဝါထည့်သွားဦးလေ"

ဒေါ်နွယ်သတိပေးသလို ငွေပန်းလေးပါ အသင့်ထုတ်ပေးသည်။

"ဘာပဲဖြစ်ဖြစ် စည်းကလည်း ဒီအိမ်သားပဲ၊ စေတနာလေး တော့ ထားပေးရမယ် အနီရယ်၊ မဟုတ်ဘူးလား"

ဒေါ်နွယ် ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ အနီ့ရင်ထဲမှာ နိုးချင်တာပဲ သိတယ်၊ တကယ်။

မျက်ရည်လေးလည်လာတာကို ဒေါ်နွယ်မမြင်ခင် အနီ ရှောင် ထွက်ခဲ့မိသည်။

အဲဒါအကြောင်းမဲ့ ဟုတ်ရိုးလားကွယ်။

❀



www.burmeseclassic.com

www.burmeseclassic.com



အနိ

မင်းလေးစွာတာ ငါသဘောကျပါတယ်၊ မိန်းမဆိုတာ ဝ,ထေ

ကောင်းလေပဲ၊ ဒါပေမဲ့ တချို့မိန်းမတွေက ကိုယ်အလိုမကျတဲ့သူနဲ့

စွာတာမှ လန်နေရော။ ကိုယ်အလိုကျတဲ့သူနဲ့ဆို တဟီးဟီးနဲ့၊

အင်းလေ၊ ဒါလည်း သဘာဝကျပါတယ်၊

မင်းက ငါ့ကိုမှ မမြင်မကြည်တာ စွာမှာပေါ့၊ ဒေတာနဲ့

မင်းလေးက ကြည်သာနေရော။

ဒါပေမဲ့ မင်းလေးကို အလှမွေးငါးလေးလို သူများ စိတ်အယ

ဖြေသဘောမျိုးနဲ့ ကြည်စားသွားမှာ ငါစိုးရိမ်တယ်၊

ငါ ခရီးသာသွားရမှာ မင်းကို စိတ်မချဘူး၊

မင်းလေးကို ယုံချင်ပေမယ့် ဒေတာရဲ့ဇကို ငါမယုံဘူး။ ဒီကော

က ယောက်ျားချင်းတောင် အီတတ်တဲ့ကောင်စား။

မင်းလို အရိုင်းလေးကို မြူလိုက်ရင် မင်းလေးကရော စေတ

တွေပိုပြီး။

ဟင့်အင်း။

အနိ ဆက်ဖတ်မရဲအောင် အနိကိုယ်အနိ ရှက်လို့သွားသည်

သူ့အိပ်ရာပေါ် ပြန့်ကြဲနေတဲ့ ဖတ်လက်စစာအုပ်တွေ ကောက်သိမ်း





တဲ့အထဲ မှတ်တမ်းစာအုပ်လေးလည်း ပါဝင်နေသည်။

သူလိုလူက နေ့စဉ်မှတ်တမ်းရေးတတ်တာ အံ့ဩစရာကြီး။

အံ့ဩတဲ့စိတ်နဲ့ သူ့မှတ်တမ်းစာအုပ်လေးရဲ့ နောက်ဆုံးစာမျက်နှာကို

ဖတ်မိသွားခြင်း။

ဖတ်မိလျှင် အနိ ပို၍ဝမ်းနည်းရသည်။ စေတနာတွေပိုပြီး

ဆိုတာတွေရဲ့နောက်မှာ ဘာတွေ ဆက်ရေးထားမလဲ။

အနိ ဖတ်ရဲတဲ့သတ္တိ မရှိတော့ပါ။

အနိ စေတနာတွေပိုတာ မဟုတ်ပါဘူး စည်းရယ်၊ အနိလေ

အနိ ဟင့် ဟင့် ဟင့်။

အနိ စိတ်ထိခိုက်စွာ ငိုလို့မဆုံးတော့ပါ။

အစကတည်းက အနိမျက်မှန်းမကျိုးအောင် ရှင်နေပေးခဲ့ရင်

အိပ်ကောင်းမှာပဲ။ ခုတော့ လွန်ကုန်ပြီ စည်းရယ်၊ လွန်ကုန်ပြီ။

◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အနီ"

ခေါ်သံနဲ့အနားကို ခပ်ရဲရဲကပ်လာသည့် ဒေတာ။ အနီ အရင်

လို ထုံထုံထိုင်းထိုင်းလေး ဖြစ်မနေတော့ပါ။ အနီ ဂုဏ်ငြိမ်မပျက် ရှောင်သွား

လိုက်တာ ကိုဒေမှန်းသိလို့လေ။

အနီ ခုမှ အနီကိုယ်အနီ ခွဲခွဲခြားခြားသိသည်။

အနီ စေတနာပိုခဲ့တာမဟုတ်ပါ။ အတွေ့ကို မရှောင်နိုင်တာ

ကိုဒေရဲ့ သွေးဆောင်မှုတွေနောက် အနီ လန့်လန့်ဖျပ်ဖျပ် ပါသွားတာသော

အဲဒီအတွက် အနီ ဝမ်းနည်းရတာ၊ အနီကြေကွဲရတာ အခ

အသိဆုံးပါ။ ဒါကြောင့် ရှေ့ဆက်ပြီး ကြေကွဲမနေချင်ဘူး။ ဝမ်းနည်းရတာ





တွေ မခံစားချင်ဘူး။

ဒါကြောင့် အနီ ရှောင်တာ။ အနိဝ်တီရှိန် အသစ်လဲနိုင်းထားတဲ့ ဆိုက်ကာစတွေကို လဲလှယ်ဖို့ ပြင်ဆင်နေလိုက်သည်။ ဒေတာ မျက်မှောင် ကုတ်ကျသွားပြီး ရှေ့တိုးကာ –

"အနီ အရင်နဲ့မတူတော့ဘူးနော်၊ ကိုယ်ခေါ်ရင် အနားလာစမ်း ပါ"

အရင်က ကြည်သာချိုသာသော အသံလေးက ခုတော့ အမိန့် သံ ဆန်နေတယ်လို့ အနီ ခွဲခွဲခြားခြား သိလာသည်။

ထိုအခါ အနီ မသိမသာ မျက်နှာလေးမဲ့လိုက်ပြီး –

"အနီ အလုပ်မအားသေးဘူး ကိုဒေ"

"ကျွတ်၊ ဒီအလုပ်တွေ ခေါက်ထားစမ်းပါ"

"ခေါက်ထားလို့ရမှာမှ မဟုတ်တာ။ ကိုဒေ့မာမီ နိုင်းသွားတာ လေ၊ အနိဝ်တီရှိန်နိုင်းတာ အနီ လုပ်ပေးရမှာပေါ့"

"လုပ်ပေးရင်လည်း နောက်မှ လုပ်ပေး၊ ကိုယ်ညစ်လာလို့ ကိုယ့်နားခဏနေပေးစမ်းပါ အနီရယ်"

"အဟွန့်"

အနီ ရင်နင့်စွာ နှုတ်ခမ်းလေးမဲ့ပြီး ကိုဒေ့ကိုကြည့်လိုက်သည်။ ကိုဒေ မျက်ဝန်းထဲမှာ ဆာလောင်မှုတွေ ပွက်ထနေမှန်း အနီသိ၏။

ကိုဒေက ဒီလိုပဲ၊ ဆန္ဒတွေ ရုန်းကြွလာရင် အနားမှာ ခေါ်လာ

www.burmeseclassic.com



နေပေးဖို့ မြူပြီး ခေါ်နေကျ။ အနီ အနားအကပ်မခံတော့ သူ့လက်တွေ
အနီ့ကိုယ်ကို မြူဆွယ်လို့မရမှန်း သိသွားတော့ ကိုဒေ တင်းသွားဟန်
တူသည်။

"ဘာလဲ၊ အနီ ကိုယ့်ကို မကြည်တော့ဘူးလား"

"အပိုတွေ မပြောပါနဲ့ ကိုဒေရယ်၊ အနီဟာ ကိုဒေ့အတွက်
ဘာလဲဟင်၊ ကိုဒေပြောစမ်းပါ၊ ကိုဒေ့အတွက် အနီက ဘာလဲ"

အနီ ရင်နင့်စွာ အံကြိတ်ပြီး ခပ်တိုးတိုးမေးချလိုက်သည်။
ထိုအခါ ဒေတာ အောင့်သက်သက်ဖြစ်ကာ –

"အနီ့ကို ကိုယ်ချစ်တယ်လေ"

"ချစ်တယ် ဟုတ်လား"

အနီ ခပ်ရွဲ့ရွဲ့မေးတာ ဒေတာမခံနိုင်။ အနီ့ပခုံးလေးကို ဆွဲယူ
သည်။ အနီက အရင်လို ခပ်နုံနုံမဟုတ်တော့ပါ။

သူ လက်ဘယ်လောက်သွက်လဲဆိုတာ မှန်းဆတတ်နေပြီမို့
အလျင်မီ ကိုဒေ့လက်ကို ပုတ်ချ၏။

"အနီ"

ဒေတာ့ရင်ထဲ လှုပ်ကြွနေတဲ့ တောင့်တမှီးက အရှိန်ပြင်းနေတာ
မို့ သည်းမခံနိုင်စွာ ဖိခေါ်မိသည်။

အနီ ဆိုဖာတွေဘက် ရှောင်ရှားထွက်ရင်း ခပ်ရဲရဲ ရင်ဆိုင်
ကြည့်လျက်။





"ကိုဒေ ဘာကိုတောင့်တနေလဲဆိုတာ အနီသိတယ်"

"သိတယ်ဆိုတော့ ပြီးရောပေါ့၊ အနီက လိမ္မာပါတယ်ကွာ၊
ဒါဆို ကိုယ့်အခန်းထဲ ခဏသွားရအောင်လား"

အနီ သိတယ်ပြောလိုက်တော့ ဒေတာ့မျက်နှာကြီး ပြုံးဒီသွား
သည်။ အနီနား ကမန်းကတန်း တိုးကပ်လာရင်း အခန်းထဲသွားဖို့
လက်ဆောင်စတာမ်း ခေါ်လေသည်။

အနီ ရင်နင့်စွာပဲ မဲ့မဲ့ရွဲ့ရွဲ့ကြည့်ပြီး –

"ဒီမှာကိုဒေ၊ အနီ့သိတယ်ဆိုတာ ကိုဒေ့ဆန္ဒကို ဖြည့်ဆည်းပေး
ရမှာတော့ဘူး၊ ကိုဒေရင်ထဲ အနီ့ကို ချစ်တယ်ဆိုတာ မဟုတ်မှန်း
အနီ သိသွားတာ"

"ဘာ"

"ဟုတ်တယ်လေ၊ ကိုဒေ အနီ့ကိုချစ်တယ်ဆိုရင် အနီ့ကို
လက်ထပ်ဆောင်ပြီး"

"တော်တော့ အနီ"

ဒေတာ့မျက်နှာကြီး ခံပြင်းစွာ ထူပြိန်းသွားသည်။ သူလိုချင်
တာ ဘာဆိုတာ သူသိသည်။ သူ သွေးဆောင်တာလည်းမှန်တယ်။
ဒါပေမဲ့ ဒီလိုထုတ်ပြောလာတာကို ဒေတာ မခံနိုင်။

"နောက် မဟုတ်လို့လား ကိုဒေ"

"အနီ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ဒီလိုတောင့်တသံကြီးနဲ့ သာဆောလောင်လော
ခေါ်ပါနဲ့ ကိုဒေ၊ အနိုကို ကိုဒေချစ်တယ်ဆိုတာ ကိုဒေ့ကိုယ်ကို
ပြန်မေးကြည့်ပါဦး။ သချောလားလို့၊ သချောတယ်ဆိုရင်တောင် တန်ဖိုး
ရော ထားရဲ့လား၊ မြတ်မြတ်နိုးနိုးရော ရှိရဲ့လားလို့"

"မင်း တော်တော်စာတတ်လာပါလား အနိရယ်၊ ဟင် အနို
ဒါတွေ ဘယ်သူသင်ပေးလိုက်လဲ"

"ဘယ်သူမှ သင်ပေးစရာမလိုပါဘူး၊ အနိသွေးထဲ သားထဲ
သိနေတာပါ ကိုဒေ၊ အချစ်ဆိုတာနဲ့ ခုတုံးမလုပ်ပါနဲ့၊ အနိသိတဲ့အချစ်
ဆိုတာ ဒါမျိုးတွေ မဟုတ်ဘူး"

"ဟာ တောက်"

ဒေတာ သွေးတွေဆူပွက်နေတာ တားလို့ဆီးလို့ မရနိုင်တော့
အနိုးကို ဆွဲလွှဲဖက်တွေးထားလို့ မရမှန်း သိလိုက်တဲ့အခါ ရင်ထဲ အိုး
ပေါက်ကွဲလျက်။

ညည့်ခန်းထောင့်မှာ အလှထားတဲ့ ကြွေပန်းအိုးကြီးကို ကိုင်
ကာ ခွဲပစ်လိုက်သည်။

"ခလွမ်း"

ပန်းအိုးကြီးကျကွဲကာ ဖန်ကွဲစတွေ အစိတ်စိတ်အမြွှာမြွှာ ဖြစ်
လျက်။

အနိ မမှုစွာဘဲ ငြိမ်ငြိမ်ကြည့်လိုက်သည်။





ယောက်ျားတွေရဲ့ တောင့်တမှုဟာ သူတို့လိုရာ အလွယ်လေး
သွားမယ်ဆို ဖယောင်းလေးလို နူးနူးညံ့ညံ့ နေတတ်တာမျိုး။ သူတို့လိုရာ
ရတော့မှာသိရင် မုန်တိုင်းလို ပြင်းပြင်းထန်ထန် ဖြစ်တာမျိုးဆိုတာ
အနိ ခုမှ လက်တွေ့ကျကျ သိရတဲ့အဖြစ်။

စည်းရယ်၊ ရှင့်စကားလုံးတွေဟာ အနိစိတ်ကိုအနိ မာန်တင်း
ထားနိုင်တဲ့ခွန်အား ရခဲ့သလိုပါပဲကွယ်။ အဲဒီအတွက် ကျေးဇူးတင်ပါ
တယ်။

ရင်ထဲက စည်းကို ကျေးဇူးတင်နေသလို မျက်စိရှေ့မှာ မုန်တိုင်း
ထန်နေတဲ့ ကိုဒေ့ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေရတယ်။

ကိုဒေ ဘာတွေကြံဦးမလဲဆိုတာပေါ့။ ဖန်ပန်းအိုးကြီး ခွဲချပြီး
သာနဲ့ အနိုကို မဲ့မဲ့ကြီး လှမ်းကြည့်သည်။ ကြည့်တဲ့အကြည့်က စိန်ခေါ်
သလိုလို။

ဘာကို စိန်ခေါ်တာလဲ။ အနိ ခွဲခွဲခြားခြား မသိသေးပါ။ သိ
သာအောင် အနိ စောင့်ကြည့်နေမိသည်။ ထိုအခါ တယ်လီဖုန်းနား
သွားပြီး နံပါတ်တစ်ခုကို အလောတကော နှိပ်သည့်ကိုဒေ။ ပြီးတော့

"ယွန်း၊ ဒါလင့်ဆီ လာခဲ့ပါလား"

တောင့်တသံနဲ့ ကတုန်ကယင်ပင်ခေါ်သည်။ တစ်ဖက်က ယွန်း
ဆိုတဲ့ ယွန်းရွှေစ် ဘာပြောတယ်မသိပါ။

ကိုဒေ့မျက်နှာကြီး အရောင်ပြောင်းသွားသည်။ ဖုန်းခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



အနိူတက်လှည့်သည်။ အနိ မျက်နှာလေးတည်ထားတာမြင်တေ
ဘိုဒေတာ ခွဲမဲ့လေး ပြုံး၏။ ထိုအပြုံးထဲမှာ မာနနဲ့ မာန်တွေပါနေသည

"အနိ မင်းက ကိုယ့်အချစ်နဲ့မတန်တဲ့ မိန်းမပဲ"

"အချစ်ဆိုတာကို ထည့်ထည့်မပြောပါနဲ့ ကိုဒေ"

"ကိုယ်က ဒါကို အချစ်လို့ပဲ နားလည်တယ်၊ ကိုယ်နားလည တဲ့အချစ်ကို အနိ နားမလည်ဘူး။ ဒါပေမဲ့ ကိုယ့်အချစ်ကို နားလည် သူ ရှိတယ်"

"ရှိတယ်ဆိုလည်း ပြီးရောပေါ့၊ အနိူကို ဘာလို့ သွေးဆော နေသေးလဲ"

"ကျွတ် ကွာ မင်း အနိ"

ဒေတာရဲ့ အားမလိုအားမရသံတွေ မညီမညာ လိပ်ထွက်‌ သည်။ အနိူတစ်ကိုယ်လုံးကိုလည်း မက်မောစိတ်မပြယ်နိုင်စွာ ရှုရှု ကြည့်လျက်။ အံကြိတ်နေလိုက်တဲ့ ဒေတာ။

"ဟိုင်း၊ ဒါလင်"

ခေါ်သံနဲ့အတူ ကားပေါ်မှဆင်းလာတဲ့ ယွန်းရွှေစံ၊ အံကြိတ် တဲ့ ဒေတာ့မျက်နှာကြီး ဝင်းလက်သွားကာ ယွန်းရွှေစံဆီ ကမူးရှူး ပြေးသွားသည်။

ရွှန်းဝင့်နေတဲ့မျက်လုံးလေးနဲ့ စိုက်ကြည့်လာတဲ့ ယွန်းရွှေ တင်းနေအောင်ဖက်ကာ ယွန်းရွှေစံက မြူးမြူးလေးရယ်မော၏။





"ဒါလင်ကလည်း သည်းလွန်းတယ်" လို့ သူတို့နားလည်တဲ့ ချစ်ဘာသာဗေဒနဲ့ အသံတိတ်ဆိုကာ နစ်ယောက်သား အပေါ်ထပ် က်သွားကြတာက အနိူကိုပင် မမြင်နိုင်စွာ။

သူတို့နားလည်တဲ့အချစ်က ဒါမျိုးလား။

အနိူရင်ထဲက မေးခွန်းတွေနောက်မှာ အနိအကြည့်ကို သူတို့ထံမှ သိမ်းလိုက်သည်။

ပြန့်ကြဲနေတဲ့ ကြေပန်းအိုးအပိုင်းအစတွေကို ကြည့်ရင်း အနိူ လှလှလေးဟာ ထိုသို့ဖြစ်သွားပြီလို့ တွေးမိရင်း မျက်ရည်တွေ သော ကျ၏။

ဒီလိုအချစ်မျိုးနဲ့ မကြုံပါရစေနဲ့ကွယ်။ အနိ စေတနာပိုလို့ တ်ပါဘူး စည်းရယ်။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အနီ"

စားပွဲပေါ် သံပုရာရည်ဗန်းလေး တင်ပြီး ပြန်အလှည့်မှာ

ခေါ်၏။ အနီ ကျောပေးလျှောက်ထွက်ခဲ့သည်။ စည်းနဲ့ အလှမ်းဝေး

တံခါးဝနားရောက်ခါမှ အနီ ခြေလှမ်းရပ်တန့်ကာ မေးလိုက်သည်။

"ဘာခိုင်းစရာရှိလဲ ခိုင်းလို့ရပါတယ်"

"ခိုင်းမလို့မဟုတ်"

"ဒါဆို"

"မေးမလို့" တဲ့၊

တည်ငြိမ်နေတဲ့ စည်းအသံနောက်မှာ အနီ လည်ပင်း





ပြီး တအံ့တဩကြည့်မိသွားသည်။ အပြင်ခံ ချွတ်ထားပေမယ့် အတွင်း ဝတ်ထားတဲ့ ရှပ်အင်္ကျီလက်ရှည်နဲ့ စည်းက တကယ့်ကို လူကြီးလူ ကောင်းဆန်စွာ။

စူးစိုက်ကြည့်တဲ့မျက်ဝန်းထဲမှာ တည်ကြည်လေးနက်မှုအပြည့်နဲ့

"ဟုတ်တယ် မေးစရာရှိလို့"

စည်းပြောရင်း အနားရွေ့တိုးလာသည်။ အနားရောက်လာတော့ နီ့ကို ပွတ်တိုက်မသွားဘဲ ခပ်ရှောင်ရှောင်လေးသွားကာ ဟနေတဲ့ ခန်းတံခါးကို ဖိပိတ်လိုက်သည်။

ထိုအခါ အနီ့ကိုယ်လေး မတ်ခနဲဖြစ်ကာ –

"ဘာမေးမှာလဲ"

အနီ့မေးသံလေးက ကြောက်ရွံ့လို့ မဟုတ်ပါဘဲ တုန်ယင်နေ သည်။ ဖိပိတ်လိုက်တဲ့တံခါးမှာ စည်း မှီရပ်လိုက်လျှင် အနီနဲ့ မျက်နှာ ချင်းဆိုင် ဖြစ်လို့သွားသည်။

တုန်ယင်နေတဲ့ အနီ့မေးသံနောက်မှာ စည်းမျက်ဝန်းအစုံနဲ့ ကြည့်၏။ ထိုအကြည့်က ကိုဒေ့အကြည့်လို လိုချင်တပ်မက်မှုတွေ ကြွနေတာမဟုတ်မှန်း အနီသိနေပါသည်။

သို့ပေမဲ့ လေးနက်တဲ့တောင့်တမှုတွေရှိနေမှန်းတော့ အနီ မှန်းတတ်နေသည်။ သူက ဘာကိုမေးမှာလဲ။

သူနဲ့အနီကြားမှာ မေးစရာကောင်းလောက်တဲ့ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလိမ့်မယ်လို့ အနီမထင်ပါ။

သူစိုက်ကြည့်နေရာမှ မေး၏။

"အနီ့မှာ ချစ်သူရှိလား"

"ဟင်"

ထိုမေးခွန်းနောက်မှာ အနီ မျက်ရည်ဝဲလာသည်။ ချစ်သူ... ရင်ထဲမှာ ရေရွတ်မိရင်း မျက်နှာလေး လွှဲမိသွားသည်က ဝမ်းနည်း... တွေနဲ့။

"ပြောလေ အနီ၊ အနီ့မှာချစ်သူရှိလား"

လက်နှစ်ဖက်ယှက်ပိုက်လျက် တည်တည်တံ့တံ့လေး မေး... လေ အနီ ဝမ်းနည်းလေ၊

"ချစ် ချစ်သူ ဟုတ်လား ဟင်"

"ဟုတ်တယ်၊ အနီ့မှာ ချစ်သူ ရှိ မရှိ၊ သိချင်တယ်"

"ချစ်သူဆိုတာ ဘာလဲဟင်"

အနီ မျက်ရည်အဝဲသားနဲ့ မော့ကြည့်ပြီး၊ မေးမိသွားသည်... လွှတ်ခနဲ။ စည်း နှုတ်ခမ်းလေးစေ့ကာ ပြုံးသည်။ ထိုအပြုံး... အေးချမ်းမှုတွေပါ တွေ့သလို တည်ကြည်တဲ့ စိတ်နှလုံးသားနှင့်... လန်းဆန်းလို့နေသည်။

"ချစ်သူဆိုတာ အနီချစ်တဲ့သူပေါ့"

ပြုံးလျက် စည်းပြောသည်။ ထိုအခါ အနီ့စိတ်နဲ့အနီ မျက်...





...သေချာပြီး အင့်ခနဲ ရှိုက်မိသွားသည်။

"အနီ့မှာ ချစ်သူရှိရင် ကိုယ် ဘာမှ မပြောပါဘူး။ ချစ်သူ ...မရှိရင်သာ ကိုယ်ရင်ဖွင့်ချင်တယ်၊ အနီ့ကို ကိုယ်ချစ်တယ်"

"ဘုရားရေ"

အနီ့ခေါင်းထဲက မိုက်ခနဲဖြစ်ကာ ခန္ဓာကိုယ်က နောက်ယိုင်ကျ... ...သတိ ဖြစ်လေသည်။ ဒါပြင် အနီ့ရဲ့ကိုယ်လေး ဟန်မဆောင်နိုင်စတမ်း ...ကျသွားသည်။

ယောင်ယောင်ယမ်းယမ်းနဲ့လည်း အနီ နောက်ဆုတ်မိ၏။

"အနီ အံ့ဩသွားလား။ အနီ့ကို ကိုယ်ချစ်နေတယ်ဆိုတာလေ"

"ဟင့် ဟင့် ဟင့်၊ အနီ အနီ့ကို မချစ်နဲ့ မချစ်ပါနဲ့၊ ဟင့် ...ဟင့် ဟင့်"

အနီ ခေါင်းတခါခါနဲ့ပြောရင်း တဟင့်ဟင့်နဲ့ ရှိုက်၏။ စည်း ...လက်နှစ်ဖက်နဲ့ပင့်ကာ ယှက်ပိုက်ထားတဲ့လက်ကို ဖြုတ်ချသည်၊ တံခါးကို ...နေရာမှ ခွာကာ အနီ့ရှေ့တိုးလာပြီး –

"ဘာဖြစ်လို့လဲ အနီ၊ ကိုယ်က အလုပ်သမားမို့လား"

"မ မဟုတ်ဘူး၊ ဟင့် ဟင့်၊ အနီကလည်း သူဌေးသမီး ...ဟုတ်ပါဘူး။ အနီလည်း အလုပ်သမားပါပဲ၊ ဒါ ဒါပေမဲ့ အနီ့ကို မချစ်ပါနဲ့ ...ဟင့်၊ အနီ တောင်းပန်ပါတယ်၊ အနီ့ကို မချစ်ပါနဲ့ ဟီး"

ခေါင်းတခါခါ လက်တကာကာနဲ့ ငြင်းရင်း ရင်ကွဲမတတ် ငိုရှိုက်...



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အနီးကို စည်း နားမလည်နိုင်တော့ပါ။

ရင်မှာလည်း စိုးထိတ်ကာ –

''အနီ မချစ်နဲ့လို့ မတားပါနဲ့၊ ချစ်တဲ့စိတ်က တားလို့လည် ရမှာမဟုတ်ဘူး၊ ချစ်တာက ချစ်တာပဲ၊ ဒါပေမဲ့ အနီ့မှာ ချစ်သူရှိ ကိုယ် ရှေ့မတိုးပါဘူး။ အနီ့ကို ကြိုမေးတာပါ၊ ချစ်သူရှိလား၊ ပြော အနီ၊ ချစ်သူရှိရင်''

''ဟင့်အင်း မမေးနဲ့၊ ဟင့် ဟင့် ဟင့်၊ ချစ်လည်းမချ ဟင့် ဟင့် ဟင့်''

အနီ ပေါက်ကွဲစွာပြောရင်း လက်နှစ်ဖက်ကို တင်းအော ဖိဆုပ်ရင်း အသောမသတ် ငိုချ၏။

''အနီ''

အနီ့ ပခုံးစွန်းကို ဆုပ်ကိုင်ပြီး ခေါ်လို့ပင် မဆုံးလိုက်။

''မကိုင်နဲ့''

လို့အသံကုန်အော်ဟစ်လိုက်တဲ့ အနီ့အသံနောက်မှာ စည် လက်ချောင်းလေးတွေ တုန်ခါသွားသလို တစ်ကိုယ်လုံးလည်း နော ဆုတ်လျက်သားဖြစ်၏။

မယုံနိုင်လောက်အောင်လည်း အံ့ဩကာ။

''ဟင့် ဟင့် ဟင့်၊ ရှင် အနီ့ကို မချစ်နဲ့၊ အနီ့ကိုလည် မထိနဲ့၊ ဒါပဲ ဟင့် ဟင့် ဟင့်''





တစ်ရှူးထိုးပြောကာ စည်းကို တွန်းပစ်၏။

စည်းကိုယ်တိုင် စေ့ပိတ်ထားတဲ့ တံခါးကို ဆွဲဖွင့်ပြီး ထွက်သွား တဲ့ အနီကို စည်း မယုံနိုင်အောင် ငေးကြည့်လျက်။

ဘာဖြစ်လို့လဲ။ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊

သူရင်ဖွင့်တာနဲ့ အနီ ပေါက်ကွဲတာက ဘာကြောင့်ပါလဲ။ စည်း ကိုက်မမီနိုင်အောင် ရှုပ်ထွေးရတဲ့အဖြစ်။

အနီရယ် အချစ်မှာ ရှုပ်ထွေးမှုတွေပါနေလို့လား။ ပြောပါလော။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စည်း ဆတ်ခနဲထသည်။ နံရံကပ်ဗီရိုတံခါး ဆွဲဖွင့်ပြီး အ‌ေ
ကြီးတဲ့ ဖိုင်တွေကို ရှာသည်။

ဖိုင်တွဲတွေက ဗီရိုတစ်ကန့်အပြည့်။ အပြာရောင်အဖုံးပါ
ဖိုင်တွဲကို ဆွဲယူလိုက်လျှင် –

"စည်း"

ချိုအီသောခေါ်သံလေးနဲ့အတူ နောက်ကျောကနေ သိုင်းဖ
လာတဲ့ လက်တစ်စုံ။

စည်းကိုယ်လေး တွန့်သွားကာ မနှစ်မြို့မှုနဲ့ ငဲ့ကြည့်သည်
သူ့ကျောပြင်နဲ့ သူမရင်ခွင်လေး ထိကပ်လျက် ကာလာခြယ်မျက်နှာ‌ေ





ပခုံးပေါ်တင်ပြီး စည်းကို မျက်လုံးလှန်ကြည့်နေတဲ့ အက်တာ။

"ကျွတ် အက်တာ"

"စည်း အသံမာကြီးနဲ့ ဖိခေါ်တာကို မမှု၊ စည်း ရင်အုံရှေ့ ရောက်နေတဲ့ အက်တာလက်အစုံက လှုပ်လှုပ်ရှားရှား ပြုလျက်။

"စည်းကို ပြောစရာရှိလို့"

"ကျွတ် အက်တာ၊ နင် လက်တွေဖယ်စမ်း"

"ဟွန်း၊ စည်းကလည်း အက်တာက ခင်လို့ဟာကို"

"နင့်ပါးစပ်က ခင်တယ်ဆိုတဲ့ စကားလုံး ထွက်လာတာကို အံ့ဩ ... တင်တယ်၊ ဒါပေမဲ့ ငါမကြိုက်ဘူးဆိုတာ နင်သိတယ် မဟုတ် ...သား။ ဖယ်စမ်း လက်တွေ"

"ဟွန်း သူကပဲ နာရတယ်ရှိသေး"

နှုတ်ခမ်းစူကာပြောရင်း အက်တာ၏လက်ကို ဆတ်ခနဲ ရုပ်လေ ...ည်။ အက်တာလက်တွေ ကွာကျသွားမှ စည်း အသက်ရှူချောင်သည်။

ဒီမိန်းကလေး ခုမှ ဘာအရူးလာထနေတာလဲ။ စည်း နားလည် ...က်စွာ။ နောက်ဖိုင်တွဲကိုင်လျက်နဲ့ နောက်လှည့်ကြည့်ပြီး မျက်နှာချင်း ...ိုင်သည်။

"ကဲ အက်တာ၊ ကိစ္စမရှိရင် ထွက်သွား"

"စည်းက အက်တာကို နှင်တာလား"

အက်တာ ဆတ်ဆတ်ထိမခံ ပြော၏။ စည်း နှုတ်ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိမထင် မဲ့ပစ်ပြီး –

"နင်တယ်လို့ပဲ သဘောထားလိုက် အက်တာ၊ ကဲ သွား"

"ဟွန့်၊ မာမီကပြောထားလို့နော်၊ အက်တာက စိတ်ပါတာ မဟုတ်ဘူး"

"မင်းကို ဘယ်သူမှ စိတ်မပါခိုင်းဘူး။ ဒါ နောက်ဆုံးဖြစ်ပါစေ။ နောက်တစ်ခါဆို လက်ပြန်စာ အမိပဲ"

စည်း တကယ် လက်ရွယ်ရင်း ပြောလိုက်သည်က အားနာမှုတွေ မပါ။ အက်တာမျက်နှာလေး ချက်ချင်းတင်းမာသွား၏။ ခြေကလေး လည်း ဆောင့်ကာ ချာခနဲ လှည့်ထွက်သွားလေသည်။

အက်တာ ထွက်သွားတာနဲ့ စည်း ခြေနဲ့ကန်ပြီး တံခါးကို ပိတ်ပစ်၏။

"ဒုန်း"

တံခါးသံကျယ်ကျယ်ပေါ်ထွက်ကာ စေ့ပိတ်သွားသည်။ ပဲ့တင်သံ တော့ ကျန်နေဆဲ။

စည်း စိတ်ရှုပ်စွာ လက်ထဲက ဖိုင်တွဲကို စားပွဲပေါ်ပစ်ချလိုက် သည်။ ကိုယ့်ကိစ္စနဲ့ကိုယ် ရှုပ်နေရတဲ့အထဲ အလည်မလေးက တစ်မျောင့်

သူ့ကို ဘာကောင်ထင်နေမှန်း မသိတော့ပါ။

အကြောင်းကြောင်းကြောင့် ငြိမ်ခံနေတာကို တုံးတယ် ထင်နေ လား မသိဘူး။ ဒီကိစ္စ လျစ်လျူရှုလို့မဖြစ်ဘူး။





အန်တီရှိန်ကို ကြိုပြောထားမှ။ ဟုတ်တယ်၊ စိတ်ထဲ ဖြစ်လာတဲ့အတိုင်း ထလုပ်ဖို့ စိတ်မြန်လက်မြန်ရှိတဲ့ စည်းဝိုင်း။ အချိန်ဆွဲမနေ တော့ပါ။ ချက်ချင်း အခန်းတံခါး ဆွဲဖွင့်ပြီး ပြန်ထွက်ခဲ့သည်။

ထိုအခါ –

"ဝူး" ခနဲ ကားမောင်းထွက်သွားသံ ကြားရသည်။ ကြည့်လိုက် တော့ အက်တာ။ အလိုမကျမှုနဲ့အတူ ဆူပွက်တဲ့မျက်နှာထားလေးနဲ့၊

သွားလေ၊ ကြိုက်တဲ့ဆီသွား။ မင်းကိုယ်နဲ့ လာထိထားတဲ့ ကိုယ့်ကိုယ်ကိုယ်တောင် မနှစ်မြို့ဘူး။ ကိစ္စတွေပြီးမှ သရော်ကင်ပွန်းနဲ့ သန့်စင်ပစ်ရမယ်၊

ဒင်းမရှိလေ ကောင်းလေပဲ၊ အန်တီရှိန်ကို ပွင့်ပွင့်လင်းလင်း ပြောချလို့ ရသွားတာပေါ့၊ ခြေလှမ်းတွေ ရှေ့တိုးကာ အန်တီရှိန် နားနေလေ့ရှိတဲ့ စာဖတ်ခန်းနဲ့ ဘေးချင်းကပ်အခန်းလေးထဲ တန်းဝင်ခဲ့ သည်။

ထိုအခန်းထဲမှာ အန်တီရှိန် ရှိမနေ။ ဒါဆို အပေါ်ထပ်က အိပ်ခန်းမှာ ရှိတန်ကောင်းရဲ့၊ တွေးထင်တဲ့အပေါ်ထပ်တက်ခဲ့သည်။

အပေါ်ထပ်ဧည့်ခန်းရဲ့ ညာဘက်စွန်းစွန်းမှာရှိနေတဲ့ အန်တီရှိန် အိပ်ခန်း။ အပေါ်ဆုံးလှေကားထစ်ကို ရောက်သည်နှင့် ညာဘက်ချိုးဖို့ ခြေလှမ်းပြင်စဉ် –

"ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



အနို့ရဲ့ စက်ဆုပ်စဖွယ် ဟန့်တားသံ။ ဘယ်ဘက်အခန်းထဲက ထိုအခန်းက ဒေတာ့အခန်းမှန်း စည်းပိုင်းသိတာမို့ ခြေလှမ်းတွေ တန့်သွားသည်။

အနို့နဲ့ဒေတာကဘာလဲ။ သိချင်စိတ်လည်း လှုပ်လှုပ်ရှားရှား ဖြစ်ကာ နားစွင့်မိ၏။

"နေပါဦး အနီး၊ အခုမှ အနီ ခါးခါးသီးသီး ဖြစ်နေတာ ဘာသဘောလဲ"

"ဘာသဘောရမှာလဲ၊ အနီက ရှင့်အတွက် ပျော်တော်ဆက် မဟုတ်ဘူး"

"အဟွန်း၊ အခုမှ အပျိုစင်လေးလို ထွန့်ထွန့်လူးဖြစ်မနေနဲ့"

"ဟွန့် ရှင်ပဲပြောတတ်လား ကိုဒေရယ် ဟင်၊ အပျိုစင်လေး တုန်းက ဘာမှမသိဘဲ လန့်လန့်ဖျပ်ဖျပ်နဲ့ ရှင်လိုရာပါသွားတာ ကျေနပ်လို့မဟုတ်ဘူး။ ဘာမှန်းညာမှန်း မသိတဲ့ ရှင့်ရမ္မက်တန်ခိုးတွေကို မတွန်းလှန်ခဲ့တာပါ၊ အခု အနီက အစစအရာရာကို နားလည်နေပြီ၊ ခွဲခြားခြား သိနေပြီရှင့်၊ အနို့ကိုယ်ကို အနီပိုင်တယ်၊ ရှေ့ဆက် ရှင့်အလို အတိုင်း ဖြည့်နေဖို့ အနီ အခွင့်အရေးမပေးနိုင်တော့ဘူး၊ ရှင့်ကြောင့် အနို့ဘဝလေး ညစ်ထေးသွားပေမယ့် ရှေ့ဆက်ညစ်ထေးမသွားဖို့ အနီ ကိုယ်အနီ ကာကွယ်ရမယ်၊ အနီ ဆင်ခြင်ရမယ်၊ အဲဒါ အနို့ဆုံးဖြတ်ချက်"

"တော်"





နှုတ်ခမ်းအတွင်းသားကို တင်းအောင်ဆွဲကိုက်ရင်း စည်း ကျက်လုံးကို စုံမှိတ်ချလိုက်သည်က ရင်ထဲမှာ မခံစားနိုင်စွာ။

တစ်ကိုယ်လုံးလည်း တောင့်တင်းကာ လက်ချောင်းတွေ တင်း နေအောင် ဆုပ်မိလျက်သားဖြစ်၏။

အသံတွေက ကျယ်လိုကျယ်၊ တိုးလိုတိုးနဲ့ သူ့နားတွေဟာ ပုံမှန်မဟုတ်တော့သလား အောက်မေ့ရသည်အထိ။

"အနီ၊ အနို့ဆုံးဖြတ်ချက်အတိုင်း ကိုယ် မနာခံနိုင်ဘူးနော်၊ အနို့ကိုခေါ်ယူပြီး ပညာသင်ပေးတဲ့ ကျေးဇူးတွေကိုလည်း ထောက်ထားဦး ဗျ"

"အဟင့်၊ ကျေး ကျေးဇူးတဲ့လားကိုဒေရယ်၊ ဟင့် ဟင့် ဟင့်"

အနို့ရဲ့ အက်ကွဲသော ခနဲ့သံသံ့ရယ်သံ။ စည်းပိုင်းတစ်ကိုယ်လုံး မှ သွေးတွေ ပွက်ပွက်ဆူကာ။ ကိုက်ထားမိတဲ့ နှုတ်ခမ်းမှ သွေးတောက် တောက် စီးကျလာလေသည်။

"ဟုတ်တယ်လေ၊ အနီကို ပညာသင်ပေးတဲ့ မာမို့ကျေးဇူးကို တော့ အနီ ထောက်ထားရမယ်"

"အဲလိုမှန်း အစကသိရင် ရှင်တို့စံအိမ်ထဲ ခြေမချဘူး ကိုဒေ၊ အခုတော့ အနီ ဘဝနဲ့လဲလိုက်ရတဲ့အဖြစ် တန်ရဲ့လား ဟင်၊ တန်ရဲ့ လား ပြောစမ်းပါ ကိုဒေရဲ့၊ ရှေ့ဆက်ပြီး အနီ ဒါမျိုးနဲ့ ရှင့်စံအိမ်မှာနေပြီး ပညာမသင်ပါရစေနဲ့တော့၊ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"အနီ"

အတင်းဆွဲလားရမ်းလားဖြစ်တဲ့ ဒေတာကို အနီ မမှုတော့ဘဲ အတင်းတွန်းပစ်ပြီး အခန်းထဲက ပြေးထွက်ခဲ့သည်။

"ဒေတာ"

အသံနက်ကြီးနဲ့ အော်ဟစ်လိုက်တဲ့အသံက စည်းပါလို့ ပြောရ ယုံနိုင်စရာမဟုတ်တဲ့အသံနဲ့မို့ အနီ လန့်လန့်ဖျပ်ဖျပ်လေး ရပ်တန့်သွား သည်။

ဘုရား ဘုရား။

အနီ့မှာ ရှက်စိတ်နဲ့ မျက်ရည်တွေ ပြိုကျလာသည်။ အခန်းထဲ ပြေးထွက်လာတဲ့ ခြေလှမ်းက အနီ့ကို မရ ရအောင် ဆွဲတားဖို့ပါ။

ဒါပေမဲ့ လှေကားအပေါ်ဆုံးအဆင့်မှာ မျက်နှာချင်းဆိုင် ရပ်နေ တဲ့ စည်းဝိုင်း။ ခန္ဓာကိုယ်ကြီး တောင့်တင်းနေသည်က တစ်ခုခု သည်းမခံနိုင်စွာ လုပ်ပစ်လိုက်ဖို့ ဝန်မလေးစွာ။

ထိုအခါ ဒေတာ မျက်နှာပျက်သွားသလို ခြေလှမ်းတွေ တ ၏။ အနီက မျက်နှာလေးကို လက်နဲ့အုပ်၍ ရှိုက်ကာငိုသည်။

ပြေးဆင်းသွားဖို့က စည်းဝိုင်းက လှေကားအလယ်တည့်တည့် မှာ။ နောက်ပြန်လှည့်ပြေးဖို့ကလည်း မဖြစ်။ နောက်မှာက ကိုဒေ။

အနီ ဘာတတ်နိုင်မှာလဲ။ ဟင့် ဟင့် ဟင့်။

အနီ ရှိုက်သံက စည်းဝိုင်းအသည်းနှလုံးကို အကြိမ်ကြိ





သွေနေသလို နာကျင်လှသည်။

"ဒေတာ၊ မင်းတို့သားအမိက ငါတို့သားအဖရဲ့အသည်းနှလုံး အမြဲတမ်း ဖောက်စားနေတဲ့ အယုတ်သမတွေ။ မင်းကို ငါ ခွင့် တ်တူး"

စကားတွေနောက်မှာ လက်ကလည်းပါသည်။ လှေကားထိပ် း တစ်ဖက်တစ်ချက်မှာရှိနေတဲ့ ကြွေပန်းအိုးကြီးကို ကောက်ကိုင်ပြီး ာကို လွှဲရိုက်ဖို့ ရွေ့တိုးလျှင် –

"စည်း မရိုက်ပါနဲ့ စည်းရယ်၊ ရိုက်ချင်ရင် အနီ့ကိုသာ ်လိုက်ပါ။ အနီ့အမှားအတွက် အနီဖြစ်ပါစေ၊ မလုပ်ပါနဲ့၊ အနီ င်းပန်တယ် ဟင့် ဟင့် ဟင့်"

အနီ အတင်းဆွဲတားသည်က ခြေလွန်လက်လွန် ဖြစ်ကုန်မှာ ပါ။ အနီ တားနေရင်းကြားမှ စည်းက ဒေတာရှေ့ တိုးသွား၏။

"ဒေတာ အယုတ်တမာကောင်"

ဒေတာ လန့်လန့်ဖျပ်ဖျပ်နဲ့ အနီကိုယ်နဲ့ အကာအကွယ်ယူကာ ာက်ထပ်ပြေးဆင်းသွား၏။ စည်းဝိုင်းလည်း နောက်က ပါသွားသည်။

ဖြစ်ချင်ရာဖြစ် စည်းဝိုင်းကို အနီ ဖက်ထားလိုက်သည်။

"စည်း မလုပ်ပါနဲ့၊ ဟင့် ဟင့် ဟင့် မလုပ်လိုက်ပါနဲ့"

ပန်းအိုးကြီးက ထုထုခဲခဲကြီး။ ထိတာနဲ့ ပွဲပြီးသွားနိုင်သည်။ ကြောင့် ဘယ်သူ့ကိုမှ ထောင်နန်းမစံစေချင်ဘူး။ ဒါကြောင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



စည်းရယ်။

ရင်ထဲကပြောရင်း ဆွဲထားလိုက်တဲ့အခါ စည်းပိုင်း ကိုယ်

မထိန်းနိုင်ဘဲ ခြေချော်သလိုဖြစ်ကာ လက်ထဲက ပန်းအိုးကြီးလည်း လွတ်ကျလေသည်။

လွတ်ကျတဲ့ပန်းအိုးက ဒီအတိုင်းမနေ။ လှေကားလက်တန်း

လွန်ကာ အောက်သို့ကျလျှင် အလှမွေးငါးလေးများရှိတဲ့ မှန်အိမ်ကိုထိ

"ဒုန်း"

"ချလွမ်း"

ကျသံတွေ ကွဲသံတွေနောက်မှာ အားလုံး အကျည်းတန်

မှန်အိမ်ကွဲထွက်ကာ ရေတွေ ဒလဟော စီးဖြာသွားသည်။

ထိုအခါ အလှမွေးငါးလှလှလေးများခမျာ ပါးစပ်လေးဟစ်

နဲ့ အသက်ရှင်ခွင့်ရဖို့ ကြိုးစားပြီး အသက်ရှူနေရသည်။

ဖျက်ဆီးသွားတဲ့အရာတစ်ခုက အကွဲအရှ ဗလပွနဲ့ အကျည်း

တန်နေတာ သဘာဝပါပဲ၊ ခုလည်း အားလုံး ထိုနည်းလည်းကောင်း

အက်တာ သွားခေါ်လို့ အပြင်က ပြန်ရောက်လာတဲ့ ဒေါ်

နဲ့ အက်တာ။ ကားပေါ်ကဆင်းဆင်းချင်း ဧည့်ခန်းလှမ်းအဝင်မှာ

မှတ်တာတွေ မြင်ရလို့ ကြက်သေသေသွား၏။

ဒေတာက မာမီ့ရင်ခွင်ထဲ ပြေးခိုလျက်။

"ဟင့် ဟင့် ဟင့်"





အနီ ငိုရှိုက်ရင်း စည်းခါးကို ဖက်ထားရာမှ လက်လွှတ်ကာ အားလုံးရှေ့က ပြေးထွက်၏။

"အနီ"

အားလုံးရဲ့ခေါ်သံတွေ လည်မျိုမှာ တစ်ဆို့ကုန်ပြီလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင့် ဟင့် ဟင့်"

"အနီရယ်"

နှလုံးသားလေး အစိတ်စိတ်အမြွှာမြွှာ ဖြစ်မတတ် ငိုကြွေးနေ[illegible] သူငယ်ချင်းမလေး။

အနီ့ကို သီတာ အပြစ်မတင်ရက်ပါ။

အနီ့ပခုံးကို စာနာစွာ ဖက်ထားမိသည်က နှစ်သိမ့်နိုင်ပါစေဆို[illegible] သူငယ်ချင်းကောင်းပီသတဲ့ စေတနာနဲ့ပါ။

"ဟင့် ဟင့် ဟင့်"

အနီက ထိထိရှုရှု ငိုနေဆဲ။





"ငိုနေလို့လည်း ဘာထူးတော့မှာလဲ အနီရယ်"

"ဟင့် ဟင့် မထူးပေမယ့် အနီ ဝမ်းနည်းလို့မဆုံးဘူး သီတာရယ်၊ အနီ့စိတ်ကို အနီ ဖြေလို့မရဘူးဖြစ်နေတယ်၊ ဟင့် ဟင့် ဟင့်"

"ဒီလိုပဲ ကြိုးစားပြီးဖြေရမှာပေါ့ သူငယ်ချင်းရယ်၊ ဒီကိစ္စက အနီ့စိတ်က ပါလို့ဖြစ်ရတာမှ မဟုတ်တာ"

"စိတ်မပါပေမယ့် အနီ့ကိုယ်အနီ မထိန်းနိုင်ခဲ့ဘူးလေ၊ အနီ ဆင်ခြင်နိုင်ခဲ့တာကို အနီ ခံစားရတာပါ"

"ဒီလိုလည်း တစ်ထစ်ချ ပြောလို့ မရဘူး အနီရဲ့၊ ဒီကိစ္စမျိုး [illegible]တွေ့အကြံမရှိတဲ့ အပျိုစင်မိန်းကလေးတွေဟာ သွေးဆောင်တတ်တဲ့ အကြံသမားတွေရဲ့ ပယောဂကြောင့် ဒီလိုပဲ သစ်စိမ်းချိုး ချိုးခံရတာမျိုး ဟုတ်တယ်လေ၊ သီတာက မကြုံဖူးပေမယ့် ဟော အနီက ကြုံရတယ်၊ ရှောင်လွှဲလို့ မရအောင် ကြုံဆုံလာတာကို ရိုးမယ်ဖွဲ့ပြီး ခံစားနေရင် [illegible]ပဲ ရင်ကွဲရမှာပေါ့"

"ဟင့် ဟင့် ဟင့်"

"ဟုတ်တယ်လေ၊ အနီပဲ ရင်ကွဲရမှာ။ ပြန်စဉ်းစားကြည့်ရင် [illegible] တော်ပါတယ်"

"ဘာ ဘယ် ဘယ်လို"

မျက်ရည်တွေ ရွှဲနေတဲ့ အနီ့မျက်နှာလေးကို မော့ရင်း မေးလေသည်၊ သီတာက အနီ့ပါးပေါ်က မျက်ရည်တချို့ကို သုတ်ပေးပြီး -



www.burmeseclassic.com

www.burmeseclassic.com



"အနီးနေရာမှာ တချို့မိန်းကလေးဆို မထူးစိတ်ပိုက်ပြီး ရှေ့ မျှော်နေလိုက်မှာလေ၊ အနီကာ မထူးစိတ်ပိုက်ပြီး နေလိုက်ဖို့ စိတ်မကူ ဘူး၊ ဆင်ဆင်ခြင်ခြင်နေဖို့ ဆုံးဖြတ်ရဲတာကိုက အနီ တော်လို့ပေါ့"

"အပတ် အနီတော်လို့ မဟုတ်ပါဘူးဟယ်၊ ဟင့် ဟင့် ဟင့်"

အနီပြောရင်း ဝမ်းနည်းတကြီး ငိုချပြန်သည်။

"အနီကလည်း ပြောရင်းနဲ့ ငိုနေပြန်ပြီ"

"ဟင့် ဟင့် ဟင့်၊ အနီငိုပါရစေ"

ရင်ထဲမှာ ပြောရင်း ငိုချမိတာကအကြောင်းမဲ့မှ မဟုတ်ဘ

အနီတော်လို့ မဟုတ်ပါဘူးကွယ်၊ အနီတော်လို့ မဟုတ်ပါဘူး။

စည်းမှတ်တမ်းထဲက စကားလုံးလေးတွေက အနီစိတ်ကို ထိ သိမ်းဖို့ ခွန်အားတွေ ပေးလိုက်သလိုပါပဲလေ၊

စည်းမှတ်တမ်းထဲက စကားလုံးတွေသာ မဖတ်မိရင် ခုချိန် အနီဟာ ကိုဒေ သွေးဆောင်တဲ့အတိုင်း မျောပါနေဦးမှာလေ၊

အနီစိတ် အနီကိုယ်ကို အသိတရားနဲ့ ထိန်းချုပ်နိုင်ဖို့ လမ်း ပြသလို တန်ခိုးကြီးတဲ့ စည်းစကားလုံးတွေဟာ အနီ နှလုံးသား

ဟုတ်တယ် အနီ့နှလုံးသား။

အနီ့နှလုံးသားအတွက် အနီ ဆင်ခြင်တာက အချစ် ခံစားမှုနဲ့ တပ်မက်တဲ့ သွေးသားတောင့်တမှု မတူဘူးဆိုတာ ခွဲခွဲခြားခြားသိသွားလို့ပါ စည်းရယ်၊ အနီ သိသွားလို့ပါ။





"ဘာပဲဖြစ်ဖြစ်ပေါ့၊ အနီ ခုလို ဆင်ခြင်နိုင်တာကို သီတာ ဝမ်းသာတယ်၊ မိန်းမဆိုတာ ရေစုံမျောနေတာထက် ကိုယ့်ကိုယ်ကိုယ် ဆင်ဆင်ခြင်ခြင်နဲ့ ဆယ်တင်နိုင်တဲ့သတ္တိ ရှိရမယ်၊ ဒါမှလည်း ကိုယ့်လမ်း ကိုယ် ဖြောင့်ဖြောင့်လျှောက်နိုင်မယ်လေ၊ နောက်ဆို ကိုဒေ ကြိုးဆွဲရာ နောက်ပါပြီး ဘဝလုံးပါးပါးသွားမှာပေါ့ အနီရဲ့"

"အပတ်"

အနီ ရှိုက်ရင်း သက်မမောလေးချသည်။ သီတာက အနီ လက်ဖဝါးလေးကို ဖျစ်ညှစ်လျှက်။

"အဆိုးထဲက အကောင်းဆိုတာ ဒါမျိုးပါ အနီ။ ရုန်းထွက်နိုင် တာကိုက ဂုဏ်ယူစရာကောင်းတယ်လေ၊ ဒါကြောင့် တွေးပြီး ဝမ်းနည်း နေပါနဲ့၊ ကြေကြေကွဲကွဲ ခံစားပြီး ဘဝကို အမှောင်ချဖို့ မကြိုးစားပါနဲ့ ကော့ အနီရယ်၊ လောလောဆယ် အနီ ဘယ်မှထွက်မသွားနဲ့"

"အနီလည်း ဘယ်သွားလို့ ဘယ်လာရမှန်း မသိတော့ဘူး သီတာရယ်၊ ဒါကြောင့် သီတာဆီပဲ အားကိုးတကြီး ပြေးလာလိုက်တာ"

"သီတာကလည်း အနီ သီတာဆီ ရောက်လာတာကို ဝမ်းသာ ပါတယ်၊ စိတ်လိုက်မာန်ပါ အနီ့မေမေဆီ ရောက်သွားလို့ကတော့"

"အနီလည်း အဲဒါပဲတွေးပြီး ကြောက်လာတယ်၊ မေမေနဲ့ဖေဖေ သိလို့ မဖြစ်ဘူး။ သိရင် ပြဿနာက ကမ္ဘာမီးလောင်သလို လောင်သွားမှာ သီတာရဲ့၊ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



''သီတာလည်း အဲဒါကို စိုးရိမ်တာ။ သိသွားရင် မလွယ်ဘူး လေ၊ ဒါကြောင့် လောလောဆယ် အနီ သီတာ့နားမှာပဲနေဦး''

''ဖြစ် ဖြစ်ပါ့မလား''

''အို ဘာလို့မဖြစ်ရမှာလဲ''

''သီတာ့အန်တီနဲ့အန်ကယ်က''

''ဒါများ''

သီတာက ပေါ့ပေါ့ပါးပါး ဆိုသည်။

''သီတာ့အန်တီနဲ့အန်ကယ်က သူ့ရွှေဆိုင်နဲ့သူ၊ မနက်က မိုးချုပ် ဆိုင်မှာပဲ အချိန်ကုန်နေတာ၊ ပြန်လာရင်လည်း သူ့စာရင်းနဲ့သူ လင်မယားချင်းတောင် မျက်နှာချင်းဆိုင်စကားပြောလို့ အား မဟုတ်ဘူး။ အနီကို ဘာမှပြောဖို့ အချိန်မရပါဘူးအေ၊ သီတာ့သူငယ် ဆို သီတာနဲ့ နေချင်သလိုနေ၊ ရတယ်လေ၊ အနီ့ကို သီတာ တာဝန်ယူ တယ်၊ စိတ်မပူပါနဲ့၊ ကဲ မျက်ရည်တွေ ဘာတွေ သုတ်ဦး၊ အန်တီ မိတ်ဆက်ပေးရင် ရွှင်ရွှင်လန်းလန်းဖြစ်နေအောင်လေ''

သီတာပြောတဲ့အတိုင်း အနီ ပါးပေါ်က မျက်ရည်လေး သုတ်၏။

''မျက်ရည်တွေသုတ်ရုံနဲ့ မရပါဘူး။ မျက်နှာလေးဘာလေး လိုက်တော့ဟာ၊ လာ''

သီတာက ပြောပြောဆိုဆို အနီ့ကို ဘေစင်ဆီ ဆွဲခေါ်သွားသည်





လောလောဆယ် သီတာ့အစီအမံအတိုင်း အနီလိုက်လုပ်ရုံသာပေါ့။

ဘေစင်မှာ မျက်နှာသစ်ပြီး မှန်တင်ခုံရှေ့ ခေါ်လာသည်။ အနီ မျက်နှာသုတ်ပဝါနဲ့ ရေစက်တွေသုတ်ရင်း မှန်ရှေ့ထိုင်ချ၏။

ထိုအခါ အလှမိနီယံဘောင်ကွပ်ထားတဲ့ ဝိုင်းဝိုင်းစက်စက်ပုံစံ မှန်ဝိုင်းကြီးကိုမြင်လျှင် အနီ ရင်စို့ရလေသည်။

ဘာဖြစ်လို့လဲဆိုတော့ မှန်ဝိုင်းကြီးက စည်းဝိုင်းမျက်နှာကြီး နှယ်၊ အနီ့မျက်လုံးအိမ်ထဲ ပေါ်လာလျှင်။

အနီ့နှလုံးသားမှာ မျက်ရည်ဝဲရပြန်သည်။ စည်းရယ်၊ အနီ့ကို ချစ်တယ်ဆိုတာ အနီ အံ့ဩရပါတယ်။ တကယ် အံ့ဩရပါတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အနီ့ကို ဘာရည်ရွယ်ချက်နဲ့ ခေါ်ထားတာလဲ အန်တီရှိန်"

စည်းဝိုင်း အားမနာတတ်ပါ။ တည့်တည့်ကြည့်ပြီး ဒဲ့မေး သည်။ ထိုအခါ ပြုံးချိုထားတဲ့ ဒေါ်ဝါဝါရှိန်မျက်နှာကြီး ပျက်လုပျက်ခင် ဖြစ်ကာ –

"စည်း"

မလှုံမလဲ ခေါ်သည်က ရှင်းပြဖို့ပါ။ စည်းက မျက်နှာကို ထားပြီး ဒုံးတိဆိုသည်။

"ကျွန်တော်သိတယ်၊ အနီ့ကို အန်တီရှိန် ဘာရည်ရွယ်ချက်နဲ့ ခေါ်ထားလဲ ဆိုတာ"





ဒေါ်ဝါဝါရှိန် ဣန္ဒြေမဆယ်နိုင်တော့ပါ။ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါလျက်။

"စည်း စည်း အန် အန်တီရှိန် ကို ဘယ် လို ထင်နေတာလဲ"

"ထင်တာမဟုတ်ဘူး။ အန်တီရှိန့်ရင်ထဲမှာ ဘာရှိနေလဲဆိုတာ ကျွန်တော်သိနေတာ"

"စည်း"

ဒေါ်ဝါဝါရှိန် ထိုင်နေလို့မရတော့ပါ။ ပျက်ကျနေတဲ့ မျက်နှာကို ဖြန်မပြုင်နိုင်။ နောက်ထပ် ပျက်ယွင်းသွားသလို ဝုန်းခနဲလည်း ထ၏။

"အန်တီရှိန် ကျွန်တော့်ကို ညာလို့ရဘူး။ အန်တီရှိန့်စိတ်ကို သည်း အန်တီရှိန် ညာလို့မရဘူး"

"ဟင်"

ဒေါ်ဝါဝါရှိန့်ကိုယ်ကြီး နောက်လန်ကျမတတ် ဖြစ်သွားလေသည်။ စည်းမျက်လုံးအစုံက ထိုးနိုက်ကြေကွဲနေပေမယ့် စိမ်းတောက်လျက်။

"အန်တီရှိန့်စိတ်ကို အန်တီရှိန် ပြန်ဖတ်ကြည့်စမ်းပါ၊ ကျွန်တော့်အပေါ်, အနီ့အပေါ်, ပြီးတော့ ကျွန်တော့်ဒယ်ဒီအပေါ် အန်တီရှိန့်စိတ်ခံစားတွေ ဘယ်လောက်များ မောင်ပိုင်စီးလုပ်ခဲ့သလဲလို့"

ဒေါ်ဝါဝါရှိန်က ပြန်ပြောရမှန်းမသိအောင် သွေးဆုတ်သွား၏။

"စည်း" လို့ ထိတ်ထိတ်ပျာပျာ အော်ဟစ်ခေါ်လိုက်ပေမယ့် အသံကထွက်မလာ။ လည်မျိုမှာ တစ်ဆို့နေ၏။ ခံတွင်းတစ်လျှောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပွဲချောက်လျက် အသက်ရှုကျပ်မတတ် ဖြစ်လေသည်။

"မင်း ဘာတွေ ပြောနေတာလဲ"

ဝင်မစွက်ဖက်ချင်လို့ ရပ်ကြည့်နေတဲ့ ဦးသက်တန့်ဦး ခံပြင်းစိတ်နဲ့ မေးရင်း စည်းဝိုင်းရှေ့တိုးလာသည်က။

ဒါကလည်း အကြောင်းမဲ့မဟုတ်ပါ။ သူ့ဇနီးဘက်က ရှု ကာကွယ်ဖို့။ ဘယ်သူ့ဘက်က ဘယ်သူကာကွယ်ဖို့လာလာ စည်းဝိုင်း ဂရုမစိုက်ပါ။

လူကြီးသော ဘာသော နားမလည်။ ရင့်ရင့်ကြီးပဲ ပြောရသည်။

"ဒီကိစ္စကို အန်ကယ် ဘာမှမသိပါဘူး။ အန်ကယ်မသိတာနဲ့ မသိတဲ့အတိုင်း နေလိုက်ပါ။ သိသွားရင် အန်ကယ်ပါ ထိထိခိုက်ခိုက် ခံစားရစေမယ်"

"ကျွတ် စည်းဝိုင်း၊ မင်းကိုငါ လူကြီးတစ်ယောက်အနေနဲ့ ဝင်ပြောနေတာကွ"

"ဝင်ပြောချင်ရင် အန်ကယ့်ဇနီးကိုအန်ကယ် အရင်မေးကြည့်လိုက်စမ်းပါ။ ကျွန်တော်တို့ နှလုံးသားတွေကို ခြေမွပစ်ဖို့ ဘာကြောင့် ကြံစည်ရတာလဲလို့ မေးလိုက်စမ်းပါ။ ဒီမှာအန်တီ၊ အန်တီယောက်ျား နားလည်အောင် အန်တီပြောပြရဲလား ရဲရင်ပြောပြလိုက်စမ်းပါ"

"စည်း စည်း ပါးစပ်ပိတ်ထားပေးပါ စည်းရယ်"





ဒေါ်ဝါဝါရှိန် ဖျစ်ညှစ်ပြောလိုက်ရသည်။ ဘာဖြစ်လို့လဲဆိုတော့ စည်းဝိုင်းစကားနောက်မှာ ခင်ပွန်းသည်မျက်လုံးက သူ့မဆီ လည်လာသည်။

စည်းဝိုင်းက ပြောတဲ့အတိုင်း နာခံတတ်သူ မဟုတ်လေတော့။

"ကျွန်တော် ပါးစပ်ပိတ်နေခဲ့တာ ဆယ်နှစ်တင်းတင်း မကတော့ဘူး အန်တီရှိန်၊ အန်တီရှိန်ကြောင့် ကျွန်တော်တို့သားအဖတွေ အသည်းကွဲနေရတယ်၊ ဘာမှမသိတဲ့ အနှိုဘဝလေး ပျက်စီးရတယ်၊ ဒါ ဘာကြောင့်လဲ၊ အန်တီ့စိတ်ကို အန်တီရှိန် သိပါတယ်၊ သိသိကြီးနဲ့ ကျွန်တော့်ကို အမိန့်ပေးမနေပါနဲ့၊ ကျွန်တော် ပါးစပ်ပိတ်ပြီးငြိမ်နေခဲ့တာ တုံးလို့ အလို့ မဟုတ်ဘူး အန်တီရှိန်၊ ဖခင်ကိုချစ်တဲ့ သားတစ်ယောက်အနေနဲ့ ခင်ဆန္ဒကို ဖြည့်ဆည်းပေးချင်တဲ့စိတ်နဲ့ ငြိမ်ခံနေတာမျိုး။ ဒါကိုတောင် အန်တီရှိန် အားမရသေးဘူး။ ကျွန်တော်ချစ်နေတဲ့ အနှိုကိုပါ ဒီစံအိမ်ထဲ ဆွဲသွင်းလာပြီး"

"တော် တော်၊ မင်း ဆက်မပြောနဲ့တော့"

ဒေါ်ဝါဝါရှိန် သွေးရူးသွေးတန်း ဟန့်တားရင်း နံရံမှာ အလှဆင်ထားတဲ့ သစ်သားပန်းပုရုပ်တုလေးနဲ့ ကောက်ပေါက်၏။

စည်း ရှောင်ဖယ်ရင်း ရယ်မောပစ်လိုက်သည်။ ဦးသက်တန့်ဦးကတော့ နားမလည်နိုင်တော့ပါ။ စည်းနဲ့ဇနီးသည်ကို နားမလည်မှုပေါင်းများစွာနဲ့ စိန်းစိန်းကြီး ကြည့်နေရာမှ ဇနီးသည်ကို ပြန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန် ရှိန်"

"ဒါလင် ဘာမှမပြောနဲ့"

ကိုယ့်သားအရွယ်ရှေ့မှာ ကိုယ့်ဇနီးက ကိုယ့်ကို ဟောက်ထည့်သလို ပြောလာတော့ ဦးသက်တန့်ဦး မျက်နှာကြီးရဲမှည့်သွားသည်။

"ရှိန် မင်း"

"မပြောနဲ့၊ ဘယ်သူမှ ဘာမှမပြောနဲ့၊ သွား ထွက်သွား။ ရှိန်ရေ ဘယ်သူမှမနေကြနဲ့၊ သွားကြ"

ပြောလည်းပြောရင်း မှန်ဗီရိုပေါ် အလှဆင်ထားတဲ့ အရုပ်တွေ ပန်းအိုးတွေ ဘာတွေမကျန် ဆွဲလွှဲ ကောက်ပစ်သည်။

"ဒုန်း"

"ခွမ်း"

"ချလွမ်း"

ကျည်သံတွေ၊ ကွဲသံတွေ ညံစီလို့သွား၏။

"ရှိန် စိတ်နဲ့ရှိန် ဘယ်သူမှ ဘာမှသိစရာမလိုဘူး။ ဘယ်သူ လာမထောက်ပြနဲ့၊ ဘယ်သူမှ လာမမေးနဲ့၊ စည်းဝိုင်း မင်း မင်း အန်တီ့စိတ်ကို လာမဆွပါနဲ့"

"မဆွစေချင်ရင် ကျွန်တော့်နှလုံးသားထဲက အနို့ကို အန်တီ ခုတုံးလုပ်စရာ မလိုဘူးဗျ"

"တော်ကြတော့၊ တော်တော့ မတော်ကြဘူးလား"





ဘာမှ ရေရေရာရာမသိရတဲ့ အဖြစ်အပျက်ကြားမှာ လှောင်ပိတ် ထားသလို ဖြစ်နေတဲ့ ဦးသက်တန့်ဦး ခံပြင်းစိတ်နဲ့ ဒေါသတွေ ထွက်ကာ အသံကုန် အော်ဟစ်ရင်း ဧည့်ခန်းအလယ်က မှန်စားပွဲကြီးကို ခြေနဲ့ ကန်ပစ်လိုက်သည်။

"ဝုန်း ဒုန်း"

စားပွဲက နှစ်ပတ်လောက် လိမ့်ပြီး အန်တီရှိန်နဲ့စည်းဝိုင်း အလယ်မှာ ရုပ်ပျက်ဆင်းပျက် လဲကျသွားသည်။

"တော်ပါတော့ ဒယ်ဒီ"

အက်တာ မနေသာတော့ပါ။ ပြေးဝင်လာပြီး ဒယ်ဒီကို ဆွဲ၏။ အဘာကလည်း မာမီ့ကို ဆွဲခေါ်သွားသည်က ဒယ်ဒီနဲ့စည်းဝိုင်းတို့ နှစ်ယောက်နဲ့ ဝေးရာ။

"လွှတ် လွှတ်စမ်း"

ဒေါ်ဝါဝါရှိန် ရင်ထဲမှာ မီးလောင်နေတာပဲသိသည်။ တခြား ဘာကိုမှ မသိတော့ပါ။ သားကိုလည်း တွန်းပစ်၏။

သမီးနဲ့ခင်ပွန်းသည်ကို ကျော်ပြီး စည်းဝိုင်းကိုကြည့်လျက်–

"စည်း"

"အန်တီ ဆက်မပြောနဲ့တော့။ ပြောချင်ရင် အန်တီ့စိတ်ကို အန်တီ ပြန်ဖတ်ကြည့်ဦး"

စည်း ဒါပဲပြောပြီး သူ့အခန်းထဲတန်းဝင်ကာ တံခါးကို ဆုံးခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပစ်လိုက်သည်။

"ဒုန်း ဒုန်း"

"စည်း"

ဒေါ်ဝါဝါရှိန် ကမူးရှူးထိုး ပြေးသွားပြီး စည်းအခန်းတံခါးကို တဝုန်းဝုန်းထုတ၏။

"တောက်"

ဦးသက်တန့်ဦး ခံပြင်းစွာ တက်ခေါက်၍ အပေါ်ထပ်တက်သွား သည်။ အက်တာနဲ့ဒေတာက မာမီအနား ပြေးကပ်သွားပြီး "မာမီ" လို့ ပြုံးတူခေါ်သည်။

"မခေါ်နဲ့ သွား သွားကြ၊ ဘယ်သူ့မျက်နှာကိုမှ ငါမကြည့်ချင် ဘူး။ ထွက်သွား"

ဒေါ်ဝါဝါရှိန် သွေးရူးသွေးတန်း အော်ဟစ်သလို မောင်နှမ နှစ်ယောက်ကိုလည်း တွန်းပစ်၏။

မာမီ တစ်ခါမှ ဒီလိုမဖြစ်ဖူးတာ သူတို့သိသည်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ နားမလည်။ မာမီ ပေါက်ကွဲနေတာမြင်တော့ လည်း ခပ်ရွံ့ရွံ့ဖြစ်ကာ နှစ်ယောက်သား မျက်နှာအပျက်ပျက်နှင့် တွန့် ဆုတ်ကာ ထွက်သွားကြလေသည်။

မြင်မကောင်းအောင် ဖြစ်နေတဲ့ ညှော်ခန်းထဲမှာ ဒေါ်ဝါဝါရှိန် တစ်ယောက်တည်း ကျန်ကာ ကြမ်းခင်းပေါ် ပြန့်ကြဲနေတဲ့ အလှဆင်





ည်းတွေကို ကျော်ဖြတ်ရင်း နလုံးသားဆူပွက်စွာ ခေါက်တုံ့ခေါက်ပြန် မ်းလျှောက်မိလျှင် ခြေဖဝါးအောက် နင်းမိသွားတဲ့အရာတစ်ခု။

ဒေါ်ဝါဝါရှိန် ငုံ့ကြည့်လိုက်တော့ ရဲရဲနီနေတဲ့ ပိန်းပန်းတစ်ပွင့်။ င်းမိတဲ့အရှိန်နဲ့ ပွင့်ချပ်လေး ကျိုးပဲ့ကာ အလှတရားတွေ ပျက်သုဉ်း လေသည်။

အနီ၊ ရင်ထဲမှာ အလိုလို ရောက်လာတဲ့နာမည်။

ဒေါ်ဝါဝါရှိန် အံကြိတ်ရင်း ငြိမ်နေပေမယ့် မရပါ။ ကိုယ်ထဲက တွေဟာ ရေနွေးလို ဆူဆူပွက်နေလျှင် ဘုမကိုယ်ကြီး ယိုင်နဲ့နဲ့ ၏။

ထိုအခါ ထိန်းမနိုင်တဲ့ ကိုယ်က ဆိုဖာပေါ် ဝုန်းခနဲကျကာ။ ခန်းထဲမှာ အနီရောင်မီးပွင့်တွေ ဝေဆာသွားလေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"အို ဟဲ့"

"အား ကျွတ် ကျွတ်"

နှစ်ယောက်သား ယှဉ်သွားနေရာမှ တစ်ယောက်က ခလုတ်

လျှင် တစ်ယောက်က ဆွဲထူတဲ့အဖြစ်။ မြင်ကွင်းထဲမှာမို့ ဘာရယ်မ

ဘူး စည်း ကြည့်မိသွားသည်။

နှစ်ယောက်သား စကားပြောလျှောက်လာနေရင်း တစ်

စောင်း နိမ့်လျှောနေတဲ့ ပလက်ဖောင်းအခင်းကို နင်းမိကာ ခြေ

လဲကျသည်။

အဝါပေါ် အညိုဖောက်သော တစ်ပတ်နွမ်းပိတ်ပွင့် ဝမ်းဆ





...း ဝတ်ထားတဲ့ မိန်းကလေးကို ချည်ကွက်ရှပ်အင်္ကျီနဲ့ ထဘီပြောင်

...ဝတ်ထားတဲ့ မိန်းကလေးက ဆွဲထူပြီး –

"အောက်လေးဘာလေး ကြည့်ပါဦးဟယ်"

"စကားပြောနေတာနဲ့ အား ကျွတ် ကျွတ်"

"ရရဲ့လား"

"ရပါတယ်၊ နည်းနည်းနာသွားတာ ကိစ္စမရှိပါဘူး၊ တော်ကြာ

...း သက်သာသွားမယ်၊ အိမ်ရောက်တာနဲ့ ပရုပ်ဆီလေး လိမ်းလိုက်

...လ"

"ကဲလာ အဲဒါဆိုလည်း သွားကြမယ်၊ ဟိုမှာ ကားလာနေပြီ"

လဲကျသွားတဲ့ မိန်းကလေးက ခေါင်းလေးညိတ်သလို တော့နင်း

... သူမသူငယ်ချင်းကို လက်တွဲလျက် ထိုးရပ်လာတဲ့ အမှတ် လေး

...ဘတ်စ်ကားပေါ် လှမ်းတက်သွား၏။

ဒီမြင်ကွင်းလေးနောက်မှာ စည်း မျက်ဝန်းနဲ့စိတ်က အချိန်

...တော်ကြာ မျောပါသွားတဲ့အဖြစ်။

"ဟဲ့ စည်း"

အနားရောက်လာပြီး အန်တီရှိန်ခေါ်ခါမှ စည်း အသိဝင်လာ

... ထိုင်နေရာမှလည်း ကမန်းကတန်းထသည်။

"ဘာငေးနေတာလဲကွယ်၊ အန်တီရှိန် ထွက်လာတာ မမြင်

...ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပြောတာ မဟုတ်ပေမယ့် သူမလာတာကို မမြင်တာ ... ပေါ်ဝိတိရှိန် သဘောမတွေ့ခြင်း။ ဒါပေမဲ့ သူမ မူပိုင်ဟန်အတိုင်း ပြုံး... လေးပဲ ဆိုကာ။

''ဆောရီး အန်တီရှိန်၊ ဟိုငေး ဒီငေးနဲ့မို့ပါ''

ထိုမိန်းကလေးနှစ်ယောက်ပါသွားတဲ့ ဘတ်စ်ကား မြင်ကွင်းထဲ... ပျောက်ပြီး နှစ်မှတ်တိုင်လောက် ရောက်နေပြီ။

ငေးနေဆဲဖြစ်တာက စည်းကိုယ်စည်း လွန်မှန်းသိနေသည်... အန်တီရှိန်ကို ဆောရီးပြောရင်း ကားမောင်းသူနေရာ ကမန်းကတ... တက်သည်။

အန်တီရှိန်လည်း ကားနောက်ခန်းတံခါး ဆွဲဖွင့်ကာ ကား... ရောက်သည်နှင့် စည်း ကားလေးကို လျှောခနဲ မောင်းထွက်ခဲ့သည်... အန်တီရှိန်အလိုကျ။

ထိုနေ့က အန်တီရှိန်ရှော့ပင်နှ်ထွက်လို့ စည်းလိုက်ပို့ခြင်း။ အန်... တီရှိန် ဖက်ရှင်ရှော့ခ်ထဲဝင်သွားတာမို့ ထုံးစံအတိုင်း စည်းက ကား... ပါကင်ထိုးကာ ဖက်ရှင်ရှော့ခ်ရှေ့နားက ထိုင်ခုံပေါ်ထိုင်ရင်း လှုပ်လှုပ်... ထွေးဖြစ်နေတဲ့ တစ်ဖက်လမ်းက ကားမှတ်တိုင်ကိုကြည့်လျက် ဟိုငေး... ဒီငေးလုပ်ပြီး အချိန်ဖြုန်းနေရာမှ ထိုမိန်းကလေးနှစ်ယောက် ဖြစ်အင်... မြင်ကာ။

မြင်လိုက်တာက ဘာရယ်မဟုတ်ပါ။ သို့သော် စည်း မျက်... ...မှာ စီးမိုးနေတာက အချိန်ကြာမြင့်စွာ။

ဒါ့ပြင် မျက်ဝန်းထဲ တရိပ်ရိပ်ပေါ်လာတာက ခလုတ်တိုက်မိတဲ့ ...ကလေး။

လူမြင်ကွင်းထဲမှာ ခလုတ်တိုက်ကျတာကို ရှက်လည်းမရှက်... တည်တည်ငြိမ်ငြိမ်လေး ဖြစ်နေတာက သာမန်မိန်းကလေးရဲ့ ...ဟာယာဟန်မျိုးနဲ့မတူ။

အဲဒီဟန်မျိုးလေးကပဲ ထူးခြားနေလား ဘာလားမသိ။ စိတ်... ...ထဲ ပေါ်လွင်နေတဲ့ သူမရုပ်သွင်လေးကို ကွန်မြူတာမှာ ပုံကြမ်းလေး ...ခြစ်ကာ အားအားရှိတိုင်း ထိုပုံလေးကို ထုတ်ကြည့်။ ပြီးရင် အချော ...ပြန်ဆွဲဖို့ လုပ်နေမိတာ ရက်ပေါင်းမနည်း။

မျက်နှာသွယ်လေးရယ်၊ ဝင်းဝါသောအသားလေးရယ်၊ ကြော... ...တဲ့ ကိုယ်ဟန်နဲ့ အမူအယာလေးတွေပေါ်အောင် ရေးခြစ်နေမိရင်း ...လုံးသားလေး ညွှတ်ပြောင်းလာခဲ့တဲ့အဖြစ်။

ဒါ ဘာကြောင့်ပါလိမ့်။ မိန်းကလေးတွေကို ဆူးတစ်ချောင်းလို ...မြင်တတ်တဲ့ စည်းရဲ့အသိတရားထဲမှာ ဒီမိန်းကလေးရဲ့ပုံရိပ်တွေ ...ညွှတ်ပြောင်းစွာ နေရာယူနေတာ ဆန်းလှပေသည်။

ဒါ သာမန်ခံစားမှုမျိုးနဲ့ မဟုတ်တော့ဘူးထင်တယ်။

သူမပုံလေးကို ကွန်ပျူတာဖန်သားပြင်မှာကြည့်ရင်း မျက်နှာ... ...တ်အပိုင်း အသီးသီးကို ကာလာလေးများ ခြယ်ပေးဖို့ စိတ်ကူးနေ...



www.burmeseclassic.com

www.burmeseclassic.com



သည်။

စိတ်ကူးထဲကအတိုင်း နှုတ်ခမ်းပြည့်ပြည့်မှုးမှုးလေးကို စ
ဖယ်ရီသွေးရောင် ကာလာလေးခြယ်ပေးနေစဉ် –

“အဲဒါ ဘယ်သူ့ပုံစံလဲ စည်းရယ်”

သူ့အခန်းထဲ အန်တီရှိန် ဝင်လာမှန်းမသိသလို သူ့နောက်
နေ ဘယ်အချိန်ကတည်းက ရပ်ပြီး ဖန်သားပြင်ပေါ်က သူမရုပ်ပုံလေး
ကြည့်နေသည်မသိပါ။

အသံကြားလို့ လှည့်ကြည့်ခါမှ မေးနေတဲ့ အန်တီရှိန့်မျက်
ထဲမှာ ကြည်လဲ့ချိုသာနေပေမယ့် စည်းဆီမှာ မိန်းကလေးတစ်ယော
ပုံ ရှိနေတာကို သဘောမကျဖြစ်နေမှန်း အန်တီရှိန့်စိတ်ကို
ခန့်မှန်းမိသည်။

ဒါကြောင့် ခပ်ဖော့ဖော့လေးပင်။

“အင်တာနက်ထဲကပုံပါ။ ဘာရယ်မဟုတ်ဘူး အပျော်
ဆော့တဲ့သဘောနဲ့ ကာလာခြယ်ပေးနေတာပါ”

“ဪ အင်း။ အဟင့် ဟင့် ဟင့်”

အန်တီရှိန် မြူးမြူးလွင်လွင်လေး ရယ်ရင်း စည်းကို စိုက်
နေတာ စည်းဘာဝင်မကျလှပါ။

“အန်တီရှိန် နိုင်းစရာရှိလား။ နိုင်းလေ အန်တီရှိန်”

စည်း မနှစ်မြို့တာမို့ ကွန်ပျူတာကို ချက်ချင်းပိတ်ကာ





ထပြီးမေးလိုက်သည်။ အန်တီရှိန် ရယ်နေရာမှ ဣန္ဒြေလှလှလေး
ယ်ကာ –

“ဟုတ်တယ် စည်းရဲ့၊ သမီးက သူငယ်ချင်းတွေနဲ့ ချိန်းထားလို့
ကိုပို့ပေးလိုက်ပါ စည်းရယ်နော်”

“ရပါတယ်”

စည်း ဒါပဲပြောပြီး အခန်းပြင်ထွက်သွားသည်။ ဒေါ်ဝါဝါရှိန်က
နောက်က လိုက်ထွက်လာသလိုနဲ့ ကိုယ်ယောင်ပြပြီး စည်းမသိအောင်
နီးထဲ ပြန်ဝင်၊ ကွန်ပျူတာထဲက ထိုမိန်းကလေးပုံကို ပြန်ကြည့်ရင်း
တွေးပွားကာ မှုန်းကျပ်လို့ နေသည်။

ဒီမိန်းကလေးက စည်းစိတ်ကို လွှမ်းမိုးနေတာလား။

အဲဒါမျိုး ဒေါ်ဝါဝါရှိန် လုံးဝအဖြစ်မခံနိုင်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"စည်းရေ၊ အန်တီရှိန့်ကို ဟောဒီလိပ်စာလေးအတိုင်း သွာ
ပေးပါလား။ အန်တီရှိန်အသိ သမီးလေး တောက်တိုမယ်ရ နိုင်းဖို့
စည်းသွားကြိုလိုက်၊ ရော့ လိပ်စာယူထား"

စည်း ခြံထဲဆင်းပြီး ပန်းပင်တွေ ရေလောင်းနေတုန်း အန်
ရှိန် ရောက်လာသည်။ ပြောဆိုကာ လိပ်စာရေးထားတဲ့ စာရွက်လေ
ကမ်းပေး၏။

လိပ်စာလေး ဖတ်ကြည့်လိုက်တော့ ရွှေပြည်သာမြို့သစ်။

လိပ်စာထဲကအတိုင်း ရွှေပြည်သာရောက်ခဲ့သည်။ အန်တီရှိ
ပြောတဲ့နာမည်အတိုင်း အနီလေးဆိုတာ မေးလိုက်တော့ လက်ညှိုးထိုး





သာတဲ့အခါ စည်း မျက်လုံးအစုံ ပြာမှောင်လျက်။

အအံ့သြကြီး အံ့သြကာ။ သူမက အနီလေးတဲ့လား။ တိုက်
တိုက်ဆိုင်ဆိုင် ဖြစ်တာလား။ ဒါမှမဟုတ် အန်တီရှိန် ဖန်တီးတာလား။

ဘာရည်ရွယ်ချက်နဲ့လည်း တွေးရင်း သူမလေးကို စံအိမ်ထဲ
သူကိုယ်တိုင် ကားပေါ်တင်လာခဲ့တဲ့အဖြစ်။

သူမလေးက ဘာ ဘာမှမသိရှာ။ လောလောဆယ် အန်တီရှိန်
ရည်ရွယ်ချက်ကို စည်း မရိပ်မိသေးပါဘူး၊ မကြာပါဘူး။

"ဒါလင်ကလည်း ရှိန်မှာ ရည်ရွယ်ချက်ရှိတယ်၊ ဖျူတီပါလာမှာ
မယ်ကိုတွေ့လို့သာ ခင်လေးတို့အကြောင်းမေးဖြစ်တာ အဲဒါနဲ့ အကြောင်း
တိုစွနဲ့ လမ်းကြုံတုန်း ဘာရယ်မဟုတ်ဘူး ခင်လေးဆီဝင်လည်လိုက်တာ။
ခင်လေးက အားရဝမ်းသာနဲ့ စကားတွေပြောရင်း သူ့သားသမီးတွေရဲ့
ဓာတ်ပုံတွေ ထုတ်ပြတာ။ အဲဒီမှာ ခင်လေးရဲ့သမီးမျက်နှာလေးက
ညည်းကွန်မျူတာထဲက ကောင်မလေးနဲ့ တစ်ထပ်တည်း။ ဒါကြောင့် ရှိန်
ခေါ်လိုက်တာ။ ခင်လေးကလည်း အရင်က ရှိခဲ့ဖူးတဲ့ သံယောဇဉ်နဲ့
သမီးကို ရှိန် လက်ထဲထည့်ပေးခဲ့တာ။ ဒါကြောင့် စည်းကို သွားကြိုခိုင်း
ပြီး စံအိမ်ထဲ ခေါ်သွင်းခဲ့တာ။ ရည်ရွယ်ချက်မဲ့မဲ့တော့ မဖြစ်စေရဘူး၊

အန်တီရှိန်ပြောတဲ့ ခပ်တိုးတိုးအသံနောက်မှာ စည်းခြေလှမ်းတွေ
နောက်ကြောင်းလှည့်ကာ ခြံထဲတစ်ယောက်တည်း ဆင်းထိုင်ရင်း ရည်ရွယ်
ချက်မဲ့ မဟုတ်တဲ့ အန်တီရှိန်စိတ်ကို နာကျင်စွာ ဖတ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲရောက်နေတဲ့ အနီလေးဆိုတဲ့ သူမဟာ အန်တီရှိန်ရဲ့ လက်ထဲကဆိုတဲ့ သဘောမျိုး။

ဒါတင်မက အနီလေးကလည်း မြင်ကတည်းက သူ့ကို မကြည်လင်။ အရှိုင်းဆန်နေတဲ့ သူ့ပုံနဲ့ တင်းမာနေတဲ့စိတ်က လျှံကျလာတဲ့ စကားလုံးတွေဟာ အနီ့အတွက် စိတ်ဝင်စားဖွယ် မဖြစ်စေကာ ကိုယ့်ဖို့ ကိုယ်ခံနေရတာနဲ့ မခြားပေ။

စည်း ဒီလို အရှိုင်းဆန်တာက ဆန်ချင်လို့ဆန်နေတာမျိုး မဟုတ်ပါ။ သူ့ကို အက်တာမျက်စိမကျစေဖို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ အနေနဲ့ ဒီလို အရှိုင်းဆန်ပြီး ဒီလို မာရေကြောရေ ဖြစ်ရတာပါ။

အက်တာသာမက အနီလေးဟာ သူ့ကို မျက်မုန်းကျိုးနေတာမျိုး ရင်ဆိုင်ရတော့ သူ့ဝဋ်သူ ခံရတာနဲ့ မခြားပါ။

ဒါပေမဲ့ ပြဿနာတွေရှင်းသွားတဲ့ တစ်နေ့ အနီကို သူရှင်းပြပြီး ချစ်ရေးဆိုမယ်လို့ ကိုယ့်စိတ်နဲ့ကိုယ် တေးမှတ်ပြီး ဗိုလ်နေမြဲ ကျားနေမြဲ နေခဲ့ခြင်း။ နှလုံးသားမှာတော့ အနီ့အတွက် အမြဲ ရင်ပူနေရတာ ဒေတာနဲ့ ပတ်သက်သွားမှာကို။

ခုတော့ ဒယ်ဒီရယ်၊ ဒယ်ဒီချစ်တယ်ဆိုတဲ့ အန်တီရှိန်ရဲ့ စနက် အောက်မှာ သားနှလုံးသားလေး ခုတုံးအလုပ်ခံနေရပြီ။ သား ဘယ်လို ခံစားရမလဲ။ ပြောပါ ဒယ်ဒီ။

✿ ✿ ✿



## အခန်း (၂၅)

“ကိုကို ဖောက်ပြန်နေတာ အိတို့မသိဘူး မထင်ပါနဲ့ ကိုကို”

နှိုးနှိုးချင်း အိပ်ရာပေါ် ကြောင်တောင်တောင် ဖြစ်နေသေးသည်။ အိပ်မက်လား၊ တကယ်လားဆိုတဲ့ ဝေခွဲမရစိတ်နဲ့ပါ။

“ဖောက်ပြန်တော့ရော မင်း ဘာလုပ်ချင်လဲ”

ကမူးရှူးထိုး ဒယ်ဒီမေးလိုက်သံက အိပ်မက်မဟုတ်၊ တကယ် မှန်း စည်းသိသွားသည်။ ဒါကြောင့် အခန်းထဲ ပြေးထွက်၏။

“ကိုကိုက ဒီလိုပဲ ပြောမှာပေါ့၊ မင်း ဘာလုပ်ချင်လဲ၊ မင်း ဘာဖြစ်ချင်လဲ၊ မပေါင်းချင်ဘူးလား၊ ကွာချင်လား။ ကိုကို ဒီစကားမျိုး ပြောတိုင်း အိ အသည်းနာတယ်၊ အိနဲ့ကိုကို့မှာ သားတစ်ယောက်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုကို ထည့်မတွက်တာ အဲ ပိုပြီးနာတယ် ကိုကို''

''ဒီမှာ အိ၊ မင်းနဲ့ကိုယ်ကြားမှာ သားကို ဆွဲမထည့်နဲ့၊ မင်း ဘာဖြစ်ချင်လဲဆို တစ်ခွန်းတည်းပြောလိုက်''

''ဟင့် ဟင့် ဟင့်''

မာမီ ငိုချလိုက်သည်ကအရင်။ စည်းခြေလှမ်းက ဒယ်ဒီတို့ အခန်းရှေ့မှာ တန့်လျက်။ ဒယ်ဒီတို့အခန်းထဲ ဝင်သွားရကောင်းနိုး မကောင်းနိုးနဲ့ ဝေခွဲမရစွာ ငြိမ်နေမိသည်။

မာမီငိုနေတာတော့ စည်းရင်မှာ တကယ်မကောင်းနိုင်ပါ။ ဒယ်ဒီကလည်း တင်းလွန်းကာ –

''မင်း ကွာပေးဆိုရင် ကွာပေးဖို့ အဆင်သင့်ပဲ အိ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုကို့ကို မင်း ဘာမှ မပြောနဲ့၊ ဖောက်ပြန်တယ်ပဲပြော ပြော၊ သစ္စာမဲ့တယ်လို့ပဲ စွတ်စွဲချင် စွတ်စွဲ၊ ဒါပေမဲ့ ဒီကိစ္စ သားကို မင်း မပြောရဘူး၊ သားကို မင်းပြောလိုက်တဲ့နေ့ မင်းကို ကိုယ် ကွာ စာပေးတဲ့နေ့ပဲ''

အခန်းတံခါးဖွင့်မလို့ ပြင်နေတဲ့ စည်းလက်က လမ်းတစ်ဝက် မှာတင် တန့်ကာ –

''ဟင့် ဟင့် ဟင့်၊ အိကို ဒီနည်းနဲ့ပဲ ကိုကို နှိပ်စက်နေခဲ့တာ အိ ခံနိုင်ပါတယ်၊ သားအတွက် အိမခံစားနိုင်ဘူး''

''အိ မင်း ပါးစပ်ပိတ်ထား''





''ဟင့် ဟင့် ဟင့်''

မာမီ့ငိုသံသာ လွှမ်းလေသည်။ မာမီ ဘာမှထပ်မပြောပေမယ့် ငိုနေတာက အတော်ကြာသည်။

ဘာကြောင့် ဘယ်လိုဖြစ်တယ်ဆိုတာ စည်း သေချာမသိပါ။ လောလောဆယ် ဒယ်ဒီ့ဆန္ဒက စည်းကို အသိမခံချင်ဖြစ်နေတာမို့ စည်း ကိုယ့်အခန်းထဲကိုယ် ဝင်နေလိုက်ရသည်။

ထိုညက စည်း အိပ်မပျော်ခဲ့ပါ။ တစ်ညလုံး ငိုနေတဲ့မာမီ့ငိုသံ ကို ကြားနေသလို အိပ်မောကျနေတဲ့ ဒယ်ဒီ့ဟောက်သံလည်း ကြားရ လေသည်။

မာမီ့မျက်ရည်တွေကို သုတ်ပေးဖို့ စိတ်မဝင်စား။ ပျော်ပျော် ပြီး အိပ်ပစ်လိုက်တဲ့ ဒယ်ဒီ့ကို စည်း အပြစ်တင်ရမလား။

ဘာကိုမှ နားမလည်နိုင်တော့ပါ။

❋

ထိုညက အဖြစ်အပျက်ပြီးလို့မှ မကြာပါ။ စည်းတို့ သူငယ်ချင်း တွေ စားသောက်ဆိုင်ထိုင်တော့ ဒယ်ဒီနဲ့ အမျိုးသမီးတစ်ဦးတွဲလာတာ စည်း မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီလည်း စည်းကိုမြင်လျှင် မျက်နှာ ကွက်ခနဲ ပျက်ထားသော်ဟု ဒါပေမဲ့ ကြာနေမြဲဆယ်ပြီး ဒယ်ဒီ စည်းဆီလာသည်။

ဘာကြောင်မှန်းမသိပါ။ ဒယ်ဒီနဲ့စည်း မျက်နှာချင်း မဆိုင်ချင်း ချက်ချင်းပဲ ဒယ်ဒီ့ရှေ့က ထွက်ခဲ့သည်က စိတ်ထိခိုက်စွာ။

မာမိငိုနေတာ ဒီအမျိုးသမီးကြောင့်လား။

မာမီ့ခမျာ စိတ်ထိခိုက်ပြီး မျက်ရည်တစ်စို့စို့ ဖြစ်နေသလောက် ထိုအမျိုးသမီး မြူးမြူးကြွကြွ ရွှင်လန်းနေသလို နှုတ်ခမ်းပါးလေးက အစဉ်အမြဲ ပြုံးနေကာ ပွပင်သောကတို့ ကင်းဝေးလျက် ရှိသည်။

အဲဒီအမျိုးသမီးက အန်တီရှိန်ပါ။ မာမီနဲ့အန်တီရှိန်ကြားမှာ ဒယ်ဒီရဲ့ ဆက်ဆံရေးက တစ်ဖက်စောင်းနင်းဖြစ်ကာ ဒီအကြောင်းကို ဒယ်ဒီကိုယ်တိုင် ဖွင့်ပြောသည်က။

❋

"သား"

စည်း မျက်နှာလွှဲကာ ကျောခိုင်းနေလိုက်သည်။

"သားရယ် သားကို ဒယ်ဒီမလိမ်ချင်ပါဘူး။ မညာပါဘူး။ သားမာမီကို ဒယ်ဒီ ဘယ်တုန်းကမှ မချစ်ခဲ့သလို ဒယ်ဒီ ဘယ်သူ့ကို ချစ်လာ





သဲဆိုတာ ဒယ်ဒီ တရိပ်ရိပ် သိလာတယ်လေ၊ သိပေမယ့် အဲဒီအသိကို ထိန်းဖို့အတွက် ဒယ်ဒီ့မှာ ခွန်အားမရှိဘူးသား။ ဒယ်ဒီ့သွေးသား အသည်း နှလုံးတင်မက ဦးနှောက်အသိတရားအခုံးထိ ရှိန်ကို ချစ်တယ်၊ ဒယ်ဒီ ဒါပဲသိတယ်၊ ရှိန်ကိုချစ်တဲ့အတွက် သားမာမီအပေါ် သစ္စာမဲ့တယ်လို့ ပြောရင်လည်း ဒယ်ဒီခံမယ်၊ သားမာမီ မုန်းသွားပါစေ ဒယ်ဒီမမှုဘူး။ ဒါပေမဲ့ သားရယ် ဒယ်ဒီကိုတော့ သား ဥပေက္ခာမပြုပါနဲ့၊ စောင့်စည်းနေရတဲ့ ဝဋ်ကြွေးမျိုးထက် နှလုံးသားတောင်းဆိုတဲ့အတိုင်း ချစ်တဲ့စိတ်ကို ဖွင့်ထားပါရစေ သားရယ်၊ ဒယ်ဒီမသေခင် ချစ်တဲ့ခံစားချက်လေးနဲ့ နေ့ဖက်ပြီးသေပါရစေ၊ သား ဒယ်ဒီကို ကျောခိုင်းမထားပါနဲ့သားရယ်၊ သားကို ဒယ်ဒီတောင်းပန် ပါတယ်၊ ဒယ်ဒီ အနူးအညွတ်တောင်းပန်တယ် သားရယ်"

နှလုံးသားက ပွင့်အံလာတဲ့ စကားလုံးတွေနဲ့ ဝန်ခံလာသည်က ကြေကွဲဖွယ်လို့နေသည်။

ဖခင်ဆိုတဲ့စိတ်နဲ့ ထင်ရာစိုင်းလို့ ရရဲ့နဲ့၊ ထိထိရှရှချည်း ပြောနေတဲ့ ဒယ်ဒီဟာ သားဆီက ချစ်ခြင်းမေတ္တာကို အခုံးရှုံးမခံနိုင်တာက လွဲပြီး တခြား ဘာမှ ရှိမယ်မထင်။

မာမီနဲ့ဆို ပြတ်သားသလောက်၊ သစ္စာမဲ့သလောက် သူ့အပေါ် ဒယ်ဒီက ခယယယ တောင်းပန်နေတဲ့ ဒယ်ဒီ့ကို သူ ကျောခိုင်းသင့် သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား သား ဒယ်ဒီက မာမီကို မချစ်ပေမယ့် သားကိုတော့ သူချစ်တယ်၊ တစ်ချိန်ချိန်မှာ သူ ဘာပဲပြောပြော, ဘာပဲတောင်းခံ တောင်းခံ သားဒယ်ဒီ ဖြစ်ချင်သမျှ, တောင်းဆိုသမျှကို လိုက်လျောလိုက် ပါ သားရယ်"

အဆက်စပ်မရှိဘဲ ပြောလာတဲ့မာမီ့စကား။

စည်း မာမီ့ကို နားမလည်စွာ ကြည့်မိသွားသည်။ ထိုအခါ မာမီက စိတ်မထိန်းနိုင်စွာ ငိုချရင်း ပြောရှာသည်။

"သားကို သားဒယ်ဒီချစ်နေတဲ့အတွက် သားဒယ်ဒီက သား အတွက် မာမီ့ကို စိတ်လိုက်မာန်ပါ ကွာပစ်မှာမဟုတ်ဘူး၊ ဟင့် ဟင့် ဟင့်"

"မာမီရယ်၊ သားအတွက်တဲ့လား"

"မာမီ့အတွက် သားဒယ်ဒီ မရှိရင်ဖြစ်ပေမယ့် သားအတွက် သားဒယ်ဒီမရှိလို့ မဖြစ်ဘူး၊ သားဒယ်ဒီ သားအနားမှာရှိနေသလောက် သားအတွက် မိဘနှစ်ပါးရင်ခွင်မှာ ခိုနားခွင့်ရမှာပေါ့ သားရယ်၊ နောက် နောက်ဆို သားဟာ မိဘရင်ခွင်နှစ်ခုလုံးနဲ့ ဝေးနေရမယ်လေ၊ သားဟာ မိဘရင်ခွင်နဲ့ ဝေးရတဲ့သားမျိုး မာမီ အဖြစ်မခံနိုင်လို့ပါ၊ နော် သား သားဒယ်ဒီ ဘာပဲပြောပြော လက်ခံပေးလိုက်၊ သားဒယ်ဒီ ဘာ တောင်းဆိုတောင်းဆို လိုက်လျောပေးလိုက်ပါ သားရယ်"

ဒယ်ဒီ ဝန်ခံမယ်လို့ မာမီ ကြိုသိနေသလား။ ဒါတွေတော့





စည်း မသိဘူး။ မာမီပြောတဲ့အတိုင်း ဒယ်ဒီ တကယ် ဝန်ခံကာ။ ဒါတင် မက တောင်းပန်လာတာဆိုတော့ စည်းစိတ်နဲ့စည်း ကျောခိုင်းနေလို့ သင့်တော့ပါ။

မိဘနှစ်ပါးလုံးဆွေကို ဖြည့်ဆည်းပေးရမယ့်တာဝန် သူ့ပေါ်မှာ ရောက်နေပြီလေ၊

"သား ဒယ်ဒီ့ကို နားလည်မပေးနိုင်ဘူးလားကွယ်"

ဒယ်ဒီရဲ့ တောင်းပန်သံနောက်မှာ စည်း စိတ်ထိန်းထားလို့ ရတော့ပါ။ ကျောခိုင်းရပ်နေမိတဲ့ ကိုယ်ကို လှည့်လိုက်လျှင် –

"ဘုရားသခင်"

စည်း မျက်လုံးအစုံ ပြာဝေကာ မှောင်ကျသွားသည်အထိ အံ့ သြတုန်လှုပ်ရသည်။ အကြောင်းမှာ ဒယ်ဒီက ဒူးထောက်ထိုင်လျက် သားနဲ့ –

"ဒယ်ဒီ့ကို ခွင့်လွှတ်ပါ သားရယ်"

"ဒယ်ဒီရယ်"

ကြေကွဲလွန်းလို့ စည်းမျက်ဝန်းမှာ ကြေကွဲမျက်ရည်တွေ ပြည့် လျှံသည်။ ဒယ်ဒီရှေ့ စည်း ဒူးခေါင်းညွှတ်ကြ၏။ ဒါ့ပြင် ဒယ်ဒီ လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး စည်း ရင်ခွင်ထဲထည့်ကာ နမ်းရှိုက်မိပြီး–

"ဒယ်ဒီ တောင်းပန်စရာမလိုပါဘူး၊ သားကလည်း ခွင့်လွှတ်ပါ တယ်လို့ ပြောနေဖို့ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ့နှလုံးသားက မှားနေတာ ဒယ်ဒီသိတယ်၊ ချစ်တဲ့စိတ်နဲ့ ဒယ်ဒီ အမှားမမြင်နိုင်ပါဘူး သားရယ်၊ ချစ်တဲ့စိတ်နဲ့ ဒယ်ဒီသေ အထိ မှားပါရစေ"

စည်းကို တင်းနေအောင် ဖက်ထားရင်း ဝန်ခံတောင်းပန်ခဲ့ ဒယ်ဒီ။ စည်း ဘာမှ မတတ်နိုင်ခဲ့ပါ။

✿ ✿ ✿



## အခန်း (၂၆)

"ကိုကို့ကို ရှိန့်မချစ်ရင်နေပါ၊ ကိုကိုကတော့ ရှိန့်ကိုချစ်နေတာ ပြောင်းလဲမှာမဟုတ်ဘူး။ ချစ်တဲ့စိတ်နဲ့ ရှိန့်လိုအပ်သမျှ ကိုကို ဖြည့်ဆည်း တာ၊ အဲဒါကို ရှိန် မငြင်းပါနဲ့၊ ကိုယ်တောင်းပန်တယ် ရှိန်၊ ရှိန့် မှာ အချက်တွေ, အခက်အခဲတွေ အများကြီးဆိုတာ ကိုကိုသိတယ်၊ ကိုကူညီတာကို မငြင်းပါနဲ့ ရှိန်ရယ်၊ ကိုကို တောင်းပန်တယ်နော်၊ ရှိန်"

မာမီအပေါ် ကျောက်ခဲလို မာကျစ်သလောက် အန်တီရှိန်ရှေ ရောက်ရင် ဒယ်ဒီ့နှလုံးသား အရည်ပျော်ကာ၊ ဒေါ်ဝါဝါရှိန်မျက်လုံးစုံမှိတ် လိုက်သည်က ဒယ်ဒီ့လိုက်လျောပေးသမျှ အပေါ်မှာ လိုချင်တ



www.burmeseclassic.com

www.burmeseclassic.com



အားမရနိုင်ဖြစ်ရှာ။

အချစ်အတွက် အရူးအမူးဖြစ်နေတဲ့ ဒယ်ဒီ။ အန်တီရှိန့်ဆီ ကြည်သာမှုလေးတစ်ခုရဖို့ ဘာမဆို ပေးဆပ်ဖို့ ဝန်မလေးခဲ့ပါ။ နှ ယောက်သား အိမ်ထောင်ကိုယ်စီ သားသမီးကိုယ်စီနဲ့။ ဒါတင်မက ဒယ် က အန်ကယ်သက်တန့်ဦးရဲ့ သူငယ်ချင်း။

သူငယ်ချင်း ဇနီးမယားကို ဒီလိုစိတ်မျိုး မဖြစ်သင့်ပါလျက် ဒယ်ဒီက ဖြစ်ဖြစ်ခဲ့သည်။ ဒေါ်ဝါဝါရှိန်ကလည်း ခင်ပွန်းမသိအောင် ဖုံးဖုံးဖိဖိရယ်။

အန်ကယ်သက်က အင်္ဂလန်မှာနေပြီး ကျောက်မျက်ရတနာ ကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာသာဆိုပေမယ့် ဝင်ငွေကောင်းတာမျိုးမဟုတ်။

အန်ကယ်သက်လုပ်တဲ့ ကုမ္ပဏီကလည်း နှစ်စဉ် အရှုံးပေါ တွေပြီ ဒေဝါလီခံလုမတတ်နဲ့ အားတင်းပြီး ရပ်တည်နေရတဲ့အဖြစ်။

အင်္ဂလန်မှာ မိသားစုတစ်ခု နေစရိတ်၊ စားစရိတ်၊ ပညာသင် စရိတ်ဆိုတာ နည်းတာမှမဟုတ်တာ။ မိသားစု ခက်ခက်ခဲခဲ ရပ်တည်နေ တဲ့ အနေအထား။ အန်တီရှိန့်မိဘ မဆုံးခင်ကတည်းက မိဘများ ဆေးကုသစရိတ်က မြန်မာပြည်မှာ ချန်ရစ်ခဲ့တဲ့ ကောင်းကင်ဝါစံအိမ် ရောင်းချခဲ့ရသည်အထိ။ ငွေလည်းကုန် မိဘလည်းဆုံး။ မိသားစုအ ကလည်း မလှ။

ဒီအခြေအနေမှာ ဒယ်ဒီက အဖက်ဖက်က ဖြည့်ဆည်းပေးခဲ့





စိတ်တဲ့စိတ်နဲ့။ ဒယ်ဒီရဲ့ချစ်စိတ်က အန်တီရှိန့်အတွက် အသုံးချစရာ ဖြစ်နေရှာသလား။

ကောင်းကင်ဝါစံအိမ်ကြီးကို ပြန်ဝယ်နိုင်းသလို အင်္ဂလန်မှာ ပြည့်ပြည့်စုံစုံ နေနိုင်ခွင့်ရဖို့ မျက်ရိပ်လေးနဲ့ တောင်းဆိုလိုက်တာနဲ့ ဒယ်ဒီ ပေးဆပ်လိုက်တာက ချက်ချင်း။

ဒယ်ဒီရဲ့စည်းစိမ်ဥစ္စာ မှန်သမျှက အန်တီရှိန့်အတွက်ချည်းသာ။

"ရှိန်တို့ မြန်မာပြည်ပြန်တဲ့အခါ မျက်နှာမငယ်ရဘူးပေါ့ သား ယ် ပြီးတော့ သားနဲ့သမီးလေးအက်တာတို့ ဘဝနောင်ရေးအတွက် ည်း ရည်ရွယ်ပါတယ်၊ ရှိန်က အဲဒါပဲ ပြင်းပြနေတာလေ၊ ဒါကြောင့် ဒယ်ဒီ ကတိပေးလိုက်တယ်၊ အက်တာကို သား မငြင်းပါနဲ့ သားရယ်၊ မငြင်းမှ ရှိန်စိတ်ချမ်းသာလိမ့်မယ်၊ ရှိန် စိတ်ချမ်းသာမှ ဒယ်ဒီလည်း"

စည်း နားဆင်စရာမလိုတော့ပါ။ ဒယ်ဒီရင်တွင်းစကားတွေကို ည်း အလွတ်ရနေပါပြီ။

မာမီရဲ့ဆန္ဒကလည်း ဒယ်ဒီ စိတ်ချမ်းသာရင်ပြီးရော။

"ဖြည့်ဖြည့်ဝဝ လိုက်လျောပေးလိုက်ပါ သားရယ်၊ သားဒယ်ဒီ ရှိန့်ကိုမှ ချစ်တယ်၊ ရှိန့်ကိုမှ စိတ်ချမ်းသာစေချင်တယ်၊ ရှိန့်ရဲ့ ဆန္ဒချက်တွေကိုမှ အလေးထား ဖြည့်ပေးချင်တယ်၊ ဒါကို မာမီက ပါ၊ ဘာအခွင့်အရေးနဲ့မှ တားလို့မရတဲ့အဆုံးမို့ မာမီ လိုက်လျော ။ မာမီလိုက်လျောသလို သားလည်း လိုက်လျောလိုက်ပါ သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သား ဒယ်ဒီက ဝေဒနာနဲ့ မဟုတ်လား''

မာမီရဲ့ လိုက်လျောမှုကို စည်း မကြည့်ရက်စွာ မျက်နှာသေ
လွှဲထားမိသည်။

ထိုစဉ်က ဒယ်ဒီ လည်ချောင်းကင်ဆာဝေဒနာ ခံစားနေ
အချိန်ပါ။

မာမို့ဆန္ဒကလည်း ကြီးလှတာမို့ စည်း မငြင်းရက်အော
စိတ်ထားပျော့ညံ့နေခဲ့သည်။

ဒီလိုနဲ့ ဒယ်ဒီ့ဆန္ဒအတိုင်းဖြစ်ကာ ဒယ်ဒီဆုံးပါးသွားတဲ့နော
လည်း အန်တီရှိန့်ဆန္ဒအတိုင်း သူ လိုက်လျောစေခဲ့တာ ဒယ်ဒီ့အ
ကူးကောင်းစေချင်လို့ပါ။

အန်တီရှိန့်အစီအစဉ်အတိုင်း အန်ကယ်သက် အလုပ်က
ချိန်မှာ မြန်မာပြည်ပြန်လာတော့ သူပါလာခဲ့ခြင်း။

မာမီက –

''လိုက်သွားပါသားရယ်၊ မာမီလည်း ဗုဒ္ဓဂယာမှာ မာမို့မိတ်
တွေနဲ့ တရားရိပ်သာ ဝင်ဦးမယ်၊ မာမီ ရိပ်သာဝင်နေတုန်း
တစ်ယောက်တည်း မာမီ စိတ်မချဘူး၊ ဒါကြောင့် ရှိန်တို့နဲ့ သွားနေ
လိုက်ပါ။ ရှိန်က သားကို ချစ်ရှာပါတယ်''

ဒယ်ဒီ့ဆန္ဒအတိုင်း မာမီက ထိုမျှထိ သဘောထားကြီး
သည်။





မာမီ သဘောထားကြီးတဲ့အတိုင်း သူလည်း လိုက်လျောကာ။

ခုတော့ သားအဖနှစ်ယောက်လုံးရဲ့ နှလုံးသားဟာ အန်တီရှိန့်
အိမ်အမိုးအောက်မှာ ပေးဆပ်ခြင်းတွေနဲ့ ကွဲရှရတဲ့အဖြစ်။

ပြီးတော့ အနီးဘဝလေး။

ဒယ်ဒီရယ်၊ သားနှလုံးသားက ဝေဒနာကို လာကြည့်လှည့်ပါ

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟူး"

ဦးသက်တန့်ဦး မျက်နှာချည်း တဖြည်းဖြည်း ပူသလို ရှက်လည်းရှက်လှသည်။ ခံပြင်းစိတ်နဲ့လည်း ဆောက်တည်ရာမရဖြစ်ကာ လေပူတွေ တဟူးဟူး မှုတ်ထုတ်လျက် ဂနာမငြိမ် ဖြစ်လို့နေသည်။

တစ်သက်လုံး ယုံကြည်စွာ ပေါင်းသင်းလာတဲ့ ဇနီးမယားနဲ့ သူငယ်ချင်းရဲ့အခြေအနေ။ ကိုယ်တိုင်က ရိုးသားစင်ကြယ်စွာပဲ မြင်တတ်ခဲ့သည်။

နှ အတွင်းကြိတ်ဖြစ်နေတဲ့ အခြေအနေက တလွဲတချော်။

မယားမျက်နှာပြန်ကြည့်ရမှာ ရှက်သလို ကိုယ့်မျက်နှာကိုယ်ပြ





မြင်ရမှာလည်း ရှက်နေမိသည်။ ဟောဒီ ကောင်းကင်ဝါစံအိမ်ကိုလည်း ခဲ့ပြည်လို ခံစားနေရကာ ပူပြင်းတောက်လောင်နေတဲ့ ခံစားချက်က ယားနဲ့ရော သားသမီးနဲ့ပါ မျက်နှာအဆိုင်ခံချင်စိတ် ခန်းခြောက်လျက်။

စာဖတ်ခန်းထဲမှာ တစ်ကိုယ်တည်း ဟိုဒီလျှောက်ရင်း ဦးနှောက်နှင့်ထွက်မတတ် ခံစားနေမိသည်။ ထိုစဉ် –

"အန်တီရှိန်"

ပေါ်တီကိုအောက်မှာ ကားကို ဝူးခနဲမောင်းလာရင်း ကားပေါ်က မဆင်းသေးခင်ကတည်းက အော်ဟစ်ခေါ်ဆိုလိုက်တဲ့ စည်းအသံ။

ဦးသက်တန့်ဦး ခေါင်းထောင်သွားသလို ဟိုဒီလျှောက်နေတဲ့ ခြေလှမ်းလည်း တန့်၏။ နားကိုလည်း စွင့်ထားသည်။ ဘာတွေ ဆက်ဖြစ်ကြမလဲပေါ့။

ဧည့်ခန်းထဲမှာ သားအမိသုံးယောက် ခေါင်းချင်းဆိုင် ရှိနေကြမှန်း ဦးသက်တန့်ဦး သိသည်။ ခေါင်းချင်းဆိုင်နေတဲ့ ထိုမိသားစု သုံးယောက်နဲ့ အပြင်က ပြန်လာတဲ့စည်းဝိုင်း။

တစ်ခုခုဖြစ်ကြတော့မှာကို ဦးသက်တန့်ဦး ကြိုသိနေပါပြီ။ ဒါပေမဲ့ ဒီကောင်လေးနဲ့ မျက်နှာချင်းဆိုင်ရမှာလည်း ရှက်လှတယ် ဆိုတော့လား။

ဒါကြောင့် နားကိုပဲ ဆက်လက်စွင့်ကာ တိတ်ဆိတ်စွာ နားဆင်နေတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရှိန်"

"ဘာလဲ စည်းရယ်"

ဒေါ်ဝါဝါရှိန် တတ်နိုင်သမျှ မာန်ကလေးသွင်းကာ အသံပေး လိုက်သည်။ စည့်ခန်းထဲမှာပဲ ဘွားခနဲမြင်လိုက်ရတာမို့ စည်းဝိုင်းခြေလှမ်း တွေ တန့်သွားသည်။ သားအမိသုံးယောက်ကို တစ်လှည့်စီကြည့်၏။

ထို့ကြောင့် ဘာကိုမှ အားမနာ ပြောသည်။

"အနီ့ကို ဘယ်မှာမှ ရှာမတွေ့ဘူး"

သုံးယောက်လုံး ပါးစပ်အဟောင်းသားဖြစ်ကာ စည်ငြိမ်အောင် မနည်းမနော ကြိုးစားရင်း ဘာပြန်ပြောရမလဲဆိုတဲ့ စကားလုံးကို ရှာဖွေနေကြသည်။

ဘာစကားလုံးမှ ရှာဖွေမတွေ့တာမို့ တိတ်ဆိတ်နေကြသည်။ ထိုအခါ စည်း ပို၍ ခံပြင်းကာ –

"သူ့မိဘအိမ်လည်း မလာဘူးတဲ့၊ သူ့သူငယ်ချင်းဆီကိုလည်း မရောက်ဘူး။ ကုန်ကုန်ပြောရရင် ဟိုဘက်နှစ်ခြံကျော်က သီတာတို့တိုက် မှာလည်း မမြင်ခဲ့ဘူး။ အဲဒီကိစ္စ အန်တီရှိန် ဘယ်လိုလုပ်မှာလဲ။ ဒီကိစ္စ အန်တီရှိန့်မှာ တာဝန်ရှိတယ်"

"စည်း ဒါ ဒါက ဒီလိုလေ၊ အန်တီရှိန် ကျွတ်"

ဒေါ်ဝါဝါရှိန် ဖြန်ဖြန်ဖြေဖြေပြောဖို့ စကားတွေ ရှာပါးနေသည် ခံစားရကာ စည်း ကျေနပ်အောင် ဘယ်လိုပြောရပါ့မလဲဆိုတဲစိတ်နဲ့





ကိုယ်အမူအရာတွေ ပျာယီးပျာယာဖြစ်လို့သွားသည်။

"ကျွန်တော် ခရီးမသွားခင်ကတည်းက ဒီလိုဖြစ်မှာတွေ စိုးရိမ် လို့ ထုတ်ပြောခဲ့တာ။ ဒါကို အန်တီရှိန်က မဖြစ်စေရပါဘူးဆို။ ခုတော့ ဖြစ်ရုံမကဘူး အနီ ထိခိုက်ကြေကွဲပြီး စံအိမ်ထဲက ထွက်သွားတာ။ အနီ နောက်ထပ် အန္တရာယ်နဲ့ကြုံရရင်"

"သူ့ဘာသူ ထွက်သွားတာပဲ စည်းရယ်"

"ဘာပြောတယ်"

ဒေတာ မျက်နှာထားနဲ့ ပက်ခနဲပြော၏။ ထိုအခါ စည်းဝိုင်း ထောင်းခနဲ ပေါက်ကွဲစွာ ဒေတာ့ရင်ဘတ်အင်္ကျီကို ပြေးဆွဲကာ စိမ်းစိမ်း ရှုရှုကြည့်၏။

"ဟုတ်တယ်လေ၊ သူ့ဘာသာသူထွက်သွားတာ၊ မင်းက ဘာ ကြိမ်းစရာရှိလဲ"

"ဒေတာ"

စည်းဝိုင်းဒေါသထွက်လွန်းလို့ အသားတဆတ်ဆတ် တုန်ကာ လက်တစ်ဖက် မြောက်တက်သွားသည်။

"စည်း"

"စည်း"

အက်တာနဲ့အန်တီရှိန် လှုပ်လှုပ်ရှားရှား ဖြစ်ကာ စည်းဝိုင်း လက်ကို ဖမ်းဆွဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် လွှတ်စမ်းပါ၊ ခင်ဗျားတို့ လက်တွေ ဖယ်စမ်းပါ"

ဖမ်းဆွဲထားတဲ့လက်တွေကို ရုန်းဖယ်လျှင် ဒေတာ့ရင်ဘတ်မှ စည်း လက်လွှတ်ထွက်သွားသည်။ ဒေတာ အင်္ကျီကို ဆွဲဆန့်ရင်း–

"ဒီမှာစည်းဝိုင်း၊ ကိုယ်နဲ့အနီ ဘာချည်းပဲဖြစ်ဖြစ် မင်း ဝင်စွက်ခွင့်မရှိဘူး။ ယောက်ျားနဲ့မိန်းမ နီးရင်ပြီ ထိရင်တွေဖြစ်မှာပဲ၊ ဒါ ဆန်းတာမှ မဟုတ်တာ။ မင်းဒယ်ဒီတောင် ငါ့မာမီကို"

"မင်း ပါးစပ်ပိတ်လိုက်"

ဒေတာစကားမဆုံးခင် စည်းဝိုင်း အသံကုန် အော်ဟစ်လိုက်သည်က၊ သည်းမခံနိုင်စွာ။ ဒေတာ မျက်နှာကိုမဲ့ပြီး ကရော်ကမော် ရယ်ချပြီး –

"မင်းဒယ်ဒီ ကျူးလွန်တဲ့ကိစ္စကိုကော ကိုယ်တို့ ကျေနပ်ရမှာလား"

"ဟော့ကောင် ဒေတာ"

စည်း ဒေတာဆီ ပြေးဝင်သွားသည်။

"စည်း ရှင် ဘယ်လိုဖြစ်နေလဲ"

"စည်းဝိုင်းရယ်"

အက်တာနဲ့အန်တီရှိန် နောက်တစ်ကြိမ် ဆွဲထားကြပြန်သည်။ ဒီတစ်ကြိမ် စည်း သည်းမခံတော့ပါ။

"ခင်ဗျားတို့ ဖယ်စမ်းပါ"





ပြောရင်း တွန်းပစ်လျှင် အက်တာနဲ့ ဒေါ်ဝါဝါရှိန် လွင့်ထွက်သွား၏။ ကိုယ်ရှိန်မထိန်းနိုင်ဘဲ ကျသွားမှာစိုးလို့ သမီးနဲ့အမေ တစ်ယောက်ကိုတစ်ယောက် ဖေးမကူညွဲချိန်မှာ စည်းဝိုင်း ဒေတာရှေ့ မတ်မတ်ကြီး ရောက်သွား၏။

အားကျမခံ ပြန်ပက်နေတဲ့ ဒေတာ့မျက်ဝန်းတည့်တည့် စိုက်ကြည့်လိုက်သလို လက်ကလည်း ဒေတာ့ရင်ဘတ်ကို ဒုတိယအကြိမ် ဆုပ်ကိုင်ဆွဲယူသည်။

"ဒီမှာဒေတာ၊ မင်းမာမီကို ကိုယ့်ဒယ်ဒီလွန်ကျူးခဲ့တယ်ဆိုရင် အဲဒီလွန်ကျူးမှုက တခြားဘာမှမပါဘူး။ ကိုယ့်ဒယ်ဒီရဲ့ချစ်စိတ်တစ်ခုတည်းပဲ၊ အေး ဟုတ်,မဟုတ် မင်းမာမီကို မင်း ခုချက်ချင်းမေးလိုက်"

"သွား"

စည်း စကားမဆုံးခင် ဒေါ်ဝါဝါရှိန် အက်ကွဲစွာခေါ်လိုက်သည်။

"မင်းမာမီကို ငါ့ဒယ်ဒီ တပ်မက်တဲ့စိတ်နဲ့ လက်ဖျားနဲ့တောင် မထိခဲ့ဘူး။ အန်တီရှိန် ခင်ဗျားပြောလိုက်စမ်း၊ ခင်ဗျားသား စွပ်စွဲနေတာတွေ ဟုတ်,မဟုတ် ခင်ဗျား ထုတ်ပြောစမ်းပါ"

ဒေါ်ဝါဝါရှိန် နေရာမှာပင် ကျောက်ရုပ်လို ငြိမ်သက်သွားကာ။ နှုတ်သော်လည်း မျက်ရည်တွေဝဲကာ မျက်နှာကို ခပ်လွှဲလွှဲထားလေသည်။

"မာမီ"

အက်တာ မာမီ့လက်မောင်းလေးကို ဆုပ်ကိုင်ပြီး ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



မေးတဲ့သဘောနဲ့ ခေါ်သည်။ ဒေတာကလည်း မျက်လုံးပြူးလေးနဲ့ မယုံနိုင်စွာ လှမ်းကြည့်သည်။ ဒေါ်ဝါဝါရှိန် သမီးလက်ကို ဖယ်ချရင်း နံရံမှာ လက်တစ်ဖက်ထောက်ကာ တဟင့်ဟင့်နဲ့ ငိုချသည်။

အစဉ် ပြုံးရွှင်လျက် လိုအပ်ချက်ပြည့်နေသော အန်တီရှိန် မျက်နှာဟာ အရင်ကနဲ့ ဘာမှမတူ။ ပူပင်သောကတွေ လွှမ်းကြွက ငိုနေတာက ဝန်ခံနေရသည့်နှယ်။

ဒေတာ့ရင်ဘတ်ကို ဆုပ်ကိုင်ထားရာမှ စည်းဝိုင်း ဆောင့်တွန်း လွှတ်လျက် –

"ကိုယ့်ဒယ်ဒီက မင်းမာမီရဲ့ လိုအပ်ချက်တွေအတွက် အဖော်ဖက်က ဖြည့်ဆည်းပေးရင်းနဲ့ ချစ်နေခဲ့တာ သက်သက်ကွ။ မင်းနားလည်လား။ ကိုယ့်မာမီအပေါ်မှာသာ ကိုယ့်ဒယ်ဒီ ရက်စက်ခဲ့တာ၊ မင်းတို့ မိသားစုအပေါ် ငါ့ဒယ်ဒီ မဖောက်ပြန်ခဲ့ဘူး။ မင်းဒယ်ဒီအပေါ်မှာ သူငယ်ချင်းစည်း မဖောက်ခဲ့ဘူး ဒေတာ၊ ငါ့ဒယ်ဒီရဲ့ချစ်စိတ်က မင်းမာမီအတွက် ရေသန့်လို ကြည်လင်ခဲ့တာကွ၊ သေတဲ့အထိ ငါ့ဒယ်ဒီ နင့်မာမီအပေါ် ကြည်ကြည်စင်စင် ချစ်သွားတာ၊ ဖြည့်ဆည်းပေးသွားတာ၊ မင်းလို မိန်း အအ မိန်းမတစ်ယောက်ဆီက အလကားယဲ့တင်း မြှူဆွယ်ပြီး ဘဝဖျက်တာ မဟုတ်ဘူးကွ"

နားစွင့်နေတဲ့ ဦးသက်တန့်ဦးခေါင်းထဲမှာ မှုမှုမိုက်မိုက် ဖြစ်ခြင်း အထိ ခံစားရလေသည်။





မယားစိတ်ကတစ်မျိုး၊ သားစိတ်က နောက်ကျိုကျို၊ သမီးစိတ်ဆာ ခပ်လေးလေး။

ခု ဒီကိစ္စကို ဖခင်တစ်ယောက်အနေနဲ့ သူ ဘယ်လို ရင်ဆိုင်ရမလဲ။

"ဟင့် ဟင့် ဟင့်"

ဒေါ်ဝါဝါရှိန် ငိုသံက တိုးထွက်လာပြန်သည်။ ထို့အတူ မျက်နှာ ဖျက်ပျက်နဲ့ ကယောင်ကတမ်း ပုံစံမျိုးဖြစ်နေတဲ့ဒေတာ။ ခေါင်းကို ဘရစ်ရမ်းရင်း ပျာယီပျာယာဖြစ်နေလျှင် –

"ကိုဒေ"

အက်တာ အနားတိုးလာပြီး ခေါ်သည်။ အက်တာကို ဒေတာ ဆက်နဲ့တွန်းဖယ်သည်က ဝင်မစွက်ဖက်နဲ့ဆိုတဲ့သဘော။

"အနို့ကိစ္စက မင်းအပေါ်မှာ လုံးဝတာဝန်ရှိတယ်၊ နောက်ပြီး အန်တီရှိန် ရည်ရွယ်ချက်တစ်ခုခုနဲ့ ကျွန်တော့်နှလုံးသားကို ခြေမွပစ်ဖို့ အနို့ကို ကောင်းကင်ဝါစံအိမ်ထဲ ခေါ်သွင်းလာတဲ့အန်တီရှိန်မှာ တာဝန်အရှိဆုံး။ ကဲ အနို့ကိစ္စကို အန်တီ ဘယ်လိုဖြေရှင်းမလဲ"

"စည်၊ စည်းကို အန်တီရှိန် ပြောပါရစေ၊ အန်တီရှိန် ရည်ရွယ်တာက"

"ကျွန်တော်သိတယ်၊ ကောင်းကင်ဝါစံအိမ်ရယ်၊ ဒယ်ဒီရဲ့ ပိုင်ဆိုင်မှုအားလုံးကို အရယူဖို့ရယ်"

www.burmeseclassic.com



"မ မဟုတ်"

အန်တီရှိန် လက်တကာကာနဲ့ ငြင်းလို့မဆုံးခင် စည်းပိုင်း တဒိုင်းဒိုင်း ပြောချပြန်သည်။

"မဟုတ်ဘူးဆိုတဲ့အကြောင်း အန်တီရှိန်၊ ကျွန်တော့်မျက်နှာ တည့်တည့်ကြည့်ပြီး ငြင်းလိုက်စမ်း၊ ငြင်းရဲရင် ငြင်းကြည့်စမ်းပါ အန်တီရှိန်"

စကားလုံးတွေက ပါးကို ဖြတ်ရိုက်တာထက် နာကျင်စွာ ဒေါ်ဝါဝါရှိန် ခံစားရလေသည်။ ခေါင်းကိုသာရမ်းရင်း ရှောင်လွှဲကာနေလျှင်

"ဒီမှာ အန်တီရှိန်၊ ဒယ်ဒီဟာ ဒယ်ဒီရဲ့ဟောဒီစံအိမ်ကိုရော ပိုင်ဆိုင်မှုအားလုံးကိုပါ ကျွန်တော့်နာမည်နဲ့ လွှဲပေးထားတာ သိလို့ အက်တာနဲ့ကျွန်တော့်ကို စီစဉ်ပါလို့ နားပူနားဆာ လုပ်ခဲ့တယ်၊ အန်တီ ပူဆာတဲ့အတိုင်း ဒယ်ဒီက ကျွန်တော့်ဆီက ကတိတွေတောင်းခဲ့တယ် ပြင်းပြနေတဲ့ ဒယ်ဒီ့ဆန္ဒအတွက် အန်တီရှိန် ဆန္ဒအတိုင်း ကျွန်တော် ခေါင်းညိတ်ခဲ့ရတယ် အန်တီရှိန်။ တစ်ချိန်ချိန်မှာ ကျွန်တော်ငြင်းခဲ့ရင် ဆိုတဲ့ အတွေးနဲ့ ကျွန်တော့်ကို ဘယ်လိုချည်ရမလဲ ဒါပဲ စဉ်းစားနေတဲ့ အန်တီရှိန်ဟာ ကျွန်တော့်ရင်ထဲရောက်နေတဲ့ မိန်းကလေးကို ဒီစံအိမ်ထဲ ရှာဖွေပြီး သွင်းခဲ့တာက ကျွန်တော့်ဆီကပိုင်ဆိုင်မှုတွေ တောင်းဆိုဖို့ အနီ့ကို ကျွန်တော်လိုချင်ရင် ဒယ်ဒီ့ဆန္ဒကို ငြင်းဆန်တဲ့အတွက် ပိုင်ဆိုင်မှု တွေ လွှဲပေးဖို့"





ဒေါ်ဝါဝါရှိန် အံ့ကြိတ်ဖိကာ အသားတဆတ်ဆတ် တုန်သွားတဲ့ ထိ ဖြစ်လေသည်။ သူမစိတ်ကို ဘာကြောင့် ဖတ်တတ်နေနိုင်ရတာလဲ ...တဲ့ ခံပြင်းစိတ်တွေလည်း ဖြစ်မိသေးသည်။

ဒါတင်မက –

"ကျွန်တော့်က အနီ့ကို မတောင်းဆိုရင်တောင် ဒေတာနဲ့ ...ီ ငြိသွားပါစေ။ ငြိသွားရင်လည်း အန်တီရှိန် မမှုဘူး။ ဘာဖြစ်လို့လဲ ...တော့ အနီ့ကို ကျွန်တော်ချစ်နေတာ သိတဲ့အတွက် ချစ်တဲ့စိတ်နဲ့ ...်တော်ဟာလည်း ဒယ်ဒီ့လိုပဲ ဖြည့်ဆည်းပေးမှာမလွဲသလို အက်တာ ...ည်း မဖြစ်မနေ ယူမယ်၊ အန်တီ့တွက်ကိန်း မှန်ပါတယ် အန်တီရှိန်။ ...လက်ရှိ ဒေတာနဲ့အနီက လွန်လွန်ကျူးကျူး ဖြစ်နေတယ်၊ အဲဒီကိစ္စ ...ကျေနပ်ရင် ကျွန်တော် ဘာတစ်ခွန်းမှ ပြောခွင့်မရှိတော့ဘူး အန်တီ ...

"ဟင်"

စည်းပိုင်းစကားအဆုံးမှာ ဒေါ်ဝါဝါရှိန် မျက်လုံးချည်းတောက်ပ ...သည်။

"ဒါ ဒါဆို စည်းက အက်တာကို ယူမယ်ပေါ့၊ ဟုတ် ဟုတ်လား ..."

ဒေါ်ဝါဝါရှိန် ကမူးရှူးထိုး မြေးလာရင်း စည်းပိုင်းလက်မောင်း ...ဆုပ်ကိုင်ကာ မျှော်လင့်တကြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ရင်ထဲမှာ တကြိတ်ကြိတ်နဲ့ စီစဉ်ခဲ့တာက ဒါပဲလေ သူမသားနဲ့သမီး မကောင်းပေမယ့် သူမလိုချင်တာ ကောင်းလေး ညွှတ်ပေ့ဆိုမှ။ ပြီးတော့ စည်းပိုင်းက စီးပွားရေးလောက်မြင်တဲ့သူ။

သူ့ဒယ်ဒီရဲ့ စီးပွားရေးလုပ်ငန်းတွေလည်း ဦးဆောင်နိုင်တယ် နောက်ပြီး စည်းမာမီရဲ့ပိုင်ဆိုင်မှုတွေကလည်း အများကြီး ရှိနေတာလေ ဒါတွေအားလုံး စည်းတစ်ယောက်တည်း အမွေစားအမွေခံ ပိုင်ခွင့်ရမယ် စည်းပိုင်ဆိုင်သမျှက သမီးနဲ့သား ပိုင်စေရမယ်လေ၊

သူမလိုချင်တာ ဒါပဲမဟုတ်လား။

စည်းက ဒီစကား စပြောလာတာဆိုတော့ ဒေါ်ဝါဝါရှိန် ကျေ ဆယ်လို့မရတော့ပါ။

သက်တမ်းတစ်လျှောက်လုံး စည်း၊ ဒါမှမဟုတ် စည်းပိုင်း ခေါ်လာခဲ့တဲ့ ဒီနွတ်က လိုချင်စိတ်တွေနောက်မှာ သားအဖြစ် ပြောင်း သွားလေသည်။

"ပြော ပြောလေ သား။ သားတကယ်ပဲ သားဒယ်ဒီဆန္ဒ အတိုင်း သမီးကို ယူမယ်ပေါ့၊ ဟုတ် ဟုတ်လားဟင်"

လက်မောင်းကို တလှုပ်လှုပ်ခါရင်းမေး၏။ ဒေါ်ဝါဝါရှိန် မေး ကို အက်တာနဲ့ဒေတာလည်း မျှော်လင့်တကြီး ရှိကြသည်။

ဦးသက်တန်ဦး နားမဝင်ရဲတော့ပါ။ ခေါင်းရင်ထဲ ဘာဖြစ်နေ ဆိုတာ ယောက်ျားချင်း ခန့်မှန်းလို့ ရနေသည်။





သူချစ်တဲ့အနီးကို သားလက်ထဲထည့်ရမည်။ သူ မချစ်တဲ့ သမီးကို ယူရမည်။ ဒါတင်မက မိပိုင်ဖပိုင် စည်းစိမ်မှန်သမျှကိုလည်း သားနဲ့သမီး လက်ထဲ ဝကွက်အပ်လိုက်ရမည့်အဖြစ်။

ပြီးတော့ နှလုံးသားခံစားချက်။ အပေးချည်းသက်သက်နဲ့ သူလေး အသည်းကွဲနေရမယ့် ဝေဒနာက တစ်ရက်နှစ်ရက်အတွက် မဟုတ်ဘူး။ တစ်ဘဝလုံးအတွက်။

သူငယ်လေးဘဝနဲ့ နှလုံးသားက သူ့ဖခင်လိုပဲ ဝဋ်ကြွေးနေတာ မျိုးလား။

ဘုရား ဘုရား။

ဦးသက်တန်ဦး မခံစားနိုင်စွာ ခေါင်းယမ်း၏။ ဒါပေမဲ့ ဇနီးသည် ဆာစာစာမေးနေတဲ့နောက်မှာ စည်းနှလုံးသား အသံလေး တုန်ခါအက် ကွဲလျက်။

"အနီးကို တွေ့အောင်ရှာပြီး အဖြေသာတောင်းလိုက်ပါတော့ ခန်တီရှိန်၊ အနီ လက်ခံတယ်ဆိုရင်"

စည်း ပြောမထွက်တော့ပါ။ မျက်စိနှစ်လုံးကို စုံမှိတ်ချလိုက် လျက် ဝေဒနာတွေက မျက်ရည်တွေအဖြစ် ဝေါခနဲ ကျ၏။

"ဝမ်း ဝမ်းသာလိုက်တာ သားရယ်"

ဒေါ်ဝါဝါရှိန်ရဲ့ အောင်မြင်ခံ့ညားတဲ့အသံက မျှော်လင့်သမျှ ပြည့်ပြီဟဲ့ဆိုတာမျိုးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



စည်းဝိုင်းကို ခွန်အားပြည့် ဖက်ထားလိုက်ပေမယ့် စည်းဝိုင်းက လျှောခနဲ ထွက်သွားသည်က နှလုံးသားအစွယ်ကျိုးနေတဲ့ မြွေတစ်ကောင်နှယ်။

"ကျေး ကျေးဇူးတင်လိုက်တာ သားရယ်"

ဘာသံကိုမှလည်း စည်းဝိုင်း ကြားနိုင်စွမ်းမရှိတော့ပါ။

နှလုံးသားအစုံ ကန်းသွားပြီအနီရယ်။

မောင့်နှလုံးသား တကယ့်ကို မျိုးကန်းရပြီကွ။

✿ ✿ ✿



## အခန်း (၂၈)

"ကျေးဇူးတရားကြောင့် ဟုတ်လား အနီ"

ပန်းသူဇာ ခံပြင်းစိတ်ကလေးနဲ့ မေးလေသည်။ အနီ မဖြေရက်ပါ။ မျက်နှာလေး လွှဲနေမိတာက ရင်နာစွာ။

အနီ ပြန်မဖြေတော့ ပန်းသူဇာ ပိုခံပြင်း၏။

"အဟွန့် ကျေးဇူး။ ဘာကျေးဇူးလဲ အနီ၊ သူတို့မိသားစုအတွက် အနီ ကျွန်သပေါက်လို လုပ်ကိုင်ပေးခါမှ အနီ့ကို ပညာသင်စရိတ် ထောက်ပံ့တာလေ၊ ဒါ ကျေးဇူးလို့မခေါ်ဘူး။ ကိုယ့်လုပ်အားခပေးလို့ သူတို့က ကျောင်းတက်ဖို့ စရိတ်ပေးတာ၊ ဆန်ပေးမှ ဆီရတာမျိုး။ အဲဒါကို ခုတုံးလုပ်ပြီး ဖြားယောင်းသွေးဆောင်တာ အနီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါတော့ သူဇာရယ်၊ ပြောပါတော့ဟယ်၊ အနီမှာ ပြန်ပြောဖို့ စကားတွေ ရှာမတွေ့ရအောင် ခံစားရပါတယ်"

"ဒါ သက်သက်မဲ့ နိုင်ထက်စီးနင်း ဆက်ဆံတာ။ မသိရင် သူတို့မိသားစုက မိလ္လာနာကြီးတွေလိုမျိုး သွေးနာထင်ရောက်နေတာလလေး သူများစည်းစိမ်ဥစ္စာနဲ့ စံစားနေတဲ့ ကျေးဇူးတရားကိုမထောက်တာ။ သူတို့အစစ် အနီရဲ့ ကျေးဇူးကန်းနေတာ သူတို့မိသားစု"

"ကဲပါ သူဇာရယ်၊ ဖြစ်ပြီးတာကို ပြောမနေပါနဲ့တော့"

ဒေါသနဲ့ ခံပြင်းစိတ်တွေ ရုန်းကြွနေတဲ့ သူဇာ့ကို သီတာ ဖြောင်းဖြသလိုလေး ပြောသည်။ တကယ်လည်း ဖြစ်ခဲ့ပြီကိုး။

သူဇာ ခံပြင်းစိတ်ကိုထိန်း၍ –

"ခံပြင်းလွန်းလို့ပါ သီတာရယ်"

"သီတာနားလည်ပါတယ်၊ ဒါပေမဲ့ လွန်သွားပြီပဲ၊ ပျက်စီးသွားတဲ့ အပျိုစင်ဘဝကို အစားပြန်ပြုပြင်လို့ မရတော့ပေမယ့် ဘဝလှလှအောင် ဆက်လက်ရပ်တည်သွားနိုင်ဖို့အတွက် သင်ခန်းစာတစ်ခု ရလိုက်တယ်လို့ပဲ သဘောထားရတော့မယ်"

"ဒါတော့ ဒါပေါ့ ဟယ်"

"ဒါကြောင့် သီတာပြောတာ၊ ရှေ့ဆက် အနီ ဘာလုပ်မလဲ ဆိုတာပေါ့"

"ဟုတ်တယ်၊ ရှေ့ဆက်ရမယ့်နေ့ရက်တွေအတွက် အနီ ဘယ်လို





စိတ်ကူးလဲ"

သီတာပြောတာကို ပန်းသူဇာ သဘောပေါက်လေသည်။ ဒါကြောင့် အနီ့ပခုံးပေါ် လက်ကလေးတင်၍ စာနာစွာမေးသည်။

အနီ ဟိုးအဝေးဆီ ငေးကြည့်နေရာမှ မျက်ရည်လေး လည်လာပြန်သည်။ ရှေ့ဆက်ရမယ့်နေ့ရက်တွေအတွက်တဲ့၊

"ဟင့်အင်း"

အနီ ခေါင်းလေးယမ်းကာ သူငယ်ချင်းနှစ်ယောက်နားက ထွက်ခဲ့မိသည်။

"အနီ"

"ဘယ်သွားမလို့လဲ၊ နေဦးလေ"

သူငယ်ချင်းနှစ်ယောက် ဟန့်တားပြောရင်း ထလိုက်လာကြသည်။ အနီ့ခြေလှမ်းတွေက သူငယ်ချင်းတွေရဲ့ ဟန့်တားသံနောက်မှာ ချိတ်တွဲမသွားပါ။

စိမ်းလန်းနေတဲ့ တောတန်းကလေးလို ဖြစ်နေတဲ့ ကန်ဘောင်ပေါ်က လမ်းကလေးပေါ် ရွှေ့လျားရင်း နှလုံးသားက မြင်ယောင်နေသည်က စည်းရယ်၊ ပြီးတော့ စည်းမာမိရယ်။

အေးဆေးတည်ငြိမ်ပြီး အရာရာကိုအလျှော့ပေးလိုက်ရှော့သတ်လွန်းလို့ မျက်နှာလေးက ရှင်းလင်းနေတတ်သည့် ဒေါ်အိရွှေစင်။

သို့သော် သားအတွက် ရင်မှာ သောကတွေပွေလျက်၊ သားကြီး



www.burmeseclassic.com

www.burmeseclassic.com



သူကို ရင်ခွင်မှာ ပွေ့ဖက်ရင်း –

"သားရယ်၊ သားအဖြစ်ကလည်း ဆိုးလှပါတယ်ကွယ်၊ သား သားအဖနှလုံးသားမှာ အချစ်စိတ်ကြောင့် ဝဋ်ကြွေးခံစားနေရတာ မာ တကယ်မကြည့်ရက်ဘူး။ သားဒယ်ဒီတုန်းက မာမီခံစားရတာက တစ်မျိုး သားအတွက် ခံစားရတာက တစ်မျိုးပါလား သားရယ်"

"ကံတရားလို့ပဲ မှတ်လိုက်ပါတော့ မာမီရယ်"

"ဟင့်အင်း၊ မာမီ အဲလိုမယူဆနိုင်ဘူး၊ သားအတွက် ဘာမဆို လိုက်လျောပေးမယ်၊ ဘာမဆို ဖြည့်ဆည်းပေးမယ်၊ အနီလေး ကို သားချစ်တယ်ဆိုတာ မာမီယုံပါတယ်၊ သားချစ်တဲ့မိန်းကလေး သားလိုချင်ရင် မာမီ ကြိုးစားပေးမယ် သားရယ်၊ အနီလေးကို ရအောင် မာမီ ကြိုးစားပေးပါ့မယ် သားရယ်"

"နေ နေပါစေ မာမီရယ်"

"မဟုတ်တာဘဲ သားရယ်၊ ဘာလဲ ဒေတာနဲ့"

"မဟုတ်ဘူး မာမီ"

ဒေါ်အိရွှေစင် စကားမဆုံးခင် စည်းပိုင်းဖြတ်ပြောလိုက်သည် ဒေါ်အိရွှေစင် နားမလည်ဖြစ်ကာ သားမျက်နှာလေးကို ငေးကြည့်ရာ

"ဒါ ဒါဆို ဘာဖြစ်လို့လဲ သားရယ်"

စည်း ခေါင်းတွင်တွင်ယမ်းကာ မျက်နှာလွှဲထားလိုက်သည် ထိုအခါ ဒေါ်အိရွှေစင် ပို၍ပင် နားမလည်နိုင်ဖြစ်ကာ –





"နေပါဦးသားရယ်၊ သားဒယ်ဒီဆန္ဒကို ဆန့်ကျင်လို့ဆိုပြီး ဦးနိုကာ သားဒယ်ဒီရဲ့ပိုင်ဆိုင်မှုတွေကို တောင်းဆိုလာရင် သားပေးလိုက်ရ မှာ စိုးရိမ်လို့လား"

ဒေါ်အိရွှေစင် မေးတာကို စည်းမဖြေ၊ ငြိမ်နေတာနဲ့ ဒေါ်အိ ရွှေစင် သက်မချပြီး –

"သားရယ်၊ အဲဒီစည်းစိမ်တွေ ပေးလိုက်ရမှာနဲ့ သားချစ်တဲ့ အနီလေးကို သား မစွန့်လွှတ်ပါနဲ့သားရယ်၊ မာမို့မှာ သား ဆယ်သက် စားမကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာ ရှိပါတယ် သားရယ်၊ သားဒယ်ဒီ ကြည်ဖြူ လို့ ပေးပစ်ခဲ့တဲ့ဟာကို သား မမက်ပါနဲ့၊ သားနှလုံးသား တစ်သက်လုံး ချမ်းမြေ့ဖို့ စွန့်လွှတ်လိုက်ပါ သားရယ်၊ အနီလေးကို သားအတွက် မာမီကိုယ်တိုင် သူ့မိဘဆီမှာ သွားတောင်းပေးမှာပါ"

"မဟုတ်ဘူးမာမီ၊ အဲဒီစည်းစိမ်အတွက် မဟုတ်ဘူး၊ ကျွန်တော့် မှာ ခြေလက်အပြည့်အစုံရှိတယ်၊ စီးပွားဥစ္စာရှာလည်း ရှာတတ်တယ်၊ ရှာလည်း ရှာနိုင်တယ်၊ ထိုက်သင့်သလောက်လည်း ရှာထားပြီးပါပြီ၊ ဒါပေမဲ့ အနီ အနီလေးက ကျွန်တော့်ကိုမချစ်ဘူး မာမီရယ်၊ ကျွန်တော့်ကို အနီလေး မချစ်ပါဘူး"

ဒေါ်အိရွှေစင် နှလုံးသားထိခိုက်ရရှာသည်။

"သားရယ်"

"ဟုတ်တယ် မာမီ၊ အနီ ကျွန်တော့်ကိုမချစ်ဘူးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အနီချစ်တဲ့သူလက်ထဲ ထည့်ပေးရမှာပေါ့၊ ဒါမှ အနီ စိတ်ချမ်းသာမယ်လေ၊ အနီ စိတ်ချမ်းသာမှလည်း''

စည်း စကားလုံးတွေ ပြောနေရင်းနဲ့ တိမ်၍ တိမ်၍ တိုးဝင်သွားလေသည်။

ဟင့်အင်း။ အနီ ဆက်မကြားလိုတော့ပါ။ ခေါင်းတွင်တွင်ခါယမ်းရင်း သူတို့မိသားစုရဲ့ အသံတွေကို မောင်းထုတ်နေမိသည်။

''သားနှလုံးသားခံစားချက်ကလည်း ဝမ်းကြီးလှပါတယ်ကွယ်''

မကြားရက်ပါဘူးဆိုခါမှ သူ့မာမီရဲ့ကြေကွဲသံ အနီ့နားမှာ ဝဲတင်ထပ်လို့နေသည်။ ဒါတင်မက –

''အနီ ကျွန်တော့်ကို မချစ်ဘူးဆိုမှတော့ အနီချစ်တဲ့သူ လက်ထဲ ထည့်ပေးရမှာပေါ့၊ ဒါမှ အနီ စိတ်ချမ်းသာမယ်လေ၊ အနီ စိတ်ချမ်းသာမှလည်း''

စည်းရယ်၊ စည်းကို အနီ မချစ်ဘူးတဲ့လားကွယ်။ အနီ့နှလုံးသားထဲမှာ အချစ်ရှိပါတယ် စည်းရယ်။ ဒါပေမဲ့ အနီ့ဘဝက စည်းဘဝနဲ့ မထိုက်တန်တော့ပါဘူး။

အနီ့အချစ်က –

''ဟင့် ဟင့် ဟင့်''

နှလုံးသားအက်ကွဲစွာ ငိုချမိသည်က ချစ်တဲ့စိတ်ကြောင့်ပါ သူငယ်ချင်းနှစ်ယောက် ဘာမှ မပြောသာတော့ပါ။





အနီ နှလုံးသားထဲက ဝေဒနာလှိုင်းတွေ ရိုက်ခတ်နေတဲ့အတိုင်း စိတ်ရှိတိုင်း နေခွင့်ပေးလိုက်ရတဲ့အဖြစ်။

ငိုလိုက်ပါတော့ သူငယ်ချင်းရယ်။ အားရအောင် ငိုလိုက်ပါတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

''သမီး အနီ''

ရိပ်ခနဲ တွေ့လိုက်သည်နှင့် ဒေါ်ဝါဝါရှိန် စိတ်အားထက်သန်စွာ ခေါ်လိုက်သည်။ တစ်ဆက်တည်းလည်း ကားပေါ်ကဆင်းကာ အနီလေးနား ပြေးသွား၏။

အနီလေး ခြေလှမ်းတွေ တန့်မသွားပါ။ လှေကားထစ်တွေ ဖြတ်ကျော်ပြီး အပေါ်ထပ် ပြေးတက်ခဲ့သည်။

''သမီး နေဦးလေ''

ဒေါ်ဝါဝါရှိန်လည်း နောက်ကလိုက်တက်လာသည်။

''သမီးရယ်၊ သမီးကို အန်တီရှိန် လိုက်ရှာလိုက်ရတာကွယ်





သီတာတို့နဲ့ ဒီတိုက်ခန်းမှာ ရောက်နေတယ်ဆိုလို့ အန်တီရှိန် စုံစမ်းပြီး ရောက်လာတာပါ၊ သမီး မေမေနဲ့ဖေဖေကိုလည်း အန်တီရှိန် ပြောပြီး ပြီ''

သီတာတို့ရှိနေတဲ့ တိုက်ခန်းထဲ အနီလေး လှမ်းဝင်ကာ ဒေါ် ရှိန်လည်း ထက်ကြပ်မကွာ တတွတ်တွတ် ပြောရင်း ပါလာသည့်အဖြစ်။

အနီ ရှောင်နေခဲ့တာ ဘယ်သူမှ မသိရအောင်ပါ။ သီတာရဲ့ ခင်အစဉ်နဲ့ သီတာ့အန်တီရဲ့တိုက်ခန်းမှာလေ။

ဘယ်ကဘယ်လို သတင်းရသွားသည် မသိပါ။ အခု အန်တီရှိန် ရောက်လာပေပြီ။ အနီကလည်း လမ်းထိပ်ထွက်ပြီး မုန့်သွားဝယ်မိတာကို မှားသွားသည်။

ခါတိုင်း သီတာပဲ ဝယ်နေကျ။ အနီ တိုက်ခန်းထဲမှာပဲ အောင်း နေတာလေ၊ တစ်ခါဆိုတစ်ခါ ထွက်မိခါမှ အန်တီရှိန် တွေ့သွားတဲ့အဖြစ်။

ဝယ်လာတဲ့ ဘူးသီးကြော်အထုပ်လေး သီတာ့ကို ကမ်းပေးလိုက် သည်။ မျက်နှာချင်း မဆုံချင်ပါဘူးဆိုမှ တိုက်တိုက်ဆိုင်ဆိုင် ဆုံရလေ ပြီ။

''သမီး''

သမီးချင်း ထပ်နေအောင် အန်တီရှိန်ခေါ်နေတာက အကြောင်း ရှိတာပါ။ အနီသိတာပေါ့။

''အနီလို့ပဲ ခေါ်ပါအန်တီ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝါဝါရှိန် မျက်နှာမပျက်အောင် ထိန်းလိုက်ရပြီး –

"ဘယ်ဟုတ်မလဲ သမီးရယ်၊ သမီးက အန့်တီရဲ့သမီးဖြစ်နေပါပြီ"

"ဟင့် ဟင့် ဟင့်"

အနီ ခပ်မဲ့မဲ့ ရယ်လိုက်မိသည်က အသံလေးပင် ထွက်၏။ သိတာက ပြောပြောဆိုတဲ့ အားပေးဟန်လေးနဲ့ မျက်စပစ်ပြ၏။

အနီ ခံစားရတာ အနီပဲသိတယ်။

ဒေါ်ဝါဝါရှိန်ကတော့ မျက်နှာမပျက်အောင် အနိုင်နိုင်ထိန်းရင်း လိုရာရဖို့အတွက် စိတ်ရှည်လက်ရှည်နှင့်ပင်။

"သမီးရယ်၊ ပြီးတာတွေ ပြီးပါစေတော့။ သားနဲ့သမီးကို အန့်တီရှိန် ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးပါ့မယ် သမီးရယ်"

"အနီတောင်းဆိုနေလို့လား အန့်တီရှိန်"

"ဟင်"

ဒေါ်ဝါဝါရှိန် ကိုယ်လုံးလေး တောင့်တင်းသွားသည်။

"သမီး"

"ဒီမှာအန့်တီရှိန်၊ ဖြစ်ပျက်သမျှအားလုံးအတွက် အန့်တီရှိန်ဆီမှာ အနီ ဘာမှမတောင်းဆိုဘူး။ အထူးသဖြင့် ကိုဒေနဲ့ မင်္ဂလာဆောင်ခွင့်ရဖို့"

"အို အနီ၊ သမီး ဘယ်လိုပြောလိုက်တာလဲ၊ သမီးရဲ့ ဂုဏ်





သိက္ခာအတွက် သမီးရဲ့တန်ဖိုးအတွက် အန့်တီရှိန်က သားသမီးချင်း တိုယ်ချင်းစာလို့ သမီးကို သားနဲ့မင်္ဂလာဆောင်ပေးမှာပါကွယ်၊ ပြီးတော့ သမီးနဲ့သားက စည်းလွန်ဘောင်လွန် ဖြစ်နေကြတာ မဟုတ်လား"

"ဟင့် ဟင့် ဟင့်၊ ယောက်ျားတစ်ယောက်နဲ့မိန်းမတစ်ယောက် အနေနီးလို့ စည်းလွန်ဘောင်လွန်ဖြစ်ပြီး လွန်ကျူးရုံနဲ့ မင်္ဂလာဆောင်ရတော့မှာလား"

"ဆောင်ရမှာပေါ့ သမီးရဲ့"

"အဲဒါဆို ဂျင်နဲ့မမအောက်တာကို ဘာလို့ မင်္ဂလာဆောင်မပေးတာလဲ"

"ဟင်"

ဒေါ်ဝါဝါရှိန် အရှိုက်အထိုးခံရသည့်နှယ် မိုက်ခနဲဖြစ်ကာ ပါးစပ်ဟောင်းလောင်းပွင့်သွားလေသည်။

အနီ့ကိုလည်း ပြူးပြူးပြဲပြဲကြည့်၏။

အနီ အံကလေးကြိတ်ကာ –

"ပြောလေ အန့်တီရှိန်၊ မမအောက်တာနဲ့ ဂျင်က အနီနဲ့ကိုဒေလိုပဲ လွန်လွန်ကျူးကျူး ဖြစ်နေကြတာပါ၊ အဲဒီလွန်ကျူးမှုအတွက် ဂျင်နဲ့ မမအောက်တာရော မင်္ဂလာဆောင်ဖို့ မလိုဘူးလား"

"ဒါ ဒါက ဒါ ဒါ ညည်းနဲ့မဆိုင်ဘူးအနီ၊ အခု အန့်တီရှိန် ပြောနေတာက"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ အန်တီရှိန်၊ လိုချင်လောဘစိတ်နဲ့ သူတစ်ပါးစည်းစိမ် ဥစ္စာကို ခြယ်လှယ်ချင်ခြယ်လှယ်လိုက်ပါ၊ ဒါပေမဲ့ ဘယ်သူ့နှလုံးသားကိုမှ မဖောက်စားပါနဲ့ အန်တီရှိန်"

"ဟင် နင် နင်"

ဒေါ်ဝါဝါရှိန် တောင့်တင်းထားသမျှတွေက ဒေါသတွေအဖြစ် ပြောင်းလဲသွားလေသည်။ အနို့ကို လက်ညှိုးကြီးထိုးရင်း –

"နင် တော်တော်လူပါးဝနေပါလား အနီလေး၊ ညည်း ငါ စီမံသမျှ နာခံရမယ်"

"ဆောရီးပဲ အန်တီရှိန်၊ အနီလေးတို့ ဆင်းရဲပါတယ်၊ ချို့တဲ့ပါတယ်၊ ဒါပေမဲ့ သူများပစ္စည်းဆို အပ်တိုတစ်ချောင်းတောင် မမက်ပါဘူး ကိုယ့်လုပ်အားနဲ့ကိုယ် ရင်းပြီးမှ အန်တီရှိန်တို့ဆီက ပညာသင်စရိတ် ယူခဲ့တာပါ၊ ရှေ့ဆက်ပြီးလည်း ကိုယ့်လုပ်အားနဲ့ကိုယ် ရပ်တည်ဖို့ အဓိဋ္ဌာန် ပြီးသားပါ၊ သူများနှလုံးသားတွေ ဖောက်စားပြီးမှ ခံစားရမယ့် စည်းစိမ်မျိုးကို အနီလေးတို့ အီးရွံသလို ရွံတယ်ရှင့်"

"အနီလေး"

ဒေါ်ဝါဝါရှိန် ပေါက်ကွဲစွာ အော်ပစ်လိုက်သည်။ အနီလေး မမှုပါဘူး။ အသည်းနှလုံးက နာကျင်နေပေမယ့် မာနကတော့ မီးခိုး ရဲသည်။ သံမဏိလို မာကျောနေမိသည်။

"အန်တီရှိန့်ကို နောက်ဆုံးပြောလိုက်မယ်၊ ကိုဒေ့ကို အနီ





လုံးဝ မယူနိုင်ဘူး၊ အန်တီရှိန် ပြန်ပါတော့"

အနီ့စကားလုံးက ဒေါ်ဝါဝါရှိန်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက် သည့်နှယ်။ ဒေါ်ဝါဝါရှိန်ကိုယ်ကြီး နောက်လန်ကျမတတ် ဖြစ်ကာ။

"ဟင့်အင်း ဟင့်အင်း၊ နင် နင် ဒီလို ဆုံးဖြတ်လို့မရဘူး အနီလေး၊ နင် အဲလို ဆုံးဖြတ်လို့ လုံးဝမရဘူး။ နင် ငါ့သားနဲ့ပဲ ယူရမယ်၊ နင် ငါ့သားနဲ့ယူရမယ်"

ဒေါ်ဝါဝါရှိန် ကတိုက်ကရိုက်ပြောသည်က ရည်ရွယ်ချက်တွေ အပျက်စီးမခံနိုင်တဲ့ လောဘစိတ်နဲ့ပဲဖြစ်သည်။

အနီကသားကိုမယူရင် စည်းဆိုတဲ့ကောင်ကလည်း သမီးကို ဆက်ထပ်မှာမဟုတ်ဘူး။ အဲဒီတော့ ကောင်းကင်ဝါစံအိမ်နဲ့ သူမရသင့် ဆိုက်မယ့် စည်းအယ်ဒီရဲ့ စည်းစိမ်ဥစ္စာအားလုံး သူမနဲ့ အလှမ်းဝေးသွား လေ၊

သူမဘဝမှာ ကောင်းကင်ဝါ စံအိမ်မရှိလို့ မဖြစ်ဘူး။ စည်း ယ်ဒီပေးကမ်းခဲ့တဲ့ စည်းစိမ်ဥစ္စာကို မပိုင်ဆိုင်ရလို့မဖြစ်ဘူး။

"အနီ့မှာ ငြင်းပိုင်ခွင့်ရှိတယ်၊ အနီ့စိတ်နဲ့အနီ ငြင်းတယ်"

"ဟင့်အင်း၊ ညည်းငြင်းလို့မရဘူး။ ညည်းအမေကို ငါပြောမယ်၊ ညီး ငါ့ကို အနိုင်ပိုင်းသွားလို့မရဘူး အနီလေး။ မရှိန်ဆိုတဲ့ မိန်းမဟာ မဆို ဖြစ်အောင်လုပ်တတ်တဲ့မိန်းမဆိုတာ ညည်းခေါင်းထဲ ရိုက်ထည့် လိုက်။ မရှိန်လုပ်ရင် အားလုံးဖြစ်တယ် တောက်"

www.burmeseclassic.com



မထိန်းနိုင် မသိမ်းနိုင် ပေါက်ကွဲနေတဲ့ ဒေါ်ဝါဝါရှိုး။ ပြောချင်ရာ ပြောပြီး ဒရောသောပါး ပြေးထွက်သွားသည်။

သွားစမ်းပါလေ၊ စီးကျလာတဲ့ မျက်ရည်တွေကို အနီ ခပ်ကြမ်း ကြမ်းပဲ သုတ်ပစ်လိုက်သည်။ သီတာက သက်မတချချနဲ့ အနီ့လက်ဖ လေးကို ဆုပ်ကိုင်အားပေးလာသည်။

"အနီ ဆုံးဖြတ်တာ သီတာလက်ခံပါတယ်ကွယ်၊ ဒါပေမဲ့ အ ဖေဖေနဲ့မေမေက"

အနီ လက်ကလေးပြကာ ဟန့်တားမိသွားသည်။ သီတာ အလိုက်သိစွာ ဘာမှမပြောတော့ပါ။

"အနီ ဆုံးဖြတ်ထားတာကို ဘယ်သူ့အတွက်မှ မပြောင်းလဲ စေနဲ့ သီတာရယ်၊ အနီ ဒီလိုဆုံးဖြတ်တာ စည်းနှလုံးသားအတွက် သီတာရယ်၊ စည်းနဲ့ မမအကြောင်းတာလိုမိန်းမ မထိုက်တန်ပါဘူး သီတာရ ဟင့် ဟင့် ဟင့်၊ ပိုပြီး မထိုက်တန်တာက နှလုံးသားတွေ ဖောက်စား တဲ့ အနီတီရှိုးလေးလောဘစိတ်။ ပြီးတော့ တစ်သက်လုံး အခြယ်အလှယ် မယ့် စည်းဘဝအတွက် တတ်နိုင်သမျှ ကာကွယ်ပေးချင်လို့ပါကွယ် ဟင့် ဟင့်"

ပြောရင်း တရှိုက်ရှိုက်ငိုနေတဲ့ အနီလေးကို သနားလှပေသည် သီတာ သက်မလေးချရင်း –

"ရင်လေးရပါလား အနီရယ်၊ အချစ်စိတ်ဟာ အနီးကပ်





လေ ပူပြင်းလေ ဖြစ်နေတာမျိုးလားကွယ်၊ သီတာတော့ ဘာကိုမှ လိုက်မမီတော့ဘူး။ ကဲပါ အနီလည်း ကိုယ့်စိတ်ကိုယ့်နှလုံးသားကို ထိန်း ထားပါဦးကွယ်၊ ရှေ့ဆက် ရင်ဆိုင်ရမယ့် မီးတွေ အများကြီး ရှိသေးတယ် မဟုတ်လား"

အနီ မျက်ရည်တွေက တသောသော သွန်ချမိကာ ချစ်တတ် နေတဲ့ အချိန်မှာ အနီ့ဘဝက တန်ဖိုးမဲ့နေပါပြီ။ ဘယ်လိုစိတ်မျိုးနဲ့ စည်းကို အနီ ချစ်ရက်မှာလဲ။

အနီ့ကို မချစ်ပါနဲ့ စည်းရယ်။ အနီ့ကို မချစ်ပါနဲ့။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဘာပြောတယ် မာမီ"

"ကျွန်သဘောက်မက သားကို မယူနိုင်ဘူးတဲ့လေ"

"ကောင်မ"

ဒေတာ ဒေါသကြီး ထောင်းခနဲ ထသွားသည်။ နှုတ်ကလည်း ရင့်ရင့်သီးသီး ဆဲရေးသလို ထိုင်နေရာမှလည်း ဝုန်းခနဲထ၏။

"ဒါ သက်သက် လူပါးဝတာ ကိုဒေ"

အက်တာကလည်း မကျေနပ်။ ဒီလိုမိန်းကလေးကို ယော
တော်ဖို့ ဘယ်တုန်းကမှ စိတ်မကူးပါ။ အကြောင်းကြောင်းတွေပြော
ယောက်မတော်ရမှာလေ။





"လူပါးဝရုံတင် ဘယ်ကမလဲ၊ မာမီတို့ကို ခွေးဖြစ်အောင် လုပ်မယ့်ဟာမ"

မာမီကလည်း အံတကြိတ်ကြိတ်နဲ့ပြော၏။

"သူလုပ်တိုင်း ရမတဲ့လား မာမီ၊ သား ခုပဲ ဒီကောင်မကို သွားခေါ်ခဲ့မယ်၊ မာမီတို့ စိတ်မပူနဲ့"

ဒေတာပြောပြီး တရှူးထိုး ထွက်သွား၏။

"သား ဒေတာ"

ဦးသက်တန့်ဦး လက်ပိုက်ကြည့်မနေသာတော့။ အခန်းထဲက ထွက်လာပြီး သား ရှေ့မှာ ပိတ်ရပ်ရင်းခေါ်သည်။

"ဒါလင်"

ဒေါ်ဝါဝါရှိန် ခင်ပွန်းသည်ကို ဆွဲတားရင်း ခေါင်းယမ်းပြသည်က သားကို မတားဖို့။ ဒီတစ်ခါ ဦးသက်တန့်ဦး မယားစကားကို နားမဝင်တော့ပါ။

"ဒီမှာ"

"ဒယ်ဒီ ဘာမှ ဝင်မပြောနဲ့၊ သားကိစ္စ သားလုပ်ရမယ်"

"သားက ဘာလုပ်မှာလဲ၊ ဒယ်ဒီ့ကို ပြောစမ်းပါဦး"

မေးလာတဲ့ ဖခင်ကို ဒေတာ မကျေနပ်။ ဘုကြည့်ကြည့်ပြီး–

"ဘာလုပ်ရမှာလဲ၊ အနီလေးကို ရအောင်ယူရမယ်လေ"

"အဓမ္မနည်းနဲ့ ဘယ်မိန်းမကိုမှ သားယူလို့ရမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အေး ဒီအခြေအနေမှာ ပိုဆိုးတယ်''

''ဘာမှ ဆိုးစရာမရှိဘူး ဒယ်ဒီ၊ အနီလေး သားနဲ့ငြိနေတာ ကြာလှပြီ၊ သူငြင်းလို့မရဘူး။ ပြီးတော့ အနီလေးကို သားမရလို့ မဖြစ်ဘူး ဒါပဲ''

ဒေတာဦး တဝေါဝေါနဲ့ ပြောချပြီး ဖွတ်ထွက်သွားသည်။

''သား''

ဦးသက်တန့်ဦး ဆွဲထားသော်လည်း မရတော့ပါ။ သားထ ဖွတ်ထွက်သွားသလို မယားက သူ့လက်မောင်းကို ဆွဲထားရင်း –

''ဒါလင် ဒါလင်မတားပါနဲ့၊ ရှိန့်ဘဝ စုတ်ပြတ်သတ်နေမယ့် ဒဏ်ကို ရှိန် မခံစားနိုင်ဘူး၊ ရှိန်တို့ဘဝ ပြည့်စုံဖို့ နင်းရမယ့်သူကို နင်း ရမယ်၊ ဆုပ်ကိုင်သင့်တဲ့သူကို ဆုပ်ကိုင်ရမှာပဲ ဒါလင်၊

အစတုန်းက စည်းတစ်ယောက်တည်းကိုပါ ချုပ်ကိုင်ဖို့ပါ။ အခု အဲဒီဟာမကိုပါ လက်ဦးထားရမယ်၊ တရားတယ်, မတရားဘူး ဆိုတာ ထက် ရလာတဲ့အခြေအနေကို အသုံးချရမှာပဲ''

ဖနီးသည်ရဲ့လောဘအရှိန်က တညီးညီးသောက်နေတဲ့ မီး တောင်ကြီးနှယ်။ စက္ကန့်နဲ့အမျှ တောက်လောင်မှုအားပြင်းနေတာ ခုချိန်မှာ အရှိန်အကောင်းဆုံး ထင်ရဲ့။

''ဟုတ်တယ် ဒယ်ဒီ၊ ဒယ်ဒီ အရှာအဖွေမကောင်းလို့ သမီးတို့ မပြည့်စုံပေမယ့် မာမီ အစီအမံကောင်းလို့ သမီးတို့ ဒီလိုနေနိုင်တာ။





အဲဒီအတွက် မာမီ စီစဉ်တာကို ကိုဒေနဲ့ သမီးနာခံရမယ်၊ ဒယ်ဒီ ဘာမှ ဝင်မပြောပါနဲ့၊ မပြောနဲ့''

သမီးကပါ မအေ့လောဘနောက် ထက်ကြပ်မကွာ လိုက်ပါ တာဆိုချေပြီ။ ဖနီးနဲ့သားကို ဖျောင်းဖျမယ်ဆိုတဲ့ ဦးသက်တန့်ဦးစိတ်က သမီးရဲ့စကားလုံးတွေနောက်မှာ ပျောက်ဆုံးသွားသလား အောက်မေ့ရ သည်။

သမီးနဲ့ဖနီးကို တစ်လှည့်စီကြည့်ရင်း ဦးသက်တန့်ဦး ဣန္ဒြေ ဆယ်မနိုင်အောင် စိတ်ဓာတ်အကြီးအကျယ် ကျသွားလေသည်။

''မင်းတို့သားအမိစိတ်က အဲသလောက်ထိ လောဘမုန်ယိုနေ မယ်လို့ ဒါလင် ဘယ်တုန်းကမှ သံသယမဝင်ခဲ့ဘူး ရှိန်ရယ်၊ ခုတော့ သိရသမျှအကြောင်းအရာတွေက မခံစားနိုင်လောက်အောင် ပြင်းထန် လွန်းတယ်၊ မင်းတို့မိသားစုရဲ့ လောဘကို ဖျောင်းဖျဖို့ ကြိုးစားခွင့်မရ အောင် အရှိန်တညီးညီးတက်နေပြီဆိုတော့ ဒါလင် ဘာမှ မတတ်နိုင် တော့ဘူး၊ ရှိန်တို့လောဘနဲ့ ရှိန်တို့ဘာသာ စံစားကြပါတော့''

ဦးသက်တန့်ဦး စိတ်နှလုံးထိခိုက်စွာပြောရင်း ကောင်းကင်ဝါ ခံအိမ်ထဲက ထွက်သွားသည်က ရာသက်ပန်အတွက်။

''သွား သွားစမ်းပါ ဒါလင်ရယ်၊ သွားစမ်းပါ၊ ရှိန်တို့က ဒါလင့်လို သူတော်ကောင်းစိတ် မမွေးနိုင်ဘူး၊ ဟင့် ဟင့် ဟင့်''

ခေါ်ဝါဝါရှိန် ပြောလည်းပြောရင်း ဆူလောင်ပေါက်ကွဲစွာလည်း



www.burmeseclassic.com

www.burmeseclassic.com



ငိုချသည်။ လင့်ထက် သူမမှာ မက်စရာကရှိတယ်လေ၊

သမီးကအား၊ သားက မားပဲ မဟုတ်လား။

ရှိန့်လိုအင်အတွက် သားနဲ့သမီး ရှိဖို့သာ အဓိက။

ဒေါ်ဝါဝါရှိန် ဒါပဲ ထပ်တလဲလဲပြောကာ သမီးလက်ကို တင်းနေအောင် ဆုပ်ထားလိုက်သည်။ ပြီးတော့ အနီ့လက်တစ်ဖက်ကို ဆွဲပြီး ပြန်ရောက်လာမယ့် သားကို စိတ်အားထက်သန်စွာမျှော်လျက်။

ဒေါ်ဝါဝါရှိန် မာန်ကလေးတင်းကာ မျက်နှာလေး မော့လိုက်လေသည်။ မကြာခင် သူမတို့မိသားစုဘဝ ပြည့်စုံခြင်းကို ဟောဒီလက်တွေနဲ့ ဆုပ်ကိုင်စိုးမိုးခွင့် ရတော့မှာလေ။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



## အခန်း (၁၁)

''ဒေါက် ဒေါက် ဒေါက်''

တံခါးခေါက်သံ ကြားပေမယ့် အနီ ခေါင်းလေးမမော့နိုင်အား။

''ဝင်ခဲ့လေ သီတာ၊ တံခါးလော့ခ်ချထားပါတယ်ဟာယ်၊ ရှင်ဆာခါနီးမို့လို့''

အနီ ပြောလည်းပြောရင်း လက်ကလည်း အကျီစီးကွင့်နှိုက်မြဲထိုးနေလိုက်သည်။

လောလောဆယ် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတဲ့ အနီ။ အရင်လုပ်ခဲ့တဲ့ စီးကွင့်နှိုးတဲ့အလုပ်ကိုသာ ပြန်ကောက်လုပ်မိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ခန်းလေးရဲ့အနီးနားမှာ ဖက်ရှင်ချုပ်တဲ့ဆိုင်ကြီးတွေ ရှိတာနဲ့ အလုပ်လေး အလွယ်တကူရသွားတဲ့သဘော။

"ကွိ"

တံခါးဖွင့်သံနောက်မှာ ခေါ်သံက ပါလာသည်။

"အနီ"

"ဟင်"

သီတာ့အသံမဟုတ်တာကြောင့် အနီ စီးကွင့်နှိုးရပ်ပြီး မျက်ခုံးမော့ကြည့်မိလျှင် မျက်လုံးအပြူးသား ဖြစ်၏။ နှုတ်မှလည်း "ကိုဒေ" ဟု လွှတ်ခနဲ ခုန်ထွက်သွား၏။

"အနီ"

ခေါ်သံလေးကို အရင်လို ချိုကြည်နေအောင် ဒေတာ သတိထားပြီးခေါ်သည်။

ပွင့်လာတဲ့တံခါးကို နောက်ပြန်ပြန်ပိတ်ကာ မြူသော မျက်လုံး စိုက်ကြည့်ရင်း အနီ့ရှေ့ တိုးခဲ့သည်က ဒီမိန်းကလေး သူ့ဘက်ပါအောင် စည်းရုံးဖို့။

"ကို ကိုဒေ၊ ရှင် ရှင် ဘာလာလုပ်တာလဲ"

ပလတ်စတစ်ထိုင်ခုံမြင့်လေးမှာထိုင်ပြီး စီးကွင့်နှိုးနေသော အလုပ်ကို စားပွဲပေါ် လွှတ်ချကာ အနီ ထရပ်လိုက်သည်။

"ဘာလာလုပ်လဲလို့ အနီကိုယ့်ကို မမေးပါနဲ့၊ အနီ မရှိရင်





ကိုယ် ဘယ်လိုမှ နေလို့မနိုင်ဘူး"

"ဟွန်း၊ နေလို့မနိုင်ရင် ယွန်းရွှေစံ ခေါ်လိုက်လေ"

"တောက်"

စိတ်ကို ဆွဲဆန့်ထားမရတော့ပါ။ ယွန်းရွှေစံကို ခေါ်လိုက်ဆိုတဲ့ စကားက သူ့ရဲ့ဇကို ဇော်ကားမော်ကား ပြန်ပက်လိုက်သလိုပင်။ ဒေတာ ဒေါသ ဆောင့်အောင့် ထွက်သွားသည်။

"အနီ၊ ကိုယ့်ကို ဘာမှ ညွှန်ကြားစရာမလိုဘူး။ ငါ မနေနိုင်လို့ ခေါ်လို့ရတဲ့မိန်းမဟာ ယွန်းရွှေစံတစ်ယောက်တည်း မဟုတ်ဘူး၊ အများကြီးကွ၊ ဒါပေမဲ့ ငါ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ သာယာခွင့်ကို လက်ညှိုးထိုးပြစရာ မလိုဘူး။ အခု ငါလာတာ မင်းကိုခေါ်ဖို့၊ မင်း ငါနဲ့လိုက်ခဲ့ အနီ"

"ဟင့် ဟင့် ဟင့်၊ လိုက်ခဲ့ရမယ် ဟုတ်လား"

"ဟုတ်တယ်၊ နင် ငါနဲ့ လိုက်ခဲ့ရမယ် အနီ"

ပြောလည်းပြောရင်း အနီ့လက်ကောက်ဝတ်ကို ဖမ်းဆွဲ၏။

"အို မလိုက်နိုင်ဘူး"

အနီ လက်ကို ရုန်းကာ ရှောင်သည်။

"တောက် မင်းမလိုက်လို့ မရဘူးကွ"

အခဲမကြေပြောသံနောက်မှာ အနီ့ကိုယ်လေးကို ဆွဲဖက်ကာ ချင်မြှန်လှတာမို့ အနီ ရှောင်ချိန်မရလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူးနော် ကိုဒေး၊ ရှင်နဲ့တစ်သက်လုံး မလိုက်ဘူး။ ရှင်တို့ရဲ့လိုချင်လောဘက စည်းစိမ်ဥစ္စာတင်မကဘူး မိန်းမသား တစ်ယောက်ရဲ့ ဘဝကိုပါ ချုပ်ကိုင်ခြယ်လှယ်ဖို့။ ဒါတွေကို အနီမသိဘူးမထင်နဲ့၊ ရှင်နဲ့တစ်သက်လုံး နေဖို့ အနီ စိတ်ကူးမရှိဘူး။ ဖယ် လွှတ်နော် လွှတ်၊ လွှတ်စမ်းပါ"

အတင်းကာရော ဆွဲဖက်ထားတဲ့ ဒေဟာလက်တွေကို ဆောင့်ရုန်းပစ်၏။

"အနီ"

ဆောင့်ရုန်းနေတာကို ဒေဟာ ဒေါကန်လာသည်။ ဆွဲဖက်ထားတဲ့ အနီ ရုန်းလို့မရအောင် နံရံနဲ့ ဖိကပ်ထားလိုက်သည်။

"ရှင်နော်၊ လွှတ်စမ်းပါ။ ရှင်တို့လို ယုတ်မာတဲ့သူကို အနီ ဘယ်တော့မှ မယူဘူး"

"မယူလို့ ရမလားအနီ၊ နင်နဲ့ငါက ဘာလဲ"

"ဘာပဲဖြစ်ဖြစ် မယူဘူး။ လုံးဝမယူဘူး။ ရှင်းပြီးလား ဖယ် လွှတ်"

"တောက်"

ဒေဟာ တောက်တစ်ချက်ခတ်ကာ နှုတ်သီးကောင်းလှချည်း ပြန်ပက်နေတဲ့ အနီ့နှုတ်ခမ်းလေးကို အသည်းနာနာနဲ့ ဆွဲဆုပ်၏။

"လူ လူယုတ်မာ"





အနီ သည်းမခံနိုင်တော့ပါ။

ဒေဟာပါးစပ်ကို လက်နှစ်ဖက်နဲ့ ဆွဲခွာ ကုတ်ဖဲ့ပစ်၏။

"အား"

ခံစားချင်တာက စိတ်လိုက်မာန်ပါ အနမ်းတွေနောက်ပါလာမယ့် အနီ့နှုတ်ခမ်းအစုံ။ ခံစားရတာက ဖျင်းခနဲ နာမျက်သွားတဲ့ဝေဒနာ။ ဒေဟာ့တစ်ကိုယ်လုံး အနာရှိန်တွေ လှိုက်တက်သွားသလို ကိုယ်ချည်းလည်း အတွန်းခံရကာ နောက်ယိုင်ကျလုလု။

"ထွက်သွား သွား"

အနီ အသံကုန်အော်ဟစ်ရင်း အနီးနားမှာရှိတဲ့ ပလတ်စတစ်ထိုင်ခုံနဲ့ ကောက်ပေါက်၏။

"အနီ"

ပြေးဝင်လာတဲ့ထိုင်ခုံကို ဒေဟာ ရှောင်လိုက်ရသည်။ ရှောင်ရင်း ရှေ့တိုးကာ အနီ့လက်တစ်ဖက်ကို အမိဖမ်း၏။

မိတာနဲ့ ဆောင့်ဆွဲလိုက်လျှင် အနီ့တစ်ကိုယ်လုံး ညွတ်ခနဲ ပါသွားလေသည်။

"ကိုဒေ ရှင့်ကို တောင်းပန်ဆို တောင်းပန်ပါ့မယ်၊ ရှင့်လမ်း ရှင်လျှောက်ပါ။ အနီဘာသာအနီ"

"မင်းပါးစပ် ပိတ်ထား"

ဒါပဲပြောပြီး ဆွဲထုတ်ခဲ့တာက ခွန်အားအပြည့်။ အနီ ဘယ်လို

www.burmeseclassic.com



ရှန်းရှန်း ဒေတာ တစ်ရှူးထိုး ဆွဲသွားတဲ့အားကို မရှန်းနိုင်။ တံခါးကို ဆွဲထားလည်း မရတော့ပါ။

အားမသန် မာန်လျှော့ရတော့မယ့်အနေအထား ရောက်နေပြီလား။

"ကိုဒေ"

"အနီ၊ မင်း ဘာမှမပြောနဲ့၊ မင်းကို ငါ တစ်သက်လုံး ပိုင်ထားရမယ်၊ မင်း ငါ့လက်ထဲရောက်ဖို့ အရေးအကြီးဆုံးပဲ၊ မင်းပါးစပ်ကို ပိတ်ထား ပိတ်"

"မပိတ်ဘူး ပြောမယ်"

"ပြောဦးကွာ၊ ဖြောင်း"

"ဟာ"

ဒေတာ လက်ပြန်ရိုက်လိုက်လျှင် အနီ ပါးပြင်လေး လည်ထွက်ကာ ခန္ဓာကိုယ်တစ်ခုလုံး ချာခနဲ လည်ပြီး ပုံကျသွားသည်။

မျက်လုံးထဲမှာလည်း ဘာမှမမြင်ရတော့ပါ။

ပြာမှောင်မှောင်ဖြစ်နေလျှင် –

"မင်း ငါ့ကို ဘယ်တော့မှ မငြင်းနဲ့ အနီ။ ငြင်းလို့မရဘူးကွ"

နောက်ဆုံးကြားလိုက်ရသည့် ဒေတာအသံအဆုံးမှာ အနီကိုယ်လေး ဇွေ့ခနဲ ပွေ့ချီခံရ၏။ ဒါတင်မက ဒေတာရင်ခွင်ထဲပါသွားမှန်း သိလိုက်ရတဲ့အဖြစ်။





စည်းရယ်၊ အနီ့ဘဝဟာ လောဘဇော်တိုက်နေတဲ့ ရှမွက်သားကောင်အတွက် စတေးခံရဖို့ဖြစ်လာတာလား။

ပြောစမ်းပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကျွန်တော် ကောင်းကင်ပါစီအိမ် ခဏသွားလိုက်ဦးမယ် မာမီ"

ခေါ်အိရှေစင် ခေါင်းလေး တဆတ်ဆတ်ညိတ်ပြီး –

"အစစအရာရာ သတိထားပေါ့ သားရယ်"

"စိတ်ချ မာမီ"

"ဒါနဲ့ အနီလေးကော သား"

အနီလေး နာမည်မေးလိုက်သည်နှင့် သားမျက်နှာလေး ချစ်စိတ်နဲ့ ညွတ်ပျောင်းသွားသည်။ ဒါတင်မက စိုးရိမ်မှုတွေနဲ့လည်း ညှိုးလျကာ –

"သိတာက သိတာနဲ့အတူတူ ရှိနေတယ်လို့ ပြောတယ် မာမီ"





"ခများလည်း သနားပါတယ် သားရယ်၊ ပြီးတော့ စိုးရိမ်စရာလည်း ကောင်းတယ်၊ သူလေးကို ရှိန်တို့သားအမိ ဖိအားတွေပေးပြီး အတင်းမေ့ လက်ခံရမယ်လို့ အမိန့်ပေးလား။ စေခိုင်းလားနဲ့ သိမ်းပိုက်လိုက်မှာ မာမီရင်ပူလှတယ်၊ ဒင်းတို့သားအမိလက်ထဲမှာ အနီလေး တစ်သက်လုံး ရုပ်သေးဘဝရောက်ရတော့မယ်၊ သူတို့မိသားစု နိုင်စားသမျှ ခံရတော့မယ်၊ အဲဒီအတွက် မာမီတို့ဘာမှ မလုပ်ပေးနိုင်တော့ဘူးလား သားရယ်"

မာမီလည်း အနီလေးအတွက် စည်းနည်းတူ ခံစားနေရမှန်း သိသာနေသည်။ စည်းလည်း ဘာမှလုပ်ဆောင်ပေးခွင့်မသာလို့ အခြေအနေကို စောင့်ကြည့်နေရတဲ့အဖြစ်။ ရင်မှာတော့ အတိုင်းအဆမဲ့ ပူနေရတာပေါ့။

"ကဲပါ မာမီရယ်၊ ဒီလောက်လည်း စိုးရိမ်မနေပါနဲ့၊ အနီလေးက သူတို့မိသားစုထက် တွေးခေါ်တတ်ပါတယ်၊ အနီ့ဘဝအတွက် အနီ့စိတ်နဲ့အနီ ဆုံးဖြတ်နိုင်မှာပါ"

"ဒါတော့လည်း ဟုတ်ပါတယ်၊ ရှိန် လူလည်ကျကျ အမိန့်ပေးတာမျိုးတွေ လုပ်မှာစိုးတာပါ။ ပြီးတော့ ဒေတာဆိုတဲ့ကောင်လေးက အခွတ်ထိုးလေး၊ ကမူးရှူးထိုးနဲ့"

စိုးရိမ်စိတ် လွှမ်းကဲပြီး ဒလလောပြုကျလာတဲ့ မာမီ့ရင်တွင်းအားသံက စည်းရင်အုံကို ပူလောင်မှုအရှိန် တက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ မာမီရယ်၊ သားရင် မီးလောင်နေရတဲ့ ဝေဒနာထက် ပိုပြီးပူလောင်မယ့် စိုးရိမ်စကားတွေ မပြောပါနဲ့ဗျာ၊ ကျွန်တော် သွားဦးမယ်"

စည်းစကားဖြတ်ပြောရင်း မာမီကို နှုတ်ဆက်ထွက်ခဲ့သည်။ မာမို့ရင်တွင်းစကားလုံးတွေအတိုင်း ပူပင်ရလို့ မဟုတ်လား။

စိုးရိမ်စိတ်လွှန်ကဲရတဲ့ ဝေဒနာကို မခံစားနိုင်ပါလေ၊

ဒေါ်အိရွှေစင်ကတော့ သားလေးအတွက်သာမက ထိုကောင်းလေးအတွက်ပါ စိုးရိမ်သောက အုံ့ဖွဲ့ခံစားရတာ အကြောင်းမဲ့ မဟုတ်ပါဘူး။

သူမသာ ဗုဒ္ဓဂယာမှာ ဟရားစခန်းဝင်နေတုန်း နေထိုင်မကောင်း မဖြစ်ခဲ့ရင် အကောင်းသား။ သူမ နေထိုင်မကောင်းဖြစ်လို့ သားက သူမဆီလာခဲ့တာ။ ရင်မှာအပူတွေနဲ့။

ကောင်းကင်ဝါစံအိမ်မှာ သားမရှိတုန်း အနီလေး တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်ကာ မအေကိုပြုစုနေရထာပင် နောက်ကြောင်းမအေးခဲ့ပါ။

ဒါတင်မက သားစိုးရိမ်တဲ့အတိုင်း အနီလေးကို ဒေတာကဟင်း။ ရင်မောလှပါတယ် သားရယ်၊ သားအတွက် တကယ် ရင်မောပါတယ်၊

❁





"ဟင်"

စည်း တအံ့တသြဖြစ်ကာ ကားစက်ရှိန်ကို လျှော့လိုက်ရသည်။ အမှိုဆီက ထွက်ခဲ့တာ ခုလေးတင်။ လမ်းသွယ်လေးမှ မိန်းလမ်းပေါ် ကားကွေ့တက်စဉ် ထိုလမ်းထောင့်မှ စည်းကားခေါင်းရှေ့ ဘွားခနဲ ရောက်နေတဲ့ အက်တာ။

ပြုံးပြုံးမြိန့်မြိန့် မျက်နှာလေးနဲ့ ကားကိုပိတ်ပြီး လက်တားရပ်၏။

"ဘာလဲ အက်တာ"

စည်း ခပ်ချဉ်ချဉ် မေးချ၏။ ထုံးစံအတိုင်း အက်တာ ကိုယ်လေးချိုးကာရယ်ပြီး ကားခေါင်းရှေ့မှပတ်ကာ ကားတံခါး ဆွဲဖွင့်၏။

စက္ကန့်ပိုင်းပင်မကြာ စည်းကားပေါ် အက်တာ ဖွေ့ခနဲ တက်ထိုင်ပြီးသား ဖြစ်သည်။

"မောင်းတော့"

ခပ်ရှင်ရှင်လေးဆိုသည်။ စည်းဝိုင်းရင်ထဲမှာ တင်းခနဲဖြစ်၏။

"နေပါဦးအက်တာ၊ မင်းကိုယ့်ကို အမိန့်ပေးနေတာလား"

"မြန်မြန်မောင်းပါ၊ ဒီနားမှာ ကားကြာကြာရပ်နေလို့ မရဘူးလေ၊ ယာဉ်ထိန်းရဲ တွေ့သွားရင်"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



စည်းဝိုင်း စိတ်ပျက်လက်ပျက်နိုင်စွာ။ ကျွတ်ခနဲ စုတ်သပ်ပြီး ကားကို မောင်းထွက်၏။ စည်း ကားလေးမောင်းထွက်လိုက်တော့ အက်တာ မြူးမြူးလေးရယ်သည်။

ဒီသားအမိဟာ ဘယ်အချိန်အခါမှာ ဘာဖြစ်တတ်သလဲဆိုတာ ကြိုတင်အကွက်ချပြီးမှ စီစဉ်တတ်တဲ့ အကျင့်ရှိတာကအစ တစ်ထေ တည်း။

"စည်း မာမီဆီ စည်းရောက်နေမှန်း အက်တာသိတယ်လေ စည်း အပြန်ကို လာစောင့်နေတာ အကြောင်းရှိလို့ပေါ့၊ ဟင့် ဟင့်"

"ဘာအကြောင်းလဲ"

စည်း ခါးသီးစွာ မေးလျှင် အက်တာကိုယ်လေး လှုပ် ရယ်ပြန်သည်။ ပြီးတော့ စည်းဘက် တစ်ကိုယ်လုံးလှည့်ကာ စတီယာ ကိုင်ထားတဲ့ စည်းလက်ပေါ် သူမ လက်ထပ်တင်၏။

"တောက် အက်တာ"

စည်း ဒေါသနဲ့ဖိခေါ်ကာ သူ့လက်ပေါ်က အက်တာ့လက် ခါပစ်ရင်း ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

ရပ်ရနေရာဖြစ်ဖြစ် မရပ်ရနေရာဖြစ်ဖြစ် စည်း ဘာမှ မ ပါ။ စည်း ကားလေးထိုးရပ်လိုက်တာနဲ့ အက်တာက သူမခေါင်းလေး စည်းပခုံးပေါ် ညွှတ်ချပြီး –





"ဒီလောက်လည်း ဒေါသမကြီးပါနဲ့ စည်းရယ်၊ စည်း ပေါက်ကွဲ တာကို အက်တာ မမြင်လိုပါဘူး"

"မင်း အပိုတွေ လျှောက်မပြောနဲ့"

ပခုံးပေါ် ရောက်နေတဲ့ အက်တာခေါင်းကို တွန်းပစ်လိုက်သည်။ က်တာ ဒါလည်းအရယ်မပျက်၊ မျက်နှာမပျက်။ စည်းကို မျက်လုံးရွဲ ည်းနဲ့ စိုက်ကြည့်လျက် ပြောသည်။

"အပိုတွေ မပြောပါဘူး။ လိုတာပဲ ပြောမယ်လေ နော် စည်း"

ယောက်ျားတစ်ယောက် စိတ်နှလုံးသားတွေ ညွှတ်ယိုင်ကျသွား က်အောင် ကိုယ်သင်းရနံ့ မွှေးအီအီဖန်တီးထားတဲ့ အက်တာ။

ညှို့ဆွဲအားတွေပါတဲ့ ရေမွှေးနံ့ထုံသင်းနေတဲ့ အက်တာ့ ကိုယ် င်းရနံ့ကို စည်းမရှူရှိုက်။ နှာခေါင်းရှုံ့တွလုပ်ရင်း ကားပေါ်က ဆင်းလိုက် ည်။

ဒီမိန်းမ ဘာကိုတောင်းဆိုမလဲဆိုတာ စည်း ရိပ်မိတယ်မဟုတ် စည်းကားပေါ်က ဆင်းလိုက်တာနဲ့ အက်တာ ပခုံးလေးပင့်ကာ ယ်ပါလားလို့ ရွတ်ရင်း ကားပေါ်ကဆင်းသည်။

ကားဘေးမှီရပ်နေတဲ့ စည်းရှေ့ သူမ ရောက်လာသည်။ စည်း က်ကြည့်ပြီး တစ်လုံးချင်းပြောသည်။

"စည်းကို ရွေးချယ်ခွင့် ပေးမယ်လေ"

"ဟွန့်၊ မက်လုံးတွေနဲ့ လာမဆွယ်နဲ့အက်တာ ငါ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာရှိလဲဆိုတာ နင်အားလုံးသိတယ်''

''ဟင့် ဟင့် ဟင့် အက်တာသိတာပေါ့၊ စည်းချစ်နေတဲ့

ကို ကိုဒေ ပိုင်ဆိုင်ထားမှာကိုလေ''

စကားအဆုံးမှာ စည်း အံတစ်ချက်ကြိတ်လိုက်သည်။

က စည်းစိတ်ထဲရှိတာကို ဖတ်တတ်နေတယ် မဟုတ်လား။

''ဒါ မင်းနဲ့ မဆိုင်ဘူးအက်တာ''

''ဟုတ်တယ်၊ အနီ့ကို ကိုဒေပိုင်ထားတာ အက်တာနဲ့မဆိုင်

ဒါပေမဲ့ အနီ့ကို ကိုဒေမပိုင်ဆိုင်စေချင်ရင် အက်တာတောင်းဆို

စည်းလိုက်လျှောပေးရင် အိုကေမယ်''

''ဘာကိုလဲ''

''စည်းနဲ့အက်တာ နှစ်ဦးသဘောတူ လက်ထပ်ဖို့''

''ဟင့် ဟင့် ဟင့်''

စည်း နာကျင်မဲ့မဲ့ ရယ်မောပစ်လိုက်သည်။ ထိုရယ်

အက်တာ တောင်းဆိုမှုကို စော်ကားနေသည့်နှယ်။

''စည်း ရှင် မခံနိုင်နဲ့၊ ဒီကိစ္စ ရှင့်ကို ရွေးချယ်ခွင့်ပေးလိုက်

အနီ့ကို ကိုဒေလက်ထဲအရောက်မခံချင်ရင် အက်တာတောင်းဆို

စည်းလိုက်လျှောရမယ်၊ မလိုက်လျှောချင်ရင်''

''တော်စမ်းပါ''

''ဘာလဲ၊ ရှင်က အက်တာပေးတဲ့အခွင့်အရေးကို မလို





လား''

''ဒါ အခွင့်အရေးပေးတာမှ မဟုတ်တာ အက်တာ''

''အခွင့်အရေးပေးတာပေါ့၊ နောက်ဆုံး စည်း ဘာကိုမှ ငြင်း

ပယ်ခွင့်နဲ့ ရွေးချယ်ခွင့်မရှိဘူးလေ၊ အနီ ခေါင်းညိတ်လိုက်တာနဲ့ ပွဲပြီး

ပြီပဲ၊ အနီ ခေါင်းမညိတ်စေချင်တဲ့ဆန္ဒ ရှင့်ရင်ထဲမှာ အပြည့်ရှိနေတာ

အက်တာသိလို့''

''ကိစ္စမရှိဘူး အက်တာ၊ အနီ့ဘဝ အနီပိုင်တယ်၊ ကိုယ်

မဖြစ်စေချင်တိုင်း ထင်ရာလျှောက်လုပ်လို့ မရဘူး''

''ဒါဆို စည်းက အနီတောင်းဆိုတာကို မလိုက်လျှောဘူးပေါ့''

''လိုက်လျှောရမှာပေါ့ ဟင့် ဟင့် ဟင့်''

စည်း ခနဲ့ပြီးရယ်လေသည်။ အက်တာ ဒေါသတဖွားဖွားထကာ။

''စည်းနော်၊ အတည်အတန့် ပြောနေတာကို ခနဲ့မနေနဲ့၊ ကဲ

လက်ထပ်မယ်ဆိုရင် လက်မှတ်ထိုး။ အက်တာ စာချုပ်အသင့်

ယူလာတယ်''

ကိုယ်လိုရာအတွက် အသင့်လုပ်လာတဲ့အက်တာ။ ပခုံးလွယ်

အိတ်ပါးလေးထဲမှ စာချုပ်နှစ်စောင် ဆွဲထုတ်၏။

ထိုစဉ် –

''တီ တီ တီ''

စည်း ဘောင်းဘီခါးကြားမှာချိတ်ထားတဲ့ လက်ကိုင်ဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



မြည်လာသည်။

"ဒီမှာ လက်မှတ်ထိုးပေးလိုက် စည်း"

အက်တာက စာချုပ်အတင်းထိုးပေးသည်။ စည်း လက်ကာ လိုက်ရင်း ဖုန်းကိုင်လိုက်သည်။

"စည်း စည်း လုပ်ပါဦး၊ အန်ကိုလေ သီတာမရှိတုန်း တိုက်ခန်းထဲကနေ ဆွဲပွေ့ပြီး ဒေတာ အတင်းခေါ်ထုတ်သွားတယ်၊ စည်း အမြန်လာခဲ့ပါ စည်းရယ်"

သီတာရဲ့ ဗလုံးဗထွေးအသံက စည်းနလုံးသားကို လှုပ်ခါသွားစေသည်။ မျက်နှာထားလည်း တင်းမာကာ လက်ကိုင်ဖုန်းကို တင်းနေအောင် ဆုပ်ကိုင်ရင်း "လာခဲ့မယ်" လို့ တစ်ခွန်းတည်းပြောကာ။

"စည်း အက်တာတောင်းဆိုတာကို လိုက်လျောပါနော်၊ လက်ထပ်တယ်ဆိုပေမယ့် စည်းစိတ်, စည်းသဘောအတိုင်း နေလို့ရပါတယ်၊ လောလောလတ်လတ် တရားဝင်ဖြစ်အောင်"

"တောက်၊ လက်မှတ်ထိုးထားဖို့ ဟုတ်လား"

"ဟုတ် ဟုတ်တယ်"

လက်ထပ်စာချုပ်နှစ်စောင်မှာ သူမလိုရာ သူမရေးထားပြီး အတင်းလက်မှတ်ထိုးခိုင်းနေတဲ့ အက်တာ။

စည်း ဖျတ်ခနဲ ဆွဲယူကာ ကားပေါ် လွှားတက်၏။ ပြီးတော့ တစ်ဆက်တည်း ပြောလိုက်သည်။





"မင်း အဲဒီမှာပဲ ရပ်နေ"

အက်တာ လိုက်ခနဲ ဝမ်းသာကာ ခေါင်းလေးဆတ်သည်။ စည်း ကားပေါ်ရောက်သည်နှင့် ကားစက်နှိုးကာ ဝူးခနဲ မောင်းထွက်၏။

"ဟင်"

အက်တာ ဝမ်းသာမှုလေး ရုတ်ခြည်းပျောက်သွားကာ –

"စည်း စည်း နေဦးလေ"

လောဘခြေလှမ်းဖြင့် အက်တာပြောလိုက်၏။ ကားပြတင်းကနေ အစိတ်စိတ် အမြွှာမြွှာ ဖြစ်နေတဲ့ စာချုပ်အပိုင်းအစတွေ လွင့်လာလျှင် အက်တာ အသက်အနုတ်ခံရသလို နာကျင်သွား၏။

"တောက်"

အက်တာ လက်မနေတော့ပါ။ ချက်ချင်းဖုန်းထုတ်ပြီး ကိုဒေ့ကို အကြောင်းကြားလိုက်သည်။

"အဲဒီမိန်းမ လက်မှတ်မထိုးထိုးအောင် ကိုဒေ ကြိုးစားလိုက်ပေမယ့် ဒီမှာ စည်းဝိုင်းလေ၊ အက်တာပြောတာကို လုံးဝလက်မခံဘဲ ထွက်သွားပြီ ကိုဒေရဲ့၊ အဲဒီမိန်းမကို အပိုင်ကိုင်လိုက်တော့"

ကိုဒေ့ကို အမိန့်ပေးသလို စေခိုင်းလိုက်တာက အကြောင်းမဲ့ မဟုတ်ပါ။

ဟိုမိန်းမကလည်း ကိုဒေနဲ့လက်ထပ်ဖို့ တွင်တွင်ငြင်း၏။ ကိုဒေ့ကို အနိုလက်ထပ်ရင် စည်းကို အက်တာနဲ့ မညားရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အနီသာ ကိုဒေ့ကိုလက်ထပ်ဖို့ တိုက်တွန်းကာ အနီ့ကို ကိုဒေ အပိုင်ကိုင်နိုင်ဖို့ ကြိုးစားသလို စည်းကိုလည်း ထိုနည်းနဲ့ အပိုင်ကိုင်ဖို့ ကြိုးစားခြင်း။

အခု နှစ်ယောက်လုံးက ငြင်းနေတာလေ။

ဒါကြောင့် ကိုဒေ့လက်ထဲရောက်နေတဲ့ အနီ့ကိုသာ လက်ဦး ရထားဖို့ အဓိကကျလေပြီ။

အဲဒီအတွက် ကိစ္စမရှိပါ။ ကိုဒေက ချော့လို့မရရင် မြူဆွယ် မြူလို့မရရင် တင်းမည်။ တင်းလို့မရရင် ရက်စက်ပြမည်လေ၊

အဲဒီ ဒဏ်ကို အနီ ခံနိုင်မှာမဟုတ်ဘူး။

အက်တာသိသည်။ ကိုဒေ နှိပ်စက်တာမခံနိုင်ရင် အနီ စာချုပ်မှာ လက်မှတ်ထိုးလိုက်မည်။

အနီ့လက်မှတ်သာရသွားရင် အက်တာတို့မောင်နှမ လက်ဝါး မောင်းခတ်နိုင်ပြီး မဟုတ်လား။

အဲဒီတော့ ဘယ်သူဘာလုပ်လို့ နိုင်မှာတဲ့လဲ။

စည်းဝိုင်း ရှင်လည်း အနီ့ရင်ခွင်ထဲ ဖောက်ထိုးကျလာစေ မယ်။ အက်တာက ရှင့်စည်းစိမ်ကော ရှင့်ကိုရော မက်တာရှင့်။

အမက်ဆုံးကတော့ ယောကျ်ားတကာတွေနဲ့မတူ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းနေတဲ့ ရှင့်ရဲ့ကိုယ်ရည်ကိုယ်သွေးကို ပိုပြီး မက်တာ ရှင့်။





ရှင်နဲ့သာပေါင်းရလို့တော့ အက်တာဘဝနဲ့အက်တာ နှလုံးသား အတွက် တကယ်ဖိမ်ပဲလေ။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ထိုး ထိုးစမ်းပါ"

အနှီဆံပင်တစ်အုံလုံးကို ဆုပ်ဆွဲရင်း လက်ထဲဘောပင်အတင်းထည့်၏။ ခေါင်းကိုလည်း စားပွဲပေါ်က စာချုပ်တွေ အနားရောက်တွန်းရွှေ့ထားရင်း အံခဲလျက် ဒေတာဆိုလေသည်။

အနီ နာကျင်နေတာကို မမှုတော့ပါ။ လက်ထဲထည့်ပေးတဲ့ ဘောပင်ကို ပစ်ချလိုက်သည်။

"ဟင် ကောင်မ"

စကားလုံးကြိမ်ကြိမ်နောက်မှာ လက်ဝါးတစ်ဖက်ပါကာ ဖြောင်းခနဲ မြည်အောင် အနီ့မျက်နှာလေးကို အုပ်ရိုက်၏။





"အား"

"မင်း အသားအနာမခံစမ်းပါနဲ့ အနီရယ်"

"အဟွန့်"

အသားအနာမခံနိုင်တဲ့ အနီ့နှလုံးသားထဲက ကျင်ခနဲခံစားလိုက်ရသည်။ နှုတ်ခမ်းမှလည်း သွေးပူတွေ စီးကျ၏။

"ထိုးစမ်းပါ၊ ထိုးလိုက်စမ်းပါ"

ဆံပင်ကို ဆင့်ကာဆင့်ကာ တုပ်ဆွဲရင်း လွှတ်ချလိုက်တဲ့ ဘောပင်ကို ကောက်ပေးကာ တရစပ် ပြောပြန်သည့် ဒေတာ။

ဒေတာလိုချင်နေတာ ဟောဒီ စားပွဲပေါ်ရှိနေတဲ့ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းဆိုတဲ့ စာချုပ်နှစ်ခုမှ အနီ လက်မှတ်ထိုးလိုက်ဖို့ပဲ၊

ဒီကောင်မက အသားအနာခံနေလေ ဒေတာ ပိုပြီးခံပြင်းလေ၊ ခံပြင်းစိတ်တွေ တင်းမခံနိုင်တဲ့အခုံး ဒေတာပြုချင်ရာ ပြုလိုက်မိသည်။

"လူယုတ်မာ၊ ရှင့်ကို တစ်သက်လုံး မယူဘူး။ အနီသေရင်သာ အသေခံလိုက်မယ်၊ အနီ့လက်မှတ် ရှင် ရမသွားစေရဘူး"

"တောက် အနီ"

ဒေတာ ဒေါသရှန်းကြွလာကာ အနီ့ရင်အုံကို ဆုပ်ဆွဲလှုပ်ယမ်းခါပစ်လိုက်သည်။

"ရှင် သတ်ချင်သတ်လိုက်ကိုဒေ၊ ရှင့်လက်ထဲ ရောက်နေတဲ့ အနီကို ရှင်သတ်ချင်သတ်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မသတ်ဘူး။ မင်းကိုငါသတ်လိုက်ရင် ငါ့သေတွင်း ငါတူးသလို ဖြစ်နေမှာပေါ့ အနီ၊ နင်ပဲ ခေါင်းမာနိုင်သလား၊ ငါပဲ ရက်စက်ပြနိုင်မလား စောင့်ကြည့်လိုက်အနီ"

အနီ့ရှေ့မှာ ခါးထောက်ရပ်လိုက်ပြီး ဘောင်းဘီခါးပတ်ကြိုးကို ဖြုတ်၏။ အနီ မော့ပြီးလည်းမကြည့်တော့ပါ။ ကိုဒေ ဘာလုပ်မလဲဆိုတာ အနီသိနေပါသည်။

လိုချင်တာမရလို့ နိုင်ထက်စီးနင်းပြုနေတဲ့ ကိုဒေရဲ့အလိုလောဘ ပြင်းထန်မှုတွေ‌နောက်မှ အနီ တစ်ကိုယ်လုံး ဖွတ်ဖွတ်ကြေနေပါပြီ။

မွေ့ချီခေါ်လာကတည်းက အနီဟာ လူသူနဲ့ဝေးလှတဲ့ ခြံဝင်း ကျယ်ထဲက ခပ်ဟောင်းဟောင်းတိုက်ထဲ ရောက်နေမှန်းသိလိုက်သည်။

အနီ ထွက်ပြေးဖို့ ကြိုးစားခွင့်လေး မရခဲ့ပါ။ အနီ့ကို မွေ့ဖက်ထားရင်း အပျော့ဆွဲနဲ့ စည်းရုံးတဲ့ကိုဒေ။

အနီ လက်ခံတော့ အကြမ်းဖက်ကာ အနီ့ကိုယ်လေးကို သိမ်း ပိုက်၏။ ခါးသီးဖွယ်အတွေ့က အနီရဲ့ ခွန်အားတွေကို ဝါးမျိုသွားခဲ့သည်။

အနီ့မှာ မျက်ရည်မှလွဲပြီး အခြားဘာမှ အားကိုးစရာမရှိတော့ ပါဘူး။ ဒီလောက် အတ္တကြီးပြီး လောဘမုန်တိုင်းတိုက်နေတဲ့သူမျိုးကို အနီ အရှုံးပေးခြင်းသာ။

နလုံးသားနဲ့ရင်းပြီး ခုခံနိုင်ဖို့ အနီ့မှာရှိသမျှ လက်ကျန်အားလေး နဲ့ ငြင်းဆန်နေခဲ့တာ ခုချိန်ထိ။





ဆံပင်ခွဲဆောင့်ကာ မျက်နှာကို အုပ်ရိုက်၊ ရင်အုံကို ဆွဲလှဲပြီး ကိုယ်ကို နာအောင်လုပ်တာတွေရဲ့နောက်မှာ အနီ့နှလုံးသားစွမ်းအားတွေ ပိုပြီး မာကျောနေခဲ့သည်။

ခုတစ်ခါ ခါးပတ်ကြိုးဖြုတ်ကာ တဝီဝီနဲ့ အနီ့ခေါင်းပေါ် လှည့် ဝတ် ခြိမ်းခြောက်နေတဲ့ ကိုဒေ။

"မင်းလက်မှတ်လေး ထိုးလိုက်စမ်းပါ၊ ထိုးစမ်းကွာ၊ မထိုးရင် ခင်းတစ်ကိုယ်လုံး စုတ်ပြတ်သွားအောင် ဟောဒီခါးပတ်နဲ့ ငါ ရိုက်ပစ် လိုက်မယ် အနီ"

"ရိုက် ရိုက်လိုက်ပါ ကိုဒေ"

"တောက် ဒီမိန်းမ၊ ဒီလောက်တောင် ခေါင်းကြောမာရသလား"

အခဲမကျေတဲ့ ပြောသံအဆုံးမှာ ခါးပတ်ကြိုးက အနီ့ကျောပေါ် ခြောင်းခနဲ ကျလာလေသည်။

အနီ့ကျောပြင်လေး ကော့ညွတ်ကာ နာကျင်တွန့်လိမ်သွားတဲ့ ကိုယ်နောက်မှာ မျက်ရည်တွေ ဝေါခနဲကျလာသည်။

"မထိုးနဲ့ဦးဟာ၊ ငါ့ကို အာခံဦး"

ဒီစကားလုံးတွေနောက်မှ ရိုက်ချက်တွေ။ အနီ ကိုယ်လေးကျုံ့ ကာ အနီ့ကိုယ်အနီ လက်ကလေးနဲ့ကာကွယ်ရင်း နှလုံးသားအင်အားနဲ့ ခံနေရမိတာလေ။ ဘယ်လောက်ကြာကြာ အနီ ခုခံနိုင်ပါ့မလဲ။

ကျွကြပါ စည်းရယ်၊ ကယ်ကြပါ သူငယ်ချင်းတို့ရယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းစကားတွေ တတွတ်တွတ် ရွတ်ရင်း ပျော့ခွေနေပါပြီ။

"ဟောဒီလက်, မင်းလက်တွေကို ဟောဒီလို ချီးလိုက်ပစ်လိုက်ရ မလား"

"အား"

"ပြော လိမ်ချိုးရမှာလား"

"အား ကျွတ် ကျွတ်"

ရိုက်လို့အားရတော့ အနီ့လက်တွေကို လိမ်ချိုးပြန်သည်။

"အား ကျိုး ကျိုး သွား ပါပေ၊ အား ကျွတ် အမေ အမေ ရေ အမေ"

နာကျင်နေတဲ့ဝေဒနာတွေမှာ အနီ အသည်းကွဲရင်ကွဲတော့မည်။ မိသည်က အားကိုရာရမယ့်သူများကိုလေ၊

"ကျိုးပါစေ ကိုဒေရယ်၊ အဲဒီ လက်တွေ ကျိုးသွားတော့လည်း အေးသွားတာပဲ၊ လက်မရှိတော့ရင် ရှင်ခိုင်းသမျှ ဘာမှ လုပ်ပေးစရာ မလိုတော့ဘူးလေ၊ လက်ကျိုးနေတဲ့ဘဝက အနီအတွက် ပိုပြီး လွတ်မြောက် တယ်၊ ဟင့် ဟင့် ဟင့်"

"တောက်"

ဘယ်လိုလုပ်လုပ် ခေါင်းကြေးမာနေတဲ့ ဒီမိန်းကလေး။ ခြောက် တာလည်း မကြောက်၊ နှိပ်စက်တာလည်း မမှု။

ဒီလက်ကြီးကျိုးနေလို့ကတော့ သူဖြစ်ချင်တာဖြစ်ခွင့်ရဖို့မလွယ်





တောက်။ လိမ်ချိုးထားတဲ့ လက်ကို လွှင့်ပစ်ရင်း ဘယ်နည်းနဲ့ ကိုင်တွယ် ရမလဲဆိုတာ စဉ်းစားမိသည်။

ထိုအခါ အတွေးကောင်းက ဒိုင်းခနဲ ဝင်လာတာမို့ တစ်ဖက် ခန်းထဲ ပြေးဝင်ကာ ဓာတ်ဆီပုံးကြီး ဆွဲထုတ်ခဲ့သည်။

"ဟင့် ဟင့် ဟင့်"

ဒီအကြံက ဒေတာရဲ့ နောက်ဆုံးအကြံ၊ မီးနဲ့တွေ့ရင် ဒီမိန်းမ ခေါင်းမာနိုင်မယ် မထင်။

"အနီ မင်းပဲ ခေါင်းမာနိုင်သလား၊ ငါပဲ ရက်စက်နိုင်သလား ကြည့်ကြသေးတာပေါ့၊ ဟင့် ဟင့် ဟင့်"

အနီနဲ့ စာချုပ်တင်ထားတဲ့ စားပွဲပတ်လည် ဓာတ်ဆီတွေ ဖျန်းလိုက်၏။

"ကိုဒေ"

အနီခေါ်သံနောက်မှာ ဓာတ်ဆီတွေက အနီ့ခေါင်းပေါ်မှ စီးကျ လာပြန်သည်။

"အနီ မင်း ဒီစည်းဝိုင်းထဲက လုံးဝမထွက်နဲ့၊ ထွက်တာနဲ့ ဟောဒီမှာကြည့်"

ဘောင်းဘီအိတ်ထဲက ဂတ်စ်မီးခြစ်ကို ချောက်ခနဲမြည်အောင် ခြစ်လိုက်လျှင် မီးတောက်က ရဲခနဲ တက်လာသည်။

အနီကိုယ်လေး တွန့်ခနဲဖြစ်ကာ ဒီတစ်ခါ အကြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့သွားသည်။

"ကဲ အဲဒီစာချုပ်မှာ လက်မှတ်ထိုးလိုက်"

စာချုပ်ပေါ် ဘောပင်လေးတင်ပေးရင်း ပြောသည်။ တစ်ဖက်

မီးခြစ်ကြီးနဲ့၊

အနီ ဘာဆက်လုပ်ရမလဲ။ ဟင့် ဟင့် ဟင့်။

အနီ ငိုချလျှင် –

"ထိုးလိုက်ပါအနီ၊ နင် ဒီလက်မှတ်လေးထိုးလိုက်တာနဲ့ ကောင်းကင်ဝါစံအိမ်ပေါ်မှာ ငါ့ဇနီးအဖြစ်နဲ့ နင် ချမ်းချမ်းသာသာ နေရမှာပါ။ နင် ခေါင်းမာခဲ့သမျှ လျှော့ချလိုက်ပါတော့။ လျှော့လိုက်တော့ အနီ။ နင်မလျှော့ရင် ငါ့ဘက်က ရှေ့တိုးမှာနော်၊ ဖြစ်ချင်ရာဖြစ်"

လိမ်ချိုးခံရလို့ နာကျင်နေတဲ့ လက်ကလေးတွေကို ကြည့်ရင်း အနီ့မျက်လုံးအစုံ ပြာမှောင်သွားသည်။

စားပွဲပေါ်က စာချုပ်နဲ့ဘောပင်က အနီ့မျက်လုံးထဲမှာ ကျား တစ်ကောင်ရဲ့မျက်လုံးလို ကြောက်မက်ဖွယ် ဖြစ်ကာ။

"ကဲ အနီ မြန်မြန်ထိုးလိုက်စမ်းပါ၊ ဟား ဟား ဟား"

မီးဆိုတဲ့အသိကြောင့် အနီကြောက်စိတ်တွေနဲ့ မလုပ်ရဲ မ ရဲလျက် ဒေတာကို အသနားခံတဲ့မျက်လုံးနဲ့ ကြည့်မိ၏။ ဒေတာ အောင်မြင်တော့မယ့်အသံဝါကြီးနဲ့ ရယ်မောလိုက်သည်။

"ဟား ဟား ဟား"





ရယ်ရင်းလည်း တစ်ခန်းလုံးအနှံ့ ဆီတွေဖျန်းတာကို လက်စ သတ်လိုက်သည်။ မီးခြစ်လေးတော့ ဆုပ်ကိုင်ထားဆဲနဲ့ ဒေတာ တံခါးနား ကပ်လာလိုက်သည်။

"နင့်ကို သုံးမိနစ်အချိန်ပေးမယ် အနီ။ သုံးမိနစ်ပြည့်လို့မှ နင် စာချုပ်ပေါ်မှာ နင်လက်မှတ်မထိုးရင် ဟောဒီမီးခြစ်လေးခြစ်လိုက် မှာပဲ"

ဒေတာက တံခါးလေး အသာဖွင့်ထားလိုက်သည်။

သုံးမိနစ်ပြည့်လို့မှ လက်မှတ်မထိုးသေးရင် မီးခြစ်လေးခြစ် ပြီး ပစ်ထည့်လိုက်။ သူက အခန်းပြင်ထွက်ပြီး ဟောဒီတံခါးကို ပိတ်ပစ် လိုက်။

အထဲမှာ မီးဟုန်းဟုန်းတောက်လျက် မီးတောက်တွေကြားမှာ အနီ့ဘဝလေး နတ်ပြည်လွင့်သွားရုံပေါ့။

ဒေတာ့အကြံနဲ့ဒေတာ။

ထိုအကြံကိုလည်း အနီသိသည်။

လက်မှတ်မထိုးရင်လည်း အနီ့ဘဝက လောင်ကျွမ်းမည်။ လက် မှတ်ထိုးလိုက်ရင်လည်း အနီ့ဘဝက ထိုမိသားစုရဲ့ လောဘမီးတွေကြားမှာ လောင်ကျွမ်းနေမည်။

လောင်ကျွမ်းတဲ့ဝေဒနာက အနီ့အတွက် အနီးအနားကပ်နေပြီ –



www.burmeseclassic.com

www.burmeseclassic.com



"တစ်မိနစ်"

အနီ မျက်လုံးထဲမှ မျက်ရည်တွေသာ လိုက်တက်လာသည်။

"နှစ်မိနစ်"

အနီ့လက်ကလေးတွေကို ပင့်ကာ စားပွဲဆီ ရွေ့လျားသွား၏။ ကြောက်စိတ်က တွန်းအားပေးနေသည်။

"ဟား ဟား ဟား"

ကိုဒေရဲ့ ရယ်သံချည်းကြီးက နောက်ဆုံးအထိ ခြောက်လှန့်၏။ သရဲသဘက်အော်သံကြီးနှယ်။

အနီ့လက်ကလေး ဘောပင်နား တရွေ့ရွေ့ရောက်ကာ ဘော ပင်နဲ့လက်ချောင်းလေး ထိတွေ့လျှင် –

"သုံးမိနစ်"

အနီ ဘောပင်ကို ဆုပ်ကိုင်လိုက်ပြီး လက်မှတ်ထိုးမယ့် စာရွက် ပေါ် ရောက်သွားလျှင် –

"ဟား ဟား ဟား"

အောင်မြင်နိုင်ညားသော ကိုဒေ့ရယ်မောသံ။ ထို့နောက်မှာ ဆက်တည်း ကြားလိုက်ရတာက –

"ဒေတာ"

စည်းရဲ့ခေါ်သံ ရင့်ရင့်ကြီး။ အနီ့တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ် သွားသလို ဒေတာ့ရယ်သံတွေ ရပ်သွားကာ ခေါ်သံနောက် ခေါင်းလှည့်





ကြည့်၏။

"စည်း"

ကားပေါ်က လွှားခနဲ ခုန်ဆင်းလာတဲ့စည်း။ မထင်မှတ်တဲ့ စာတ်ကွက်မျိုးမို့ ဒေတာ ရုတ်တရက် ကြောင်သွားသည်။

"ဒေတာ မင်းရဲ့ရက်စက်မှုတွေ ရပ်တန့်က ရပ်လိုက်တော့ ကွ"

အသံနဲ့အတူ ရှေ့ပြေးဝင်လာတဲ့စည်းကြောင့် ဒေတာ ချက်ချင်း အသိဝင်လာသည်။

ချက်ချင်း လက်ထဲကမီးခြစ်ကို ခြစ်၏။ မီးတောက် ရှဲခနဲ တောက်လျှင် –

"စည်း၊ မင်း လုံးဝရှေ့တိုးမလာနဲ့၊ မင်းရှေ့တိုးမလာနဲ့၊ မင်း ကောင်မ မီးလောင်တိုက်ထဲ ရောက်သွားစေရမယ်၊ တိုးမလာနဲ့"

"စည်းရယ်၊ တိုးမလာပါနဲ့၊ အနီ့ဘဝနဲ့အနီ ရှိပါစေတော့ ဟင့် ဟင့် ဟင့်"

စည်းခြေလှမ်းတွေ ချက်ချင်းရပ်တုံ့သွားရတဲ့အထိ အခြေအနေ က ဒေတာ့ဘက်မှာ အလေးသာနေသည်။

ဒေတာက တံခါးဝမှာ ပိတ်ရပ်ထားသလို အနီက ဓာတ်ဆီ နှန်းထားတဲ့အခန်းထဲမှာ စည်း ရှေ့တိုးလိုက်တာနဲ့ ဒေတာ့လက်ထဲက မီးက



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

စည်း အသိတရားတွေ ပြာနောက်သွားသည်။

"အနီ မင်းလက်မှတ် မြန်မြန်ထိုးလိုက်စမ်းပါ"

ဒေတာလိုချင်တာ အဲဒါပဲလေ၊

ဒါကိုပဲ အလေးသုံးဆယ် နှုံးဆော်လျက်။ လက်ထဲကမီးတောက်ကြီးက အရှိန်ကောင်းနေသည်။

"စည်း မြန်ပါတော့"

အနီ ဒါပဲအော်ဟစ်ပြောကာ ဒေတာ့စိတ်တိုင်းကျ စာချုပ်ပေါ် လက်မှတ်လေးထိုးလျှင် –

"ဒါမှ ငါ့အနီကွ၊ ဟော့ကောင် စည်း၊ မြင်တယ်မဟုတ်လား ငါ့အနီက ဟား ဟား ဟား"

ဒေတာ အားရဝမ်းသာနဲ့ အော်ဟစ်ခုန်ပေါက်ကာ အနီ့ပြေးသွားသည်က မီးခြစ်ကိုခြစ်ထားလျက်နဲ့၊

ခြစ်ထားတဲ့ မီးရှိန်က ကြာပြီမို့ ဒေတာလက်ကလေး ပူလာ ဒေတာ ယောင်ယမ်းလွှတ်ချမိလျှင် "ဟုန်း" ခနဲ တောက်လောင်သွား မီး။

"အနီ"

စည်း အလန့်တကြားအော်ဟစ်ရင်း မီးထဲ ပြေးဝင်သွား

"စည်း မလာနဲ့"





မတားပါနဲ့ အနီရယ်၊ သေတူတူ ရှင်တူတူ ဖြစ်ပါစေတော့။

"အနီ မောင့်ဆီပြေးလာခဲ့ အနီ"

တဟူးဟူး လောင်နေတဲ့ မီးညွန့်တွေကြားမှာ ဒေတာ သွေးရူး သွေးတန်းနဲ့ ထွက်ပေါ်ရှာနေမိသည်။ နှုတ်မှလည်း –

"အနီ စာချုပ် ငါ့ကိုပေး" လို့ အော်ဟစ်၏။

စည်းက အော်ဟစ်ခေါ်ရင်း၊ မီးလုံးကြီးနဲ့အတူ ပြေးလာတဲ့ အနီ့ကို ဝင်ဖက်ကာ အခန်းပြင် ဆွဲထုတ်ခဲ့သည်။

နှစ်ယောက်သား ကိုယ်မှာမီးတွေတဟူးဟူး တောက်လျက်။ စည်း ဘာကိုမှ မမှုတော့ပါ။ မီးတောက်လောင်နေတဲ့ အနီ့ကိုယ်ပေါ်က အဝတ်အစားတွေကို အရင်ဆွဲချွတ်ပစ်လိုက်သည်။

ပြီးတော့ သူ့အကျီကို ဆွဲလှဲချွတ်ကာ အနီကို ဆွဲပွေ့ပြီး ဘိုက်ရှေ့မျက်နှာစာက ရေကန်ကြီးထဲ ခုန်ချလိုက်၏။

"ဗွမ်း"

ပူလောင်မှုကနေ ချက်ချင်း အေးစက်တဲ့ အထိအတွေ့။

"အနီ အနီ စာချုပ် စာချုပ်"

သွေးရူးသွေးတန်း အော်ဟစ်နေတဲ့ ဒေတာအသံ၊ အခန်းကြီးက ဟုန်းဟုန်းတောက်လျက်။

မီးလုံးကြီးတစ်လုံးက အခန်းပြင် ပြေးလွှားထွက်လာသည်။ ဒေတာ။



www.burmeseclassic.com

www.burmeseclassic.com



"စည်း"

အနီ ကြောက်အားလန့်အားနဲ့ စည်းကိုပွေ့ဖက်ထားရင်း ပြော လာတဲ့ဒေတာကို လက်ညှိုးထိုးပြလိုက်သည်။

ဒေတာ့ကိုယ်ပေါ်က အဝတ်တွေ မီးစွဲနေပါသည်။

"အနီ စိတ်ကို ငြိမ်ငြိမ်ထား။ ဒီကန်ထဲမှာပဲနေနဲ့"

စည်း ဒါပဲပြောပြီး ရေကန်ထဲက ပြန်တက်၏။ ခြံထဲက ရေပိုက်ကြီးတစ်ခုကိုဆွဲပြီး ချက်ချင်း ရေပိုက်ဖွင့်ကာ ဒေတာကိုယ်ပေါ်က မီးတွေငြိမ်းပေးလိုက်သည်။

ဒေတာ သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်မယ်မသိဘွာ ထိတ်လန့်စိုင်း သာ ကြီးစိုးလျက် ပြေးလွှားရင်း အော်ဟစ်နေသည်။

"အနီ စာချုပ်" ဒါပဲဖြစ်လေသည်။

အခန်းထဲမှာတော့ မီးဟုန်းဟုန်းတောက်လျက်။

✿ ✿ ✿



## အခန်း (၃၄)

"ဟိုမှာ ဒေတာဆိုတာ အဲဒါပဲ"

တစ်ကိုယ်လုံး ရေတွေ ရွှဲနစ်လျက်။

ကမ္ဘာရှုးထိုး ပြေးထွက်လာတဲ့ဒေတာကို သီတာ လက်ညှိုးထိုးပြ လိုက်သည်။ ထိုအခါ ကားလေးရပ်သွားကာ စခန်းမှူးဆင်းလာပြီး ဒေတာ ကို လက်ထိတ်ခတ်လိုက်လေသည်။

"အနီကော"

"စည်း စည်း ဘယ်မှာလဲ"

ကားပေါ်ပါလာတဲ့ ဒေါ်အိရွှေစင်၊ ပန်းသူဇာ၊ သီတာနဲ့ အ[?]ဒီ တနှစ်ပါ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရဲသားတွေပါမကျန်။ မီးလောက်

www.burmeseclassic.com



နေတဲ့ အိမ်ကြီးဆီ ပြေးသွား၏။

"အနီ"

သီတာတို့ အော်ခေါ်သံလေးတွေနောက်မှာ အနီ မထူးရဲတော့ပါ။ ရေထဲမှာ မေးဖျားလေးဖုံးအထိ ကိုယ်လေးပုထားမိသည်။

စည်းက ရေပိုက်ကြီးပစ်ချပြီး ပြော၏။

"အနီရှိတယ် သီတာ"

"ဟင် ဘယ် ဘယ်မှာလဲ"

ရေကန်ထဲ မျက်ရိပ်လေးနဲ့ပြသည်။ ရဲသားတွေက မီးငြိမ်းဖို့ မီးတပ်ကို ချက်ချင်းအကြောင်းကြားကာ။

"သား"

သားကို အကောင်းပကတိမြင်ရသည်မို့ ဒေါ်အိရွှေစင် ဝမ်းသာသွားသည်။

"သားရယ်၊ မာမီဖြင့် စိတ်ပူသွားတာပဲ၊ အနီ့မိဘတွေလည်း ပါတယ်"

"အနီလည်း ဘာမှမဖြစ်ပါဘူး"

စည်း ဒါပဲပြောပြီး အနီ့ဘက် တစ်ချက်ငဲ့ကြည့်လိုက်သည်။ အနီက ရေထဲမှာ။ သီတာနဲ့သူစာက ရေကန်ထဲကအနီ့ကို ဆွဲခေါ်ကြ၏။

ဟင့်အင်း။ အနီ ခေါင်းတယမ်းယမ်းရှောင်သည်။ ရှောင်နေတာ အကြောင်းမဲ့မဟုတ်မှန်း စည်းသိသည်။ စည်းခါးမှာ ပေါင်တစ်ဝက် ရှိ။





တဲ့ ဘောင်းဘီတိုလေးရှိနေပေမယ့် အနီ့ကိုယ်ပေါ်မှာက နတ္ထိ။ အနီ့ဆီ အနီ့မိဘနဲ့အတူ မာမီ ပြေးသွားမလို့မြင်လျှင် စည်းလက်က မာမီ့ကိုယ်ပေါ်မှ ပဝါရှည်ကြီးကို ဆွဲယူလိုက်သည်။

"ဘာ ဘာလုပ်ဖို့လဲ သား"

စည်း ဘာမှမပြောတော့ပါ။ မာမီက မြန်မာဆန်ဆန် ဝတ်စားတတ်သလို မြန်မာဝတ်စုံနဲ့ လိုက်ဖက်စွာ ဖက်ရှင်ကျအောင် ပဝါလှလှတွေကို ကိုယ်ပေါ် ခွံခွံညားညား ပတ်ခြုံလေ့ရှိသည် မဟုတ်လား။ ခုတော့ မာမီ့ ပခုံးထက်က ပဝါက အနီ့အရှက်လုံဖို့ ဖြစ်လေသည်။ အနီ့ဆီသွားပြီး ပဝါလေးပေးကာ စည်း ကျောခိုင်းထွက်ခဲ့လေသည်။ ဒီတော့မှ အားလုံး သဘောပေါက်ကာ အနီ့ကို ရေကန်ထဲက ဆွဲထုတ်၍ ပဝါရှည်ကြီးနဲ့ အရှက်လုံအောင် ပတ်လိုက်ကြသည်။

ရှိသားသော အနီ့မိဘများ သမီးဖြစ်အင်ကို မြင်ပြီးမျက်ရည်တွေ တသောသော ကျရှာသည်။

"သမီးလေး ဖြစ်မှဖြစ်ရတယ်ကွယ်"

"အနီ့ရယ် မသေကောင်းမပျောက်ကောင်းပါလားကွယ်"

သူစာလည်း ရင်ကျိုးမတတ် ထိခိုက်ခံရရှာပြောရှာသည်။ အနီမှာ ကြောက်၍ထိတ်လန့်တာတွေနဲ့ ကတုန်ကယင် ဖြစ်လျက်။

"လာ လာ သမီး၊ ကားပေါ်သွားရအောင်"

ဒေါ်အိရွှေစင် အနီ့ပခုံးလေးကို ကြင်နာစွာဖက်ကာ စည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာတဲ့ကားပေါ် ခေါ်တင်လိုက်သည်။

"အားလုံး သားကားပေါ်ပဲတက်ကြတော့"

ဆိုင်ရာလူကြီးက မီးငြိမ်းသတ်လျက် ရှိသည်။ စခန်းမှူးက ဒေတာကို တာဝန်အရ ဖမ်းခေါ်သွားလေသည်။

အဲဒီနောက် စည်းက စည်းကားလေးကို ကိုယ်တိုင်ပဲမောင်း ကာ။

✿ ✿ ✿



## အခန်း (၃၅)

Yellow Sky

ကောင်းကင်ဝါစံအိမ်နဲ့ ခြေလှမ်းတွေ တရိပ်ရိပ် ဝေးခဲ့ရပေမယ့် လောဘ သံယောဇဉ်မပြတ်နိုင်စွာ ဒေါ်ဝါဝါရှိန် အနောက်ဘက် လှည့် ကြည့် လှည့်ကြည့်နဲ့ မျက်ရည်တွေ ကျလို့နေသည်။

"ဒီနေ့ ဒီအချိန်ကစပြီး ကျွန်မသားရဲ့ ပြောရေးဆိုခွင့်အားလုံး ကို ကျွန်မပဲ ဦးဆောင်သွားမှာပါ၊ ဒါကြောင့် ပိုင်ဆိုင်မှု ဘာအထောက် အထားမှမရှိတဲ့ ရှင်တို့သားအမိ ခုချက်ချင်း ဟောဒီစံအိမ်ထဲက ထွက် သွားပါ၊ မထွက်ရင် ဟောဒီမှာ ရှေ့နေရှေ့ရပ်ရော, ရပ်ကွက်လူကြီးရော, ဆိုင်ရာပုဂ္ဂိုလ်တွေ ရှင်တို့ကို စီရင်တာခံတော့ ဒေါ်ဝါဝါရှိန်"



www.burmeseclassic.com

www.burmeseclassic.com



လူချင်း ဘယ်တုန်းကမှ မျက်နှာချင်းဆိုင်မဖြစ်ခဲ့တဲ့ ဒေါ်အိရွှေစင်နဲ့ သူမ။ ခုတော့ တာဝန်ရှိလူကြီးတွေရှေ့မှာ လက်ညှိုးငေါက်ငေါက်ထိုးနှင်ချနေတဲ့ အဖြစ်။

ဒေါ်ဝါဝါရှိန် ရှက်တာတွေနဲ့ မျက်နှာကို ဘယ်သွားထားရမှန်းမသိတော့ပါ။ လူကြီးတွေကလည်း –

"ဒေါ်ဝါဝါရှိန် စဉ်းစားပါဗျာ၊ တရားတဘောင်နဲ့ ရင်ဆိုင်မလားဒါမှမဟုတ်"

"တော် တော်ပါတော့ရှင်"

ဒေါ်ဝါဝါရှိန် အရှက်သည်းစွာ ဆောက်တည်ရာမရပြောရင်းကိုယ့်အဝတ်ကိုယ် အိတ်ထဲကောက်ထည့်မိသည်။ သမီးကလည်း သူမလုပ်သလို လိုက်လုပ်ကာ သမီးနဲ့မအေ အဝတ်အိတ်ကိုယ်စီဆွဲရင်း ထွက်ခဲ့ရတဲ့အဖြစ်။ လှည့်ကြည့်လို့ ကောင်းကင်ဝါစံအိမ်ကိုမြင်လေ ဒေါ်အိရွှေစင် စကားသံတွေ ပဲ့တင်ထပ်လေ၊

"ရှေ့ဆက်ပြီး ကျွန်မသားတစ်ခုခုဖြစ်အောင် ရှင် ကြံစည်ရဲရင်ကြံစည်ကြည့် ရှိန်၊ အိရွှေစင်အကြောင်း သိသွားစေရမယ်"

ဒေါ်ဝါဝါရှိန် မျက်ရည်တွေ စို့လာသည်။

"အိရွှေစင်ဆိုတဲ့မိန်းမဟာ လင်မမက်သလို လင်ပိုင်တဲ့ပစ္စည်းကိုလည်း မမက်ခဲ့ဘူး။ ကျွန်မ,မက်ခဲ့တာ ကျွန်မသားလေး မိတစ်ကွဲဖတစ်ကွဲ မဖြစ်စေဖို့ ကျွန်မလင်ဆန္ဒအတိုင်း ကျွန်မသည်းခံလာတာ





ကျွန်မသားအတွက်ပဲ၊ အခု ကျွန်မလင်လည်းမရှိတော့ဘူး။ ဘာကိုမှလည်းငဲ့စရာမလိုတော့ဘူး၊ ဒါကြောင့် ရှင်တိုလမ်း ရှင်တို့ကြွပေတော့"

"ဟင့် ဟင့် ဟင့်"

ဒေါ်ဝါဝါရှိန် ထိထိခိုက်ခိုက် ရှိုက်မိသလို သမီးကလည်းမအေကို ဖက်၍ ငိုချသည်။

"အေး တစ်ခုတော့ရှိတယ်၊ ရှင့်လင်တော်မောင်က ကျွန်မကိုခြေထောက်မကိုင်ရုံတမယ် လာတောင်းပန်းတဲ့အတွက် ရှင်တို့သားအမိကောက်ကျစ်တဲ့လုပ်ရပ်တွေနောက်က ဖြစ်လာမယ့် အမှုအခင်းကိုကြေအေးပေးလိုက်မယ်၊ ဒါနောက်ဆုံးအကြိမ် လိုက်လျှောခြင်းလို့ မှတ်လိုက်ပါ။ ရှေ့ဆက် ရှင်တို့ကြံစည်လာရင် ဥပဒေအတိုင်း ခံရုံမှ၊ ဒါတင်မက အနိုလေးကိုလည်းထိပါးကြည့်။ အိရွှေစင်တဲ့ မီးပွင့်သွားစေ မယ် မမရှိန်"

"ဟင့် ဟင့် ဟင့်"

သမီးနဲ့မအေရဲ့ ငိုရှိုက်သံတွေဟာ သူတို့မျှော်လင့်ချက်ကြီးနဲ့အပြိုင် မျက်ရည်များကြား မျောပါသွားပြီထင်။

သူတို့မျှော်မှန်းတာ ကောင်းကင်ဝါစံအိမ်မှာ ရာသက်ပန် စံနန်းစံခွင့်ရစေဖို့။ ခုတော့၊ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"မှန်ချည်းပဲ ကြည့်နေပါလား"

မျက်နှာနဲ့ကိုယ်လက်တွေပေါ်မှာ မီးလောင်ရာတွေ ရှိနေတယ် မဟုတ်လား။ ထိုဒဏ်ရာတွေမှာ ဆေးတွေလိမ်းရင်း တစ်နေ့တခြား သက်သာလာတာကို အရိပ်တကြည့်ကြည့် ကြည့်နေမိတဲ့ အနီလေး။

သူဇာက မှန်ကြည့်တာမြင်တာနဲ့ ထိုသို့ပြောခြင်း။ အနီလေး မှန်ရှေ့က အကြည့်ရုပ်၏။

အခန်းထဲဝင်လာတဲ့သူဇာကိုကြည့်ပြီး –

"ဒဏ်ရာတွေ အတော်သက်သာသွားပြီ သူဇာရဲ့ အဲဒါကြည့်နေတာ"





"ကြည့်မနေပါနဲ့ရှင်ရယ်၊ စည်းက ဆေးကောင်းကောင်းတွေနဲ့ အရိပ်တကြည့်ကြည့် ပြုစုနေတာ၊ မသက်သာဘဲ နေမတဲ့လား"

"ရှူးတိုးတိုး ပြောစမ်းပါ၊ တော်ကြာကြားသွားရင်"

"အံမယ်နှမ"

"ဟုတ်တယ်လေ"

"ကြားနိုင်ပေါင်တော်၊ စည်းနေတာက မြို့ထဲမှာ၊ ရှင်နေတာက မြို့ပြင် မိုင်ချီဝေးပါတယ် ဟယ်"

"ဟွန်း၊ သူ့ဇာကိုပြောလိုက်ရင် ဒါချည်းပဲ"

"ဒါချည်းပဲမို့ ဒါချည်းပဲပြောတာပေါ့ သူငယ်ချင်းမရဲ့၊ ရှင့် ကိုယ်ပေါ်မှာ မီးလောင်ဒဏ်ရာ မှည့်တစ်ပေါက်စာတောင် မရှိရအောင် ဆိုပြီး စည်းတို့သားအမိ ရှင့်ကို ပါရဂူနဲ့တောင် ခေါ်ပြပြီး ဆေးကုတာ လေ ယောက်မရဲ့"

"ဒါက အနီကို စာနာလို့ပါဟယ်"

"ဟုတ်ပါ့ အနီကိုစာနာလို့ပေါ့၊ အဲဒီ စာနာမှုကလည်း တစ် သက်လုံးအတွက်ပဲလေ၊ လာ လာ နားထောင်"

ပြောရင်းဆိုရင်း သူဇာက အနီ့လက်ကလေးကို ဆွဲခေါ်သည်။ ထိုအခါ အနီ တရွတ်တိုက်ပါလာသည်။ အိမ်မကြီးဘက် ခြေလှမ်းရှိ သေး အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်နေတဲ့ ဒေါ်အိရွှေစင်နဲ့ ဖေဖေ၊ မေမေ

"ခင်လေးကတော့ ဘယ်လိုမှ မပြောတတ်တော့ပါဘူး အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရယ်၊ အစ်မကြီးစီစဉ်သမျှက ကျွန်မတို့လင်မယားအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရတာချည်းပါပဲကွယ်၊ ဟင့် ဟင့် ဟင့်"

မေမေက ပြောရင်း ဝမ်းနည်းဝမ်းသာ ငိုနေသည်။ ဖေဖေက ခေါင်းလေးညိတ်ရင်း –

"ကျွန်တော့်သမီးလေးအပေါ် အစ်မကြီး ဒီလိုသဘောထားနိုင်တာ မယုံနိုင်အောင်ပါပဲဗျာ၊ ဝမ်းသာတယ်ဆိုတာထက်ပိုပါတယ်ဗျာ"

"ကျွန်မလည်း ဝမ်းသာပါတယ်၊ ကျွန်မသားက အနီလေးဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ တစ်သက်လုံး မြတ်မြတ်နိုးနိုး ပေါင်းပါ့မယ်တဲ့လေ၊ သားမြတ်နိုးနေမှတော့ ကျွန်မကလည်း သားနဲ့ထပ်တူ မြတ်နိုးနိုင်ရမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သမီးလေးမှာ လောဘစိတ် မရှိလို့တဲ့၊ ပြီးတော့ ဖြူစင်တဲ့ စိတ်ထားလည်းရှိတယ်လေ၊ ဒါကြောင့် ကျွန်မ ဖွင့်ပြောရတာပါ၊ သားဆန္ဒအတိုင်း မိခင်တစ်ယောက်အနေနဲ့ သားနဲ့သမီး ကို အမြန်ဆုံး စီစဉ်ပေးချင်ပါတယ်လို့ သမီးမိဘများမှာ ခွင့်တောင်းတာပါ"

ဒေါ်အိရွှေစင် စကားအဆုံးမှာ အနီ့မေမေနဲ့ ဖေဖေ ဝမ်းသာအားရ ငိုချလေသည်။

"ဟင့် ဟင့် ဟင့်"

"ဟင့် ဟင့် ဟင့်"

"အို ဒါ ငိုစရာမှ မဟုတ်တာ မခင်လေးရယ်၊ ကိုမောင်မောင်ကလည်း ယောကျ်ားတန်မဲ့ ငိုနေရတယ်လေ၊ ကဲပါ ကျွန်မတို့ စီစဉ်





ရာရှိတာ စီစဉ်ကြရအောင်နော်"

"အစ်မကြီး သဘောအတိုင်းပါ"

မေမေနဲ့ဖေဖေ ပြုံးတူပြောလျှင် ဒေါ်အိရွှေစင် အတိုင်းမသိ ရွှင်လန်းသွားသည်။ ပြီးတော့ အိမ်လေးထဲငေ့ကြည့်ရင်း တစ်ဆက်တည်း မေးပါ၏။

"သမီးလေးကော"

"ရှိ ရှိပါတယ်ရှင့်"

"ရှိပါတယ်ဗျာ"

မေမေနဲ့ဖေဖေ ပြောသည်က ပြိုင်တူ။ ခေါ်သည်ကလည်း ပြိုင်တူ။

"သမီး"

"အနီ"

သူဇာက လက်ဆွဲခေါ်ထုတ်လျှင် အနီမျက်နှာလေး မထားဆတ်အောင် ရှက်သွားလေသည်။

"ဟင့်အင်း။ အနီ ရှက်တယ်၊ ပြီးတော့ အန်တီ့ကိုလည်း အားနာတယ်"

ဒါပဲပြောပြီး သူဇာ့လက်ကို မလုံမလဲ ဖယ်ချရင်း အခန်းလေးထဲ ပြေးဝင်ခဲ့မိသည်။

ဖြစ်ရမယ်လို့ သူဇာ ကြည်နူးစွာ ရေရွတ်၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အနီမှာ ရှက်တာနဲ့ ရင်မဆိုင်ရဲတာတွေက တစ်ဆင့် ရင်တဒိုင်းဒိုင်းခုန်ကာ စည်းရယ် အနီကိုယ်နဲ့အနီနုလုံးသားကို မြတ်နိုးသတဲ့လားကွယ်၊

✿ ✿ ✿



## အခန်း (၃၅)

ဆင်စွယ်နုစ်ရောင် မင်္ဂလာဂါဝန်လေးနဲ့ ဝါဝင်းသော အနီအသားအရည် လိုက်ဖက်စွာ။ စိန်ထည်တွေချည်း ဆင်ထားတဲ့ အနီကိုယ်လေးဟာ ပြိုးပြိုးပြက်ပြက် အရောင်လေးများထွက်လျက်။

ခုနစ်ဆောင်တိုက်ခန်းကို လင်းချင်းသွားစေတဲ့ ပပဝတီ အလှမေ့ရားလေးနဲ့ မခြား အရောင်တဖိတ်ဖိတ် လျှံနေကာ။ သူငယ်ချင်းတွေတောင် အနီလေးကိုကြည့်ပြီး ရှုမဝ၊ ငေးမဝ ဖြစ်ကုန်သည်။

"ကြည့်စမ်း။ လှလိုက်တာ စက်စက်ယိုဆိုတာ ဒါမျိုးကိုပြောတာဖြစ်မယ်"

"အသေအချာပေါ့ သူ့ဇာရဲ့"

သီတာက ထောက်ခံနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ အနီ့စည်းဝိုင်းကြီးတော့ အနီ့ကို မြင်ရင် မျက်လုံးအစုံ ကျွတ်ကျအောင် ကြည့်တော့မှာ မြင်ယောင်သေး"

မစုကလည်း အားကျမခံ ဝင်ပြောလျှင် အနီ ရက်စိတ်ကလေး နဲ့ အနားမှာရှိနေတဲ့ သူဇာ့ပခုံးကို ထုဏ်။

"ဟဲ့ ကောင်မလေးတွေ ပြီးကြပြီလား"

မေမေနဲ့ဖေဖေကိုလည်း ဖျူတီပါလာမှာ အလှဆုံးဖြစ်အောင် ပြင်ဆင်ပေးပြီးတာနဲ့ ဒေါ်အိရွှေစင် သတို့သမီးပြင်တဲ့အခန်းထဲ ဝင်လာ ရင်း မေးဏ်။

"ပြီးပြီအန်တီအိရဲ့၊ အလှပြင်ဆရာမတောင် ပြန်သွားပြီလေ သူဇာတို့က ကြည့်မဝဖြစ်နေကြတာ"

"အံမယ် အန်တီ့သားကြည့်ဖို့လည်း ချန်ထားပါဦးကွယ်"

အန်တီအိ ပြောလျှင် သူဇာတို့အားလုံး ပခုံးလေးတွေ ပင့်ကာ သဘောတကျ ဖြစ်ကုန်သည်။ အန်တီအိကလည်း အနီ့တစ်ကိုယ်လုံးကို ခြေဖွန်းခေါင်းဖျားကြည့်ပြီး သဘောကျသွားသည်။

သူမချွေးမဟာ အပျိုစင်လေးနဲ့မခြားသလို သူမ ခံစားရသည်မို့

"ဒါမှ အန်တီ့ချွေးမစစ်စစ်၊ ကဲ သမီးလည်း အဆင်သင့် ဖြစ်ပြီဆိုတော့လေ"

ဒေါ်အိရွှေစင် သတို့သမီးလက်ကို တယုတယ ဆွဲခေါ်သွား သည်။ အနီလည်း ရှေရင်လေးအခုန်မြန်စွာ အန်တီ့နောက်က လိုက်ခဲ့





ခဲ့ရသည်။ သူငယ်ချင်းတွေလက်ကိုလည်း အနီ မလွှတ်တမ်း ဆွဲထား သေးသည်။

"သားရေ ဒီမှာ သမီးလေး အဆင်သင့်ဖြစ်နေပြီ။ သမီးကို သားခေါ်လာခဲ့။ မာမီတို့ ရှေ့သွားနှင့်မယ်"

စေ့ပိတ်ထားတဲ့အခန်းဝမှာရပ်ရင်း အခန်းတံခါး ဖွဖွထုပြီး ဒေါ်အိရွှေစင် ပြောဏ်။ ပြောပြီးသည်နှင့် အနီ့လက်လေးကို ဖြုတ်ချကာ။ သီတာ၊ သူဇာနဲ့မစုတို့သုံးယောက်ကို ဆွဲခေါ်သွားလေသည်။ အခန်းဝမှာ အနီတစ်ယောက်တည်း သူငယ်ချင်းတွေ ရှိမနေတော့ အားငယ်သလိုလို။

ဒီလိုမျိုး မင်္ဂလာမှ မဆောင်ဖူးတာ။ အနီရင်ခုန်ကာ စိတ်လှုပ် ရှားနေမိသည်။ ထိုစဉ် အခန်းတံခါးလေးပွင့်လာပြီး နှံသာရောင် အနောက် တိုင်း ဝတ်စုံနဲ့ စမတ်ကျနေတဲ့ စည်းရယ်။

"မောင့်အနီလေးက တအားလှတာပဲ"

အနီ့တစ်ကိုယ်လုံးကို ချစ်မြတ်နိုးစွာ ငြိုကြည့်ရင်းပြောကာ–

"မောင်ကလည်း အနီ့ကို ခံစားရအောင် ပြောနေပြန်ပြီ"

"ဟွန်း ခံစားရအောင် ဟုတ်လား၊ အနီ့ကို ခံစားရအောင် ပြောတာဆိုရင် ချစ်တဲ့စိတ်နဲ့ပဲ အနီရဲ့၊ အနီက မောင့်ဘဝ မောင့်နှလုံး သားအတွက် အစင်ကြယ်ဆုံးပန်းလေးပဲ၊ စင်ကြယ်တဲ့ပန်းကလေးမို့ မောင် တော့ဒီလို ပွေ့ပိုက်ချင်တာလေ၊ တစ်သက်လုံးအတွက်"

ပြောရင်း အနီ့ကို ပွေ့ဖက်ကာ ရင်ခွင်နွေးထဲထည့်ထားတော့

www.burmeseclassic.com



မောင်ရယ်၊ အနီ ဝမ်းသာရမှာလား။ ဝမ်းနည်းရမှာလားကွယ်၊ မောင့်ကို မော့ကြည့်မိတဲ့အနီ့မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းသွားတာမို့။

“အနီ၊ မောင့်ကိုချစ်တယ် မဟုတ်လား”

“ချစ်တာထက် ပိုပါတယ် မောင်ရယ်”

“အဲဒါဆို အစွမ်းကုန်ကြည့်နေးလိုက်”

“ဘာဖြစ်လို့”

“အနီ့ကို မင်္ဂလာဦးအနမ်းလေး ပေးမလို့”

“ဟာ မောင်နော်”

အနီ ရှက်ရှိုပ်လေးနဲ့ရှောင်မိ၏။ မောင်က အလွှတ်မပေး။ မြင် နီးတဲ့သင်္ကေတလေးနဲ့ အနီ့ပါးမို့လေးကို ဖွဖွမွှေး၏။ ထိုအခါ အနီ့ပါးမို့လေး နွေးခနဲဖြစ်ကာ တစ်ကိုယ်လုံးအနှံ့ လိုက်ဖြာကြည့်နေးသွားတဲ့အထိ အချစ် စွမ်းအားတွေ ပြည့်သိပ်နေမှန်း အနီ့နှလုံးသားမှ ခံစားသိရှိသွားလေသည်။

“လာ အနီ”

အနီ လက်ကလေးတစ်ဖက်ကို တွဲချိတ်ကာ မောင် ဦးဆောင် ခေါ်သွားသည့် မင်္ဂလာအပေါင်းနဲ့ ငြိမ့်ညောင်းနေတဲ့ ဧည့်ခန်းမဆီ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

ဝိန်းကလေး

အမှတ် ၄၅ (B)၊ ၆–လွှာ၊ ဦးလွန်းလမ်း
အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉၄၄၉၂၅၁၄၁၇